# ပထမအကြိမ်ပြည်သူ့လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## ၂၀ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

၁၉-၉-၂၀၁၁

**အချိန် ၊၁၀ ႏ ၀၀။**

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ အစည်းအဝေး မစတင်မီမှာ တင်ပြရန်အနည်းငယ်ရှိပါတယ်။ အကြောင်းအရာကတော့ လွန်ခဲ့တဲ့ ပြီးခဲ့တဲ့ ၁၆ ရက် နေ့မှာ ကိုယ်စားလှယ်ကြီးများထံဖြန့်ဝေပေးထားတဲ့ လယ်ယာမြေဥပဒေကြမ်းနဲ့ပတ်သက်လို့ ပြင်ဆင်ရန်စိစစ် ချက်ဇယားမှာ ပြင်ဆင်ရန်အချက်လေးများကို အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျား။ စာမျက်နှာ ၂ ၊ အမှတ်စဥ် ၂ မှာ အကြောင်းအရာအားလုံးကတော့ အသုံးချခွင့်ဆိုတဲ့စကားရပ်ကို လုပ်ပိုင်ခွင့်ဟူသော စကားရပ်နဲ့ အားလုံးကိုပြင်ဆင်ဖို့ဖြစ်ပါတယ်။ အဲဒီအထဲမှာ အမှတ်စဥ် ၄ (က)လို့ပါနေတဲ့အကြောင်းအရာ ဟာ ၄(က)က သီးသန့်ဖြစ်တဲ့အတွက် အဲဒီ ၄(က)အကြောင်းအရာကို ပယ်ဖျက်ပေးဖို့ဖြစ်ပါတယ်။ နောက် တစ်ခုကတော့ စာမျက်နှာ ၈၊ အမှတ်စဥ် ၁၅ ကို အမှတ်စဥ် ၁၇ အဖြစ် ပြင်ဆင်ဖို့ဖြစ်ပါတယ်။ နောက်တစ်ခါ စာမျက်နှာ ၉ မှာပါရှိတဲ့ အမှတ်စဥ် ၁၆ ဟာ စောစောကတင်ပြပါ အမှတ်စဥ် ၁၇ လို့ ပြင်ဆင်တဲ့ အချက်နဲ့အတူတူပဲဖြစ်တဲ့အတွက် စာမျက်နှာ ၉ မှာပါရှိတဲ့ အမှတ်စဥ် ၁၆ ရယ် အမှတ်စဥ် ၂၀ ရယ်ကို ပယ်ဖျက်ဖို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ မူလက အမှတ်စဥ် ၁၇ ဟာ အမှတ်စဥ် ၁၈ ဖြစ်ပါတယ်။ မူလအမှတ်စဥ် ၁၈ ဟာ အမှတ်စဥ် ၁၅ ဖြစ်ပါမယ်ခင်ဗျား။ နောက်မူလအမှတ်စဥ် ၁၉ ဟာ အမှတ်စဥ် ၁၆ ဖြစ်ပါမယ်ခင်ဗျား။ အဲဒီလိုပြင်ဆင်လိုက်တဲ့အတွက် စာမျက်နှာ ၁၀ ကနေ အမှတ်စဥ် ၂၁ က စပြီးတော့ နောက်ဆုံးစာမျက်နှာထိအောင် အမှတ်စဥ်က ၂ ခုစီလျော့သွားမယ့် အနေအထားဖြစ်ပါတယ်။ စုစုပေါင်း မူလ အမှတ်စဥ် ၆၂ ရှိရာကနေ အမှတ်စဥ် ၆၀ ပဲ ဖြစ်သွားမယ့် အနေအထားဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ စာမျက်နှာ ၁၂ မှာရှိတဲ့ မူလအမှတ်စဥ် ၃၂ နဲ့ စာမျက်နှာ ၁၃ မှာရှိတဲ့ မူလ အမှတ်စဥ် ၃၃ တို့ကို မူလအမှတ်စဥ် ၃၃ အစား ၃၂ ၊ မူလအမှတ်စဥ် ၃၂ အစား ၃၃ ၊ အပေါ်အောက် ပြောင်းလဲဖို့ ဖြစ်ပါတယ်ခင်ဗျား။ စာမျက်နှာ ၁၂ မှာပါရှိတဲ့ မူလအမှတ်စဥ် ၃၂ ဟာ ၃၃ အနေနဲ့

ဖြစ်ပြီးတော့ စာမျက်နှာ ၁၃ မှာပါရှိတဲ့ မူလအမှတ်စဉ် ၃၃ ဟာ အမှတ်စဉ် ၃၂ လို့ ပြင်ဆင်ပါတယ် ခင်ဗျား။ အဲဒီအမှတ်စဉ်ဟာ မူလအမှတ်စဉ်ပြောတာဖြစ်ပါတယ်။ နောက်ဆုံး ပြန်ပြီးပြင်ဆင်တဲ့အမှတ်စဉ် အရပြောရင်တော့ ၃၃ ဟာ မူလအမှတ်စဉ် ၃၀ ဖြစ်သွားပြီးတော့မှ ၃၂ ဟာ မူလလက်ရှိ နောက်ဆုံး ပြင်ဆင်တဲ့အမှတ်စဉ်ဆို ၃၁ ဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကတော့ ၂ ခုစီလျော့သွားတဲ့ အနေအထားနဲ့ ပြင်ဆင်တာဖြစ်ပါတယ်။ ကျန်တဲ့ စာမျက်နှာ ၁၀ ကနေ ၂၂ ကြားမှာတော့ အဲဒီတစ်ခု ပြောင်းလဲမှုကလွဲလို့ ကျန်တဲ့အစဉ်လိုက်ကတော့ ပြောင်းလဲမှုမရှိပါဘူးခင်ဗျား။ ရှေ့မှာ အမှတ်စဉ် ၂ ခု ပယ်ဖျက်လိုက်တဲ့ အတွက် ၂ ခုစီလျော့သွားတဲ့ အနေအထားပဲဖြစ်ပါတယ်။ ကျန်တဲ့အကြောင်းအရာပိုင်းမှာတော့ သီးခြား ပြောင်းလဲမှုမရှိပါဘူးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၀ ရက် မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝင်းသိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဟာ

ကျန်းမာရေးမကောင်းတဲ့အတွက် ဒီကနေ့ ၁၉-၉-၂၀၁၁ ရက်နေ့ တစ်ရက်အား ခွင့်ရက်အဖြစ်သတ်မှတ် ပေးနိုင်ပါရန် ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်အနေနဲ့ လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်းဟာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ၁၃-၉-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၂/၇ ကပ/ပခ-၁/ကမရ-၁နဲ့ စုံစမ်းစစ်ဆေးမှုအမှတ် ၄ ဖြင့် စစ်ဆေးနေတဲ့အမှုတွဲအား ယနေ့ရုံးထိုင်၍ ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း အကြောင်းကြားလာ ပါသဖြင့် ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ပျက်ကွက်မှုအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးတင်ထွန်းရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ကျွန်တော် ဦးဉာဏ်ဆွေဝင်းက ကိုယ်စားပြုခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်မြင့် (ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည်သည် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ယနေ့ ၁၉-၉-၂၀၁၁ ရက်နေ့ တစ်ရက် ခွင့်တစ်ရက်ပေး ပါရန် ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်ရဲ့ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ်မှ ကွန်ဟိန်းမဲဆန္ဒနယ်၊ ဒေါ်နန်းဝါနုသည် နေမကောင်းသေးပါသဖြင့် ယနေ့ ၁၉-၉-၂၀၁၁ မှ မနက်ဖြန် ၂၀-၉-၂၀၁၁ နှစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေမှ ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမျိုးသန့်(ရေတာရှည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးမျိုးသန့်၊ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးမင်းဆွေသည် မိသားစုကိစ္စများ ကိုယ်တိုင် ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၉-၉-၂၀၁၁ မှ ၂၁-၉-၂၀၁၁ ရက်ထိ (၃)ရက် ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးမင်းဆွေကိုယ်စား လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင် ဆောင်ရွက်ပါမယ်။ ဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များကို မင်္ဂလာအပေါင်း

ခညောင်းကြပါစေလို့ ပထမဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါ တယ်။ ယခုမေးခွန်းမှာ ပထမအကြိမ်လွှတ်တော်အစည်းအဝေး၌ အလွန်နောက်ကျမှတင်ခဲ့ရသဖြင့် နောင် တစ်ချိန် လွှတ်တော်အစည်းအဝေးတွင်တင်ပြနိုင်ရန် လက်မှတ်ရေးထိုးတင်ခဲ့သောမေးခွန်းဖြစ်ပါတယ်။ ယခုတစ်ကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခွင့်ရသည်ကို အထူးပင်ဝမ်းမြောက် ကျေးဇူးတင်မိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်သည် လွန်ခဲ့သော သုံးနှစ်ခန့်က ရာသီဥတုပူနွေးပြီး မိုးနည်းလာမှုများကြောင့် ဘေးဝဲယာတစ်လျှောက်ရှိရွာများသည် ယခင် က နွေရာသီကာလများ၌ပင် လှေများဖြင့်လှော်ခတ်သွားလာမောင်းနှင်ခဲ့သော်လည်း ရေများခန်းခြောက် ခဲ့စဉ်က ချောင်းလယ်တွင်လှေဖြင့်သွားလာနိုင်ရန်ခက်ခဲခြင်း၊ မော်တော်များမောင်းနှင်သွားလာနိုင်ရန်ခက် ခဲခြင်း၊ အချို့ရွာများတွင် လူသွားလမ်းအထိ လုံးဝရေများခြောက်ခန်းသည်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ ရေစစ်ကန်များ ကိုယ်ထူကိုယ်ထတူးဖော်ခဲ့သော်လည်း လုံလောက်သောသောက်ရေကန်များ မရရှိခဲ့ပါ။ အချို့အဝီစိတွင်းများ တူးဖော်ကြသော်လည်း အောင်မြင်မှုနည်းပါးခဲ့ပါတယ်။ ယခု ၂၀၁၁ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများကြီးစွာရွာသွန်းမှုကြောင့် ကန်အတွင်းရေများ များပြားလာပြီဖြစ်သော် လည်း သန့်ရှင်းမှုနည်းပါးခြင်း၊ နောင်အခါတွင် ရေရှားပါးလာမည့် အရေးစိုးရိမ်မှုများ ရှိနေပါသည်။ သို့ဖြစ်ပါသောကြောင့် သဘာဝအလျောက်ထွက်ရှိနေသော ရေထွက်များမှ ဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများသို့ သန့်ရှင်းသော ရေကောင်းရေသန့်များရရှိစေရေးအတွက် နိုင်ငံတော်မှ မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါသည်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေမှ အင်းလေးကန်အတွင်း သန့်ရှင်းသောရေကောင်းရေသန့်များ ရရှိစေရေးအတွက် နိုင်ငံတော်

မှ မည်သို့မည်ပုံဆောင်ရွက်ပေးမည်ကို မေးမြန်းလာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ အင်းလေးကန်ရေရှည်တည် တံ့ရေးနဲ့ ရေဝေရေလဲဒေသထိန်းသိမ်းရေးတို့ကို နိုင်ငံတော်က စနစ်တကျစီမံချက်များချမှတ်ဆောင်ရွက် ခဲ့ပါတယ်။၁၉၈၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကုလသဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုး ရေးအဖွဲ့ ဂျပန်နိုင်ငံအခြေစိုက် KARAMOSIA အဖွဲ့များနှင့်ပူးပေါင်းပြီး အင်းလေးကန်ရေဝေရေလဲထိန်း သိမ်းရေးဆိုင်ရာစီမံကိန်းလေးခု အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အင်းလေးကန် မိုင် ၂၀ ပတ်ဝန်းကျင်သစ်တော၊ ရေ၊ မြေ၊ သားငှက်ထိန်းသိမ်းရေး ငါးနှစ်စီမံ ချက်နှစ်ခုကိုလည်းပဲ နိုင်ငံတော်အစိုးရအစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့ပြီဖြစ်ပါတယ်။ ယခုအခါ အာဆီယံ ဇီဝမျိုးစုံ၊ မျိုးကွဲများဗဟိုဌာနနဲ့ပူးပေါင်းပြီး အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုအနေနဲ့ ထိန်းသိမ်းကာ ကွယ်မှုလုပ်ငန်းများကို နှစ်ရှည်စီမံကိန်းအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရှိ ကျေးရွာများ မှာလူဦးရေ၊ အိမ်ခြေတိုးတက်လာခြင်း၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ အိမ်တွင်းစက်မှု လုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနဲ့ အညစ်အကြေးများစည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်း၊ အင်းလေးကန်အတွင်း ရေခြံစိုက်ပျိုးရေးလုပ်ငန်းများ၊ ငါးနှင့်တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်လာခြင်း၊ အင်းလေးကန်ရေပြင်ပမာဏ လျော့နည်းကျဆင်းလာခြင်းတို့ကြောင့် ရေအရည် အသွေးကျဆင်းပြီး ရေကောင်းရေသန့် ရှားပါးလာတာကို တွေ့ရှိရပါတယ်။

၂၀၁၀ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံအတွင်း ထူးကဲစွာအပူချိန်မြင့်မားမှုကြောင့် အင်းလေးကန် အတွင်း သောက်သုံးရေရှားပါးခြင်းနှင့် သွားလာရေးခက်ခဲခြင်းများဖြစ်ပေါ်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုး ရန်အတွက် အင်းလေးကန်အတွင်းသို့ စီးဝင်သည့်ချောင်းများမှရေများကိုထုတ်ယူသုံးစွဲရခြင်း၊ အင်းလေး ကန်တောင်ဘက် နမ့်ပန်ခုံကျေးရွာအနီးမှာ သဘာဝရေတားကျောက်တန်းတစ်ခုကို မိုးပြဲဆည်အတွင်း ရေဝင်ပမာဏ ပိုမိုများပြားလာစေရန်ရည်ရွယ်ပြီးတော့ ဖယ်ရှားခဲ့ခြင်း၊ အင်းလေးကန် ရေဝေရေလဲဒေသ ရှိသစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးမြေများ၊ ကျေးရွာမြေများအဖြစ် ပြောင်းလဲခြင်းများ ကြောင့်ရေထွက်များခန်းခြောက်လာခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်းမှုနဲ့ မှားယွင်းသောထွန်ယက် စိုက်ပျိုးခြင်းနည်းစနစ်များကြောင့် မြေဆီလွှာတိုက်စားကာ သဲနုန်းပို့ချမှုများပြားလာခြင်းဖြစ်ခဲ့ပါတယ်။ ထို့အတွက်ကြောင့် ကန်အတွင်းရေဝင်ရောက်မှုနှင့် ရေသိုလှောင်မှုပမာဏလျော့နည်းခဲ့ကြောင်း လေ့လာ သိရှိရပါတယ်။ ၂၀၁၀ ခုနှစ်၊ မေလတွင် အင်းလေးကန်အတွင်း ထူးကဲစွာရေလျော့နည်းခန်းခြောက်မှု

အပေါ် ၁၁ ကြိမ်မြောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအစည်းအဝေးမှာ အင်းလေးကန် မတိမ်ကောစေရေး ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး စီမံချက်တစ်ခုကို နိုင်ငံတော်အစိုးရထံသို့တင်ပြခဲ့ပါတယ်။ ထို့အပြင် သစ်တောရေးရာဝန်ကြီးဌာနကဦးဆောင်ပြီး အစိုးရဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များမှပညာရှင်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများ ပါဝင်တဲ့အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ်၊ ဇူလိုင်လအတွင်းကျင်းပခဲ့ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေး ငါးနှစ်လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ)ကိုရေးဆွဲပြီး အစိုးရအဖွဲ့ရဲ့အတည်ပြုချက်ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် (ယခုနိုင်ငံတော်သမ္မတကြီး)ကိုယ်တိုင် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လအတွင်းကွင်းဆင်းစစ်ဆေးပြီး လမ်းညွှန်ချက်အရ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေး ကော်မတီကို ပြည်ထောင်စုအစိုးရက ၂၀၁၁ ခုနှစ်၊ ဇွန်လတွင်ပြန်လည်ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဒုတိယသမ္မတ(၂)မှလည်း အင်းလေးကန်ကိုကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းလမ်းညွှန်ချက် ၁၅ ရပ်ချမှတ်ပေးခဲ့မှုအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဌာနများက အင်းလေးကန်ဒေသအတွင်း ရေအရည်အသွေးကောင်းမွန်စေရေးအတွက် ဓာတုဗေဒဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်းမရှိစေရေးနှင့် စနစ်တကျအသုံးပြုရေး ထိန်းချုပ်ဆောင်ရွက်ခြင်း၊ သဘာဝမြေသြဇာနည်းစနစ်များ Organic Farming လက်တွေ့ကျင့်သုံးစေရေး ဆောင်ရွက်ခြင်းနှင့် သရုပ်ပြပညာပေးခြင်း၊ အညစ်အကြေးများစွန့်ပစ်ခြင်းနှင့် ပတ်သက်ပြီး စည်းကမ်းများသတ်မှတ်ပေးခြင်း၊ စွန့်ပစ်ရန်နေရာများ သတ်မှတ်ပေးခြင်း၊ ကန်ရေပြင်အတွင်း အညစ်အကြေးစွန့်ပစ်မှုများအား ကန့်သတ်တားမြစ်ခြင်း၊ ဇီဝမိလ္လာအိုးများသုံးစွဲစေခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း၊ ကြွပ်ကြွပ်အိတ်များသုံးစွဲမှု ကန့်သတ်တားမြစ်ခြင်း၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များအားနေရာသတ်မှတ်၍ စွန့်ပစ်စေခြင်း၊ စည်းကမ်းသတ်မှတ်၍ ကြီးကြပ်စစ်ဆေးခြင်း၊ ကန်အတွင်းသွားလာလျက်ရှိသော စက်တပ်ရေယာဉ်များမှ စက်ဆီယိုဖိတ်မှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ရိုးရာဓလေ့ထုံးစံအရ သင်္ဂြိုလ်မှုများကိုလည်း ရေကန်အတွင်း ပြုလုပ်မှုအစားပြင်ပသို့ သယ်ဆောင် သင်္ဂြိုလ်နိုင်ရေးစီစဉ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိပါတယ်။

ယခုအခါ အင်းလေးကန်ရေရှည်တည်တံ့ရေးနဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့တို့နဲ့ ပူးပေါင်းပြီးနှစ်ရှည်စီမံကိန်းများဆောင်ရွက်ရန် အသေးစိတ်အစီအမံများ ရေးဆွဲညှိနှိုင်းလျက်ရှိပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေး ဘက်စုံထိန်းသိမ်းရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို UN-HABITAT နဲ့ ပူးပေါင်းပြီး ပြီးခဲ့တဲ့လ ဩဂုတ်လ ၂၄ မှ ၂၅ ရက်နေ့အထိ နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ဒ့ါအပြင် အင်းလေးကန်ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူလူထုနဲ့ပူးပေါင်းပြီး နှစ်ရှည်စီမံကိန်းတစ်ခုကိုလည်း နော်ဝေနိုင်ငံအစိုးရရဲ့ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါတယ်။ အင်လေးကန်အတွင်း စီးဝင်သောရေပမာဏ၊ ရေမှတ်များကို အချိန်နှင့်အမျှ မှတ်တမ်းတင်ထားရှိကာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လအတွင်း မှတ်တမ်းများအရ ရေစီးဝင်နှုန်းနှင့် ရေလှောင်ပမာဏများ ယခင်ကထက် ပိုမိုထူးခြားစွာ တိုးတက်မှုရှိလာကြောင်းတွေ့ရှိရပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့နိုင်မှသာ ရေပမာဏနှင့်ရေအရည်အသွေးများကောင်းမွန်ရေး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဓိကတာဝန်ရှိကြတဲ့ ဒေသနေပြည်သူများအနေဖြင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ တစ်ခဏအကျိုးနှင့် ထာဝရအကျိုးကိုနှိုင်းဆကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ မြဝတီမြို့ဟာ တစ်ဖက်နိုင်ငံနှင့်ထိစပ်နေတဲ့ နယ်စပ်မြို့တစ်မြို့ဖြစ်ပါတယ်။ မြဝတီခရိုင် မြဝတီမြို့နယ်တစ်ခုလုံးရဲ့ ပြည်သူအများစုဟာ နယ်စပ်ကုန်သွယ်ရေးနဲ့ အခြေခံပြီးတော့ အသက်မွေးဝမ်းကြောင်းပြုကြသူများဖြစ်ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးကို ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစပြီးတော့ ရပ်စဲခဲ့ပါတယ်။ ယခုဆိုရင် တစ်နှစ်ကျော်ကြာခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ရရှိမှု ကျပ်သန်း

ပေါင်း ၂၆၄၅ သန်းရရှိခဲ့ပြီးတော့ ယခုအခါ မြဝတီကုန်သွယ်ရေးဇုန်မှ နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်အခများ မရရှိတော့ကြောင်းသိရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော့်မဲဆန္ဒနယ်မြေမှ ပြည်သူများ ကိုယ်စား မြဝတီနယ်စပ်ကုန်သွယ်ရေးကို ဘယ်အချိန်မှာပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးမှာ ယခုလို ဖြေကြားခွင့်ရတဲ့အတွက်ကြောင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊မြဝတီ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးသန်းဦးရဲ့ မြဝတီနယ်စပ်ကုန်သွယ်ရေးကို သင့်တော်သည့် မည်သည့်အချိန်မှာပြန်လည်စတင်နိုင်မည်ကို သိလိုပါကြောင်းမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ နိုင်ငံတော်အနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုကိုရှင်းလင်းတင်ပြလိုပါတယ်။ ၁၉၈၈ ခုနှစ်မှစပြီးတော့ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများကိုဒေသတွင်းလုံခြုံအေးချမ်းမှုရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးအခြေအနေဟာ ကုန်သွယ်မှုချောမွေ့စွာဆောင်ရွက်နိုင်တဲ့အခြေအနေရှိမှသာ ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်တဲ့အခါ မိမိနိုင်ငံတစ်နိုင်ငံတည်းအစီအစဉ်ဖြင့်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲနဲ့ နှစ်နိုင်ငံသဘောတူညီချက်ရယူပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းဖြစ်တဲ့ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ကုန်သွယ်ရေးမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရတာဖြစ်ပြီးတော့ ကုန်သွယ်မှုပမာဏအစဉ်တိုးတက်လာဖို့ အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့်လည်း နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နိုင်ဖို့ အဓိက အထောက်အကူပြုတဲ့အခြေခံအချက်များရှိပါတယ်။ ပထမအချက်အနေနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိတဲ့ နှစ်ဖက်နိုင်ငံနယ်စပ်ဒေသများအတွင်း လုံခြုံအေးချမ်းမှုရှိဖို့ လိုအပ်ပါတယ်။ ဒုတိယ အချက်အနေနဲ့ လမ်းပန်းဆက်သွယ်မှုအခြေအနေဟာ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်မယ့် အဆင့်ထိကောင်းမွန်ဖို့လိုအပ်ပါတယ်။ တတိယအချက်အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိပြီး

တော့ နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ဖို့ ညှိနှိုင်းသဘောတူညီချက် ရရှိထားဖို့လိုအပ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ နှစ်နိုင်ငံညှိနှိုင်းသဘောတူပြီးပါကလည်းပဲ နယ်စပ်ဂိတ်တွေမှာ ကုန်သွယ်မှုလုပ်ငန်းများ၊ အကောက်ခွန်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ လူဝင်ထွက်မှုကြီးကြပ်ရေး အစီအစဥ်များအပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေပြည့်စုံရမှာဖြစ်ပါတယ်။ ပဥ္စမအချက်အနေနဲ့ နှစ်နိုင်ငံကုန်သွယ်မှု အနေအထားဟာ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်းမှာ နှစ်ဘက်ပြည်သူစားသုံးဖို့ သာမန်သွားလာဝယ်ယူတဲ့ ပုံစံကုန်သွယ်မှုပမာဏအဆင့်မျှသာရောင်းဝယ်နေခြင်းမဟုတ်ဘဲနဲ့ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်အပြန်အလှန် မျှတစွာဆောင်ရွက်နိုင်တဲ့ ထိုက်သင့်တဲ့ပမာဏရှိဖို့လည်းလိုအပ်ပါတယ်။ ဆဋ္ဌမအချက်အနေနဲ့ နှစ်နိုင်ငံ နယ်စပ်ဒေသသာမကဘဲ အတွင်းပိုင်းမှာရှိတဲ့ အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ချိတ်ဆက်ပြီး ကုန်သွယ်မှုပြုလုပ်နိုင်တဲ့ အခြေအနေတွေရှိဖို့လိုအပ်ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ကို အထက်ပါခြောက်ချက်စလုံးနဲ့ ပြည့်စုံတဲ့အတွက် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုအနေအထားများဟာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ လောက်ကစပြီး အထက်တင်ပြပါအချက်များနဲ့ ကိုက်ညီခြင်းမရှိတော့တဲ့အတွက် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင် လ ၁၈ ရက်မှာ ကုန်သွယ်မှုလုပ်ငန်းများယာယီရပ်ဆိုင်းခဲ့ရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှု ပြုလုပ်နိုင်လောက်တဲ့ အခြေအနေများပြန်လည်ဖြစ်ပေါ်လာပါက ကုန်သွယ်မှုလုပ်ငန်းများပြန်လည်ဆောင် ရွက်နိုင်မှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးသန်းဦးရဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို အထူးကျေးဇူးတင်ရှိ ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခနောဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်တင့်(ခနောဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ခနောဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းအား စာတမ်းဖတ်ကြား၍ ခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်ရှိ ၁၆ ခုတင်ဆံ့ဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ်သို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနကနေ ၂၉-၁၀-၂၀၀၈ ရက်စွဲပါစာအမှတ်၊ကမတ/ဃ-၇၀၁/၈၉ ဖြင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်ပါတယ်။ ခွင့်ပြုစာရဲ့နောက်ဆက်တွဲမှာ ဝန်ထမ်းဖွဲ့စည်းပုံအားဖြင့်ဝန်ထမ်း၅၅ဦးဖြင့် ၂၉-၁၀-၂၀၀၈ ရက်နေ့မှစ၍ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုလိုက်တယ်လို့လည်းပါရှိပြီးဖြစ်ပါတယ်။ ခွင့်ပြုစာရဲ့စာပိုဒ်အပိုဒ် ၃ မှာ ၁၄-၈-၂၀၀၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဥ် ၂၇/၂၀၀၈ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းပုံအင်အားခွင့်ပြုပြီး ဝန်ထမ်းအင်အားခန့်ထားခြင်းကို ၂၀၀၉-၂၀၁၀ ဘတ်ဂျက်တွင်ခန့်ထားရန် ဖြစ်သည်ဟုလည်းပါရှိပါသည်။ ခွင့်ပြုစာရဲ့နောက်ဆက်တွဲ (က) ပါဝန်ထမ်းများအနက် ဝန်ထမ်း ၂၉ မျိုးပါရှိတဲ့ အနက်မှာ ယခု ကာလအခြေအနေမှာ ဝန်ထမ်းအမျိုးအစား ၁၁ ဦးအနက်၊ ၁၁ ဦးရဲ့ဖွဲ့စည်းပုံ ၃၄ ယောက်မှာ လက်ထောက်ဆရာဝန် လိုအပ်ချက်တစ်ဦး၊ လက်ထောက်ဆရာဝန် (သွား) လိုအပ်ချက်တစ်ဦး၊ သူနာပြု(သွား)လိုအပ်ချက်တစ်ဦး၊ သူနာပြု-၃ လိုအပ်ချက်ငါးဦးနဲ့ ဆေးဘက်ကျွမ်းကျင်(ဓာတ်မှန်) လိုအပ်ချက်တစ်ဦး၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၄ ဆေးစပ်တစ်ဦး၊ ဒုလက်ထောက်စာရင်းအင်းမှူးတစ်ဦး၊ အစောင့်နှစ်ဦးစသည်ဖြင့် ဝန်ထမ်း ၃၄ ဦးမှာ ၉ ဦးသာခန့်ထားနိုင်ပြီး၊၂၅ ဦးလိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ လိုအပ်လျက်ရှိတဲ့ရာထူးအလိုက် ဝန်ထမ်းအမျိုးအစား ၁၁ မျိုးအနက် လိုအပ်နေတဲ့ဝန်ထမ်းဦးရေ ၂၅ ယောက်ကို ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မည်ကဲ့သို့ စီစဥ်ဆောင်ရွက်ထားသည်ကို မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးဇော်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းချက်အပေါ်စာနဲ့ ဖတ်ကြားခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်။ ကန်ဘက်ကျေးရွာအုပ်စုဟာလပွတ္တာမြို့နယ်၊ အရှေ့တောင်ဘက်ရွေးမြစ်နဲ့ပြန်မလော့မြစ်ကြားမှာတည်ရှိပြီးတော့ လပွတ္တာမြို့အနီးဆုံးဆေးရုံတွေနဲ့လည်း ၁၅ မိုင်လောက်ဝေးပါတယ်။ ရာသီဥတုသာယာပါက လပွတ္တာမြို့ကိုရေယာဥ်များဖြင့်သုံးနာရီလောက်သွားရပြီး လှိုင်းလေကြမ်းတမ်းပါက ငါးနာရီ၊ ခြောက်နာရီလောက်သွားရတဲ့ ဒေသလည်း

ဖြစ်ပါတယ်။ ကန်ဘက်ကျေးရွာအုပ်စုကိုကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုကြီးပေါင်း ၁၃ စုနဲ့ဝိုင်းရံထားပြီးတော့ ကန်ဘက်ကျေးရွာအုပ်စုမှာကတော့ ရပ်ကွက်ငါးခု၊ ကျေးရွာခွဲပေါင်း ၁၅ ခုနဲ့ တည်ဆောက်ထားပါတယ်။ အိမ်ထောင်စု ၂၀၀၀ ခန့်ရှိပြီး၊ လူဦးရေ ၁၀၀၀၀ ခန့်ရှိပါတယ်။ ကန်ဘက်ကျေးရွာမှာ ပညာရေး အတွက် စာစစ်ဌာနရှိတဲ့ အထက်တန်းကျောင်းရှိပြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း(ဃ)အဆင့်ရှိတဲ့ ရဲတပ်ဖွဲ့စခန်းလည်း ရှိပါတယ်။ ကျေးလက်မီးလင်းရေးအတွက် စပါးခွံလောင်စာသုံးမီးစက်တစ်လုံးနှင့် 2C ဒီဇယ်အင်ဂျင်သုံး မီးစက်နှစ်လုံး မီတာစနစ်နဲ့ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် မီးပေးထားတဲ့လျှပ်စစ်မီးလည်း ကျေးလက်မီးလင်း ရေးအတွက်ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး၊ ပြင်ပ ဆရာဝန်တစ်ဦးလည်းရှိပါတယ်။ ကန်ဘက်ကျေးရွာရဲ့ ကျေးလက်ကျန်းမာရေးဌာနကိုတော့ ၁၉၅၄ ခုနှစ် ကတည်းကဖွင့်လှစ်ထားပြီး ယနေ့ဆိုလျှင် ၅၇ နှစ်သက်တမ်းရှိပါပြီဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၁-၁၁-၁၉၈၈ ရက်စွဲပါစာအမှတ်၊၂၀/၉ခ(ည)၈၈(၂၄၄)နဲ့ တိုက်နယ်ဆေးရုံအဆောက်အဦဆောက်လုပ်ခွင့် ခွင့်ပြုထားတယ်လို့လည်းသိရတဲ့အတွက် အဲဒီအချိန်တည်းကစပြီး၊ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံအဆင့် အဆောက်အဦများကို (ကျား)လူနာဆောင်၊ (မ)လူနာဆောင်၊ ရုံးခန်း၊ ခွဲစိတ်ခန်းဆောင်စသည်ဖြင့် ဆောက် လုပ်ပြီးစီးပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတာကတော့ ကန်ဘက်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန ကို ဆေးရုံအဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်နဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အဦရှိပြီးသားဖြစ်တဲ့ အတွက် တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နဲ့ ဦးစားပေးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရအားမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ လို့ မေတ္တာပို့သဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်တိုက်နယ်ဟာ ကျုံပျော်မြို့ရဲ့မြောက်ဘက်ဆုံးမှာတည်ရှိပြီး သွားလာရေးအလွန်ခက်ခဲတဲ့ဒေသ တစ်ခုဖြစ်ပါတယ်။ ဒိုက်ပျက်တိုက်နယ်မှာ ဒေသန္တရကျန်းမာရေးဌာနတစ်ခုကို ၁၉၇၈ ခုနှစ်မှာ ဖွင့်လှစ်ပေး

ခဲ့ပါတယ်။ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ဆေးကုသမှုရရှိနိုင်စေဖို့ ၁၉၉၁ ခုနှစ်မှစပြီး ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ကြတာ အကြမ်းထည်ပင်မဆောင်၊ အမျိုးသမီးဆောင်၊ အမျိုးသားဆောင်နဲ့ ခွဲစိတ်ဆောင်ပါဝင်တဲ့ ဖွံ့စည်းပုံမကျသေးတဲ့ ဆေးရုံတစ်ရုံတည်ရှိနေပြီးဖြစ်ပါတယ်။ ဒိုက်ပျက်တိုက်နယ်ဟာ ကျေးရွာအုပ်စု ၁၈ ခု၊ ကျေးရွာခွဲပေါင်း ၁၂၃ ရွာ၊ ပြည်သူလူထုပေါင်း ၃၆၆၁၆ ဦးနေထိုင်ပြီးတော့ ဒိုက်ပျက်ကျေးရွာဟာ ကျုံပျော်ဆေးရုံနဲ့ မိုင် ၂၀၊ ရေကြည်ဆေးရုံနဲ့ ၁၇ မိုင်၊ ဟသ်ာတဆေးရုံနဲ့ မိုင် ၂၀ ကွာဝေးတဲ့နေရာမှာတည်ရှိနေပါတယ်။ အရေးပေါ်ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာတဲ့အခါ အသက်အန္တရာယ်ထိခိုက်မှုများရုံဖန်ရံခါကြုံတွေ့နေရသည်များပင်ရှိသည့်အတွက် ဒိုက်ပျက်တိုက်နယ်ရှိ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားတဲ့ဆေးရုံအားတိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိသိလိုပါ၍ ဖြေကြားပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ဝင်း(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံးကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးမှာ ပြည်သူ့အကျိုးပြုမေးခွန်းကိုမေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးခန့်ထားသော်လည်း ပြောင်းရွှေ့သွားသည်မှာ သုံးနှစ်ကျော်ရှိပြီ ဖြစ်ပါတယ်။ ယခုအခါတွင် ပြည်သူများအနေဖြင့် သွားဘက်ဆိုင်ရာဆရာဝန်မရှိသဖြင့် အခက်အခဲကြုံတွေ့နေရပါသည်။ မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးလိုအပ်နေပါသောကြောင့် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးအား ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် မရှိပါကမည့်သည့် အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်ကြောင်းကို သိရှိလိုပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက မေးခွန်းများအားဖြေကြားပေးပါရန်ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင် (ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို နှလုံးစိတ်ဝမ်းအေးချမ်းစေကြောင်းဆုမွန်ကောင်းများ ပဏ္ဏာမပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ တာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဖြေကြားရမယ့်မေးခွန်းလေးခုကို ကျွန်တော် တစ်ခုပြီး၊ တစ်ခုဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းမေးမြန်းတဲ့ ဓနုဖြူမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဦးကြည်သိန်းရဲ့ ၂၅ ယောက်ကုတင်ဆံ့ ဆေးရုံနဲ့ပတ်သက်တဲ့ မေးခွန်းကို အရင်ပထမဆုံးဖြေကြားပါမယ်။ ဦးကြည်သိန်းရဲ့ မေးခွန်းမှာပါတဲ့အတိုင်း ဒီကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ စာနဲ့ခွင့်ပြုထားတာသည် ကျွန်တော်တို့ ဒီ ၂၀၀၈ ခုနှစ်က တစ်ခါ၊ ၂၀၁၀ ခုနှစ်က ဖွဲ့စည်းပုံတစ်ခါတိုးချဲ့ပြီးတော့ ခွင့်ပြုထားတာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရမှာ ဓနုဖြူမြို့နယ်ဆေးရုံမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အဲဒီတော့ လစ်လပ်တာကတော့ အဓိကအားဖြင့်ကတော့ ခေတ်ခွဲခေတ်မှန်နဲ့ အထွေထွေဝန်ထမ်းများပဲဖြစ်ပါတယ်။ ဒီလစ်လပ်နေတဲ့ဝန်ထမ်းများကို ဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါတယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ဖြေကြားလိုပါတယ်။ ဒုတိယအနေနဲ့ ဖြေကြားရမှာကတော့ လပွတ္တာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ မေးခွန်းဖြစ်ပါတယ်။ ကန်ဘက်ကျေးရွာအုပ်စုဟာ တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန်ကိစ္စဖြစ်ပါတယ်။ အဲဒီကိစ္စမှာလည်းကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ အတိုင်းဒီကျန်းမာရေးဦးစီးဌာနရဲ့ ၂၁-၁၁-၁၉၈၈ စာအမှတ်၊ ၂၀/၉-ခ(ည)၈၈(၂၄၄)က ကျွန်တော်တို့ အဆောက်အအုံဆောက်လုပ်ခွင့်ကို ခွင့်ပြုထားတာဖြစ်ပါတယ်။ အဲတော့တိုက်နယ်တွေမှာ ကိုယ့်ဒေသအစီအစဉ်နဲ့ဆေးရုံဆောက်ချင်တယ်ဆိုလို့ရှိရင် ဒီဆေးရုံပုံစံဘယ်လိုဆေးရုံပုံစံမျိုးဖြစ်ရမလဲဆိုတာကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့၊ ကျန်းမာရေးဦးစီးဌာနအနေနဲ့သတ်မှတ်ထားတဲ့သတ်မှတ်ချက်ရှိပါတယ်။ အဲဒီသတ်မှတ်ချက်နဲ့ညီတဲ့ပုံစံနဲ့ဆောက်လုပ်နိုင်ဖို့ကို ခွင့်ပြုတဲ့ခွင့်ပြုချက်ဖြစ်ပါတယ်။ ဒီတိုက်နယ်ဆေးရုံ ကျတာမဟုတ်သေးပါဘူးခင်ဗျာ့။ ခုလက်ရှိအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာမှာ ဒီကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီးတော့ တင်ပုံကွင်း၊ ကျူတော၊ ဖိုးခွေးလေး၊ ရေတွင်းကုန်း၊ ဂုံညင်းတန်း ကျေးလက်ကျန်းမာရေးဌာနခွဲတို့ပါဝင်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ လက်ရှိအခြေအနေမှာတော့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အဆိုပြုတင်ပြထားခြင်းမရှိသေးပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ ဒေါက်တာစိုးသူရ ကျုံပျော်မဲဆန္ဒနယ်ရဲ့ ကျုံပျော် ဒိုက်ပျက် တိုက်နယ်ဆေးရုံနဲ့စပ်လျဉ်း တဲ့မေးခွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာမှာ လက်ရှိကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီးတော့ ဖလံကုန်း၊ မိုက်ထော်၊ ကုန်းသာကြီး၊ ညောင်ပင်ဆိပ်၊ ဒိုးတန်းငူကျေးလက်ကျန်းမာရေးဌာနခွဲတို့ပါဝင်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ ယခုလက်ရှိအခြေအနေမှာတိုက်နယ်ဆေးရုံအဖြစ်နဲ့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် ဧရာဝတီတိုင်းဒေသကြီး၊ လွှတ်တော်ဥက္ကဋ္ဌ သရေစည်သူဦးဆန်းဆင့်က ၄-၈-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၂၀၄/၁၂-၁၀/ဦး ၁ နဲ့ အဆိုပြုတင်ပြထားတာဖြစ်ပါတယ်။ ဆေးရုံအဆောက်အအုံကိုလည်း ကျပ်ငွေသိန်း ၈၀ ရပ်မိရပ်ဖများက မတည်ပြီးတော့ အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီလို့လည်းသိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့အခုအချိန်မှာ တိုက်နယ်ဆေးရုံအဖြစ်နဲ့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် စိစစ်ဆောင်ရွက်တင်ပြထားတဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ဒီနေရာမှာအလျှဉ်းသင့်လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်းရော၊ ဒီဒေသခံပြည်သူများပါသိရှိနိုင်အောင်အတွက် ကျွန်တော်တို့ ဒီကျန်းမာရေးဌာနလေးတွေအသစ်ဖွင့်လှစ်တာနဲ့ပတ်သက်လို့ ဒီဦးစီးဌာနရဲ့မူလေးချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးခွင့်ပြုချက်ရရင် ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ဒီအနိမ့်ဆုံးအဆင့်က ကျေးလက်ကျန်းမာရေးဌာနခွဲလို့ခေါ်ပါတယ်။ အင်္ဂလိပ်လိုတော့ Euro Health Sulf Center ပေါ့၊ အဲဒီ Sulf Center ဖွင့်လှစ်ဖို့အတွက်လိုအပ်တဲ့ **ကရိုက်တီးယား** အနေနဲ့ကတော့ ဒီကျေးရွာသည် ဗဟိုအချက်အခြာ သူ့ဒေသမှာတော့ အချက်အခြာကျတဲ့ကျေးရွာဖြစ်ရမယ်။ လူဦးရေများတယ်၊ အိမ်ခြေများတယ်၊ လူဦးရေသိပ်သည်းမှုလည်းများပြားမယ်။ ပျမ်းမျှအနည်းဆုံးလူ ၃၀၀၀ နဲ့ ၅၀၀၀ ခန့်ကိုလွှမ်းခြုံနိုင်မှုရှိရမယ်။ နံပါတ်(၄) အနေနဲ့ကတော့ လမ်းပန်းဆက်သွယ်မှု အခြေအနေလည်းကောင်းမယ်၊ နံပါတ် (၅) အနေနဲ့ကတော့ စီးပွားရေးအရလည်းအချက်အခြာကြပြီးတော့ ဖွံ့ဖြိုးမှုအလားအလာရှိမယ်။ နံပါတ် (၆) အနေနဲ့ကတော့ နောင်မှာဒီဌာနခွဲလေးကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်မယ့် အခြေအနေကောင်းများရှိမယ်။ နံပါတ်(၇) အနေနဲ့ကတော့ ဌာနခွဲအဆောက်အအုံနဲ့ ပရိဘောဂများကို ဌာနခွဲဖွင့်လှစ်တဲ့ရွာနဲ့ အနီးအနားရွာများမှ ကိုယ့်အားကိုယ်ကိုးတာဝန်ယူဆောက်လုပ်နိုင်မယ်ဆိုရင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ဖို့အတွက် **ကရိုက်တီးယား** အနေနဲ့ပြည့်စုံပြီလို့ ကျွန်တော်တို့ ဒါခံယူလို့ရပါတယ်။ အဲတော့ ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအနေနဲ့ သားဖွားဆရာမတစ်ယောက်နဲ့ ကျန်းမားရေးကြီးကြပ်အဆင့်(၂) တစ်ယောက်၊ လစာနှုန်း ၄၇၀၀၀-၁၀၀၀-၅၂၀၀၀ ဆိုတော့ ပျမ်းမျှတစ်လကို ၁၀၀၀၀၀ လောက်နဲ့

နိုင်ငံတော်ကတစ်နှစ်လျှင် လစာနဲ့စရိတ်က ကျွန်တော်တို့ ၁.၂ သန်း ဌာနခွဲအနေနဲ့ ကုန်ကျမှာဖြစ်ပါတယ်။ အဲတော့ ဌာနခွဲကနေတစ်ဆင့်တက်သွားရင် ကျေးလက်ကျန်းမာရေးဌာန RHC လို့ခေါ်တဲ့ Health Center ပါ။ အဲဒီအတွက် လိုအပ်တဲ့အချက်အလက်တွေကတော့ ဌာနသစ်ဖွင့်လှစ်မယ့် ကျေးရွာလုံခြုံမှု ရှိရပါမယ်။ နံပါတ်တစ် **ကရိုက်တီးယား၊** နံပါတ်နှစ်ကတော့ အဲဒီကျေးရွာသည် ကျေးရွာအုပ်စု ၁၀ အုပ်စု ကနေ ၁၅ အုပ်စုထိသွားလာ လုပ်ကိုင်နိုင်တဲ့နေရာဖြစ်ရမယ်၊ သာမန်အားဖြင့် နံပါတ်သုံးအချက်ကတော့ သာမန်အားဖြင့် လူဦးရေ ၁၀၀၀၀၊ ၁၅၀၀၀ အတွင်းရှိရပါမယ်။ ခက်ခဲတဲ့ဒေသတွေအတွက်တော့ခြွင်းချက် အဖြစ်နဲ့ ကျွန်တော်တို့ ဒီထက်နည်းတာတွေကိုလည်း ထည့်သွင်းစဥ်းစားပါတယ်။ အနီးအနားကျေးရွာများ ကနေ ဒီကျေးရွာကိုသွားလာမှုလွယ်ကူပြီးတော့ ဗဟိုအချက်အခြာကျပြီး တိုက်နယ်ဆေးရုံ၊ ဒါမှမဟုတ် မြို့နယ်ဆေးရုံတွေကို လူနာတွေကိုထပ်ဆင့်တွန်းပို့နိုင်ရေးအတွက် လုံလောက်တဲ့၊ ကောင်းမွန်တဲ့ လမ်းပန်း ဆက်သွယ်မှုလည်းရှိဖို့လိုပါတယ်။ နံပါတ်ငါးအနေနဲ့ကတော့ နဂိုကတည်းက ဒီနေရာမှာ self center လေးရှိထားပြီးဖြစ်ရပါမယ်။ self center ကို အဆင့်မြှင့်ပြီးတော့ Center အဖြစ်ထားမှာဖြစ်ပါတယ်။ အဲတော့ ဒီဖွင့်လှစ်ခွင့်ပြုအမိန့်ရပြီးတော့ တစ်နှစ်အတွင်းပြဋ္ဌာန်းထားတဲ့ပုံစံတွေအတိုင်း အမြဲတမ်းအဆောက်အဦ ပြီးစီးအောင်ဆောက်လုပ်ရန်နဲ့ ဒေသခံကျေးရွာပြည်သူလူထုက တာဝန်ယူနိုင်ခြင်းနဲ့ ဆောက်လုပ်ဆဲကာလမှာပဲ ဆေးခန်းဖွင့်လှစ်ရန် ယာယီအဆောက်အအုံစီစဥ်ပေးနိုင်ခြင်းဆိုတဲ့ အချက်အလက်တွေကို ကျွန်တော်တို့ ထည့်သွင်းစဥ်းစားပြီးတော့ ကျေးလက်ကျန်းမာရေးဌာနတွေကို ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီထက်အဆင့်မြင့် တဲ့ဟာကတော့ တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံမှာလည်း ခုနလိုပါပဲ တိုက်နယ်ဆေးရုံ တည်ရှိတဲ့နေရာသည် ယခင်က ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ထားရှိပြီးတဲ့ ကျေးရွာဖြစ်ရမယ်၊ ကျေးရွာလူထုကလည်း ဒီကျန်းမာရေးဌာနကို ပုံမှန်အသုံးချတဲ့နှုန်းပေါ့ **ယူတလိုက် ဖေးရှင်းရိတ်** ဒီကျန်းမာရေးဌာနကို ပုံမှန် **ယူတလိုက်** လုပ်နေရတဲ့ တစ်နေ့မှာတစ်ယောက်နှစ်ယောက်ပဲ **ယူတလိုက်** လုပ်နေတာကြတော့လဲ တိုးချဲ့ဖို့ခက်ပါတယ်။ ပုံမှန် **ယူတလိုက်ဖေးရှင်း** ကောင်းရပါမယ်။ မြေနေရာ အနည်းဆုံး လေးဧကရှိရပါမယ်။ သတ်မှတ်ထားတဲ့ပုံစံအတိုင်း အဆောက်အအုံကို ကိုယ့်အားကိုယ်ကိုး တာဝန်ယူ၍ဆောက်လုပ်နိုင်ရပါမယ်။ တိုက်နယ်ဆေးရုံအသစ်တည်နေရာသည် မြို့နယ်ဆေးရုံ နှင့်ပျမ်းမျှ ခြင်းအားဖြင့်တော့ ၁၀ မိုင်၊ ၁၀ မိုင်အထက်ဝေးတဲ့နေရာမှာဖြစ်ဖို့ကောင်းပါတယ်။ ဆက်သွယ်ရေးသိပ်ခက် ခဲတဲ့နေရာတွေဆိုတော့ ဒါလေးကိုလျှော့ပေါ့ စဥ်းစားတာလည်းရှိပါတယ်။ ပျမ်းမျှကတော့ ကျွန်တော်တို့ ၁၀ မိုင်နဲ့ အထက်လို့စဥ်စားပါတယ်။ အိမ်ခြေနဲ့ အိမ်ထောင်စုဦးရေ များပြားပြီးတော့ လူဦးရေသိပ်သည်းမှုနှုန်း

များပြားလာမယ်။ နံပါတ်ခြောက်ကတော့ လုံခြုံမှုကောင်းမွန်ရပါမယ်။ နံပါတ်ခုနှစ်ကတော့ လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံတွေကို လာရောက်ရန်ခက်ခဲသောနယ်မြေမှ လူနာများအလွယ်တကူ လာရောက်နိုင်သောနေရာဖြစ်ခြင်း ဆိုတာကိုကျွန်တော်တို့ ထည့်သွင်းစဥ်းစားထားပါတယ်။ ထည့်သွင်းတွက်ချက်ပါတယ်။ အဲ့ဒါအပြင် နိုင်ငံတော်အကြီးအကဲများရဲ့ ခရီးစဥ်များမှာလမ်းညွှန်ချက်အရ ကျွန်တော်တို့ တိုးမြှင့်ဖွင့်လှစ်ရတာမျိုးတွေလည်း ရှိတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်ထည့်သွင်းဖြေကြားလိုပါတယ်။

နောက်ဆုံးမေးခွန်းကတော့ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းရဲ့ မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံကြီး မှာ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ခန့်ထားပေးရန်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သွားဘက်ဆိုင်ရာဆရာဝန်သစ်လွင်များခန့်ထားရေးကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ အခု ပြီးခဲ့တဲ့လပိုင်းများကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ သွားဘက်ဆိုင်ရာဆရာဝန် ၁၄၂ ဦး ခန့်ထားခွင့်ပြုမိန့်ကျလာပြီးဖြစ်ပါတယ်။ အဲဒီအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ဒီဥစ္စာကို ၁၄၂ ဦး ကို ရွေးချယ်ပြီးတော့မကြာမီမှာ ကျွန်တော်တို့ကို ကျန်းမာရေးဝန်ကြီးဌာနကိုရွေးချယ်ပြီးတဲ့ ၁၄၂ ဦး ကို ပို့တဲ့ အခါမှာ ကျွန်တော်တို့ လိုအပ်နေတဲ့မြို့နယ်များကို ခန့်ထားမှာဖြစ်ပါတယ်။ အဲဒီတော့ မိုင်းယန်းပြည်သူ့ဆေးရုံကြီးမှာ ခန့်ထားနိုင်ရေးအတွက်ကို ဆောင်ရွက်ပေးသွားမယ်ဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားလိုပါတယ်။

ဒီမှာတစ်ဆက်တည်း စောစောကမေးသွားတဲ့ မေးခွန်းတွေထဲမှာလည်း ဆရာဝန်လိုနေတာ၊ သူနာပြုလိုနေတာလေးတွေ သူတို့တင်ပြတောင်းခံထားတာတွေ့ပါတယ်။ အဲဒီတော့ ဒီလပိုင်းတွေမှာပဲ ပြီးခဲ့တဲ့ ဒီလပဲပြောပါတော့လေ ဒီလနဲ့ပြီးခဲ့တဲ့လပိုင်းအတွင်းမှာလည်း ကျွန်တော်တို့ ဆရာဝန်လျော့နည်းနေတဲ့အကြောင်း၊ လစ်လပ်နေတဲ့အကြောင်းတွေကိုလည်း ကျွန်တော် ပြည်သူ့လွှတ်တော်မှာ အရင်မေးခွန်းတွေမှာတင်ပြခဲ့ပြီး၊ အဲဒါဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ အခုကျွန်တော်တို့ သူနာပြုဆရာမ ၁၅၀၀ ကျော်နဲ့ လက်ထောက်ဆရာဝန် ၅၀၀ ဦးခန့်ဖို့ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ အတည်ပြုချက်ရပြီးဖြစ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်နေတဲ့နေရာတွေကို ဒီဆရာဝန်၊ သူနာပြုတွေခန့်ထားပြီးတဲ့အခါမှာ ဦးစားပေးအစီအစဥ်အလိုက်ပြန့်နှံ့အောင် ကျွန်တော်တို့ နေရာချထားပေးမယ့် အကြောင်းတင်ပြ အစီရင်ခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၁၅ နာရီတွင်ပြန်လည်စတင်ပါ့မယ်။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အစီအစဉ်အတိုင်း ဆက်လက်မသွားမီ လွှတ်တော်ကို တင်ပြစရာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများမေးမြန်းဖို့၊ အဆိုများတင်သွင်းဖို့၊ ဥပဒေကြမ်းများတင်သွင်းဖို့ အခွင့်အရေးတွေဟာ လွှတ်တော်ကိုယ်စားလှယ်များဆီမှာရှိပါတယ်။ ဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန် အသုံးချဖို့ဆိုလို့ရှိရင် မိမိတို့မေးလိုတဲ့မေးခွန်း၊ တင်လိုတဲ့အဆိုတွေကို လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုလိပ်မူပြီးတော့ ဥက္ကဋ္ဌဆီကို မေးမြန်းတင်ပြရပါတယ်။ တင်ပြလာတဲ့ မေးခွန်းတွေ၊ အဆိုတွေကို ဥက္ကဋ္ဌက စိစစ်ပြီးတော့ ဒီမေးခွန်းတွေ၊ အဆိုတွေကို ဒီလိုမေးပါတယ်ဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်များကို အကြောင်းကြားသလို အစိုးရအဖွဲ့ကိုလည်း ကြိုတင်အသိပေးအကြောင်းကြားရပါတယ်။ အဲဒီလိုအကြောင်းကြားတဲ့အခါမှာ အစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာဌာန ဒီမေးခွန်းကို၊ ဒီအဆိုကို မေးမြန်းဖို့၊ မေးမြန်းတဲ့အခါမှာ ဖြေကြားဖို့၊ အဆိုတင်သွင်းတဲ့ အခါမှာ ပါဝင်ဆွေးနွေးဖို့ အသင့်ဖြစ်ပြီဆိုတဲ့အခါမှာ မိမိတို့လွှတ်တော်အတွင်းမှာ သတ်မှတ်ထားတဲ့ရက်၊ သတ်မှတ်ထားတဲ့အချိန်မှာဆွေးနွေးဖို့ Argenta များရေးဆွဲရပါတယ်။ ဒါကြောင့် အဲလို တင်ပြလာတဲ့ မေးခွန်း၊ အဆိုတွေဟာ လွှတ်တော်ဥက္ကဋ္ဌဆီကို မေးမြန်းဖို့၊ အဆိုတင်သွင်းဖို့ တင်ပြတယ်။ အဲဒီအခါမှာ လွှတ်တော်ဥက္ကဋ္ဌက ဒီမေးခွန်း၊ ဒီအဆိုကိုအတည်ပြုပြီဆိုရင် ဒီမေးခွန်း၊ ဒီအဆိုသည် လွှတ်တော်ရဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ မေးခွန်းမဟုတ်ပါဘူး။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေ ဖြေကြားတဲ့အခါမှာလည်း ဘယ်သူကပဲမေးမေး၊ ဘယ်ပုဂ္ဂိုလ်ကပဲမေးမေး လွှတ်တော်ကိုပဲ လွှတ်တော်

ဥက္ကဋ္ဌကတစ်ဆင့် ပြန်လည်ဖြေကြားရတာဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းအပြင် အဆိုနဲ့ပတ်သက်ပြီးတော့ အဆိုတင်သွင်းဖို့ တင်ပြလာတဲ့အခါမှာ အဆိုမှာလည်း ကျွန်တော်တို့ နှစ်မျိုးရှိပါတယ်။ တစ်မျိုးကတော့ ဒီနေ့တင်မယ့် အဆိုမျိုးပေါ့လေ။ ဒါက လွယ်လွယ်နဲ့ပြောမယ်ဆိုရင် အဆိုရိုးရိုးပေါ့။ မူလလွှတ်တော် ကိုယ်စားလှယ်က ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားကိုကြားနာပြီးတဲ့အခါမှာ ကိုယ်ကိုယ်တိုင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားကို လွှတ်တော်ဥက္ကဋ္ဌဆီကို မေးမြန်းဖို့အဆိုတင်သွင်းတာဖြစ်ပါတယ်။ ဒါကအကြမ်းဖျင်း ဆိုလို့ရှိရင်တော့ မူလအဆိုလို့ပဲ ကျွန်တော်တို့ သဘောထားရမှာဖြစ်ပါတယ်။ အဲ့ဒါပြီးတဲ့အခါမှာ ဥပဒေကြမ်း၊ ဥပဒေကြမ်းနဲ့ပတ်သက်လို့ အားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ ဥပဒေကြမ်းကို အစိုးရအဖွဲ့ သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုအဖွဲ့က ဥပဒေကြမ်းကို တင်သွင်းနိုင်ပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်ကိုယ်စားလှယ် တွေကဥပဒေကြမ်းကို တင်သွင်းနိုင်ပါတယ်။ တင်သွင်းပြီးတော့ အရေးယူဆောင်ရွက်ပုံကတော့မတူပါဘူး။ ပြည်ထောင်စုအစိုးရ သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုအဆင့်က တင်ပြလာတဲ့ဥပဒေကြမ်း တွေကိုတော့ တိုက်ရိုက်လွှတ်တော်ကလက်ခံပြီးတော့ သက်ဆိုင်ရာအဆင့်ဆင့်လုပ်နည်းများအတိုင်း ဆောင်ရွက်ရပါ တယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာတဲ့ဥပဒေကြမ်းကြတဲ့ အခါကျတော့ လွှတ်တော်ကို ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဆုံးဖြတ်ဖို့ သဘောတူ၊ မတူ လွှတ်တော်ကို တင်ပြရ ပါတယ်။ လွှတ်တော်ကနေ သဘောတူတယ်ဆိုလို့ရှိရင် ဒီဥပဒေကြမ်းကိုဆက်ပြီးတော့ သူ့လုပ်ထုံးလုပ် နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရတာရှိပါတယ်။ ဒါက မေးခွန်း၊ အဆို၊ ဥပဒေကြမ်းတင်သွင်းခြင်း နဲ့ အဆိုတင်သွင်းတဲ့နေရာမှာ မူလအဆိုကိုတင်သွင်းပြီးတော့ အဆိုတင်သွင်းတဲ့လူက၊ သူက၊ ပုဂ္ဂိုလ်က ဒီအဆိုကို ပြန်လည်ရုပ်သိမ်းမယ်လို့ တောင်းခံလာတဲ့အခါမှာ တောင်းခံခွင့်ရှိပါတယ်။ သို့ရာတွင် ဒီအဆို သည် ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကတင်သွင်းတဲ့အဆိုဖြစ်တဲ့အတွက် လွှတ်တော်မှာတက်ရောက်နေတဲ့ ကိုယ်စားလှယ်တစ်ဦးက ဒီလိုရုပ်သိမ်းမှုကို နှုတ်နဲ့ပင်ကန့်ကွက်တယ်။ ရုပ်သိမ်းခွင့်မပြုဘူး ဆိုလို့ရှိရင် ဒီအဆိုကို ရုပ်သိမ်းခွင့်မရှိပါ။ ပြီးခဲ့တဲ့ရက်ပိုင်းက ဒီဖြစ်စဥ်မျိုးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းဖြစ်စဥ်က ဘာလည်းဆိုရင်သူကတော့ မူလအဆိုမဟုတ်ပါဘူး။ ပြင်ဆင်ချက်အဆိုဖြစ်ပါတယ်။ ပြင်ဆင်ချက်ဆိုတာက မူလဥပဒေကြမ်း၊ ဥပဒေကြမ်းတင်သွင်းလာတဲ့အပေါ်မှာမူတည်ပြီးတော့ အပိုဒ်လိုက်၊ အပိုဒ်လိုက်၊ အပိုဒ်လိုက် ပြင်ဆင်ချက်ရှိရင် ဒီပြင်ဆင်ချက်ကိုလွှတ်တော်ရဲ့ သဘောထားရယူပါတယ်။ လွှတ်တော်က အများစုက ထောက်ခံတယ်ဆိုရင် ပြင်ဆင်ချက်ကအတည်ပါပဲ။ မထောက်ခံဘူးဆိုလို့ရှိရင် ပြင်ဆင်ချက်အဆိုမအောင် မြင်ပါဘူး။ ဒါကြောင့်မို့လို့အဆိုတင်ပြီဆိုလို့ရှိရင်၊ မေးခွန်းတင်ပြီဆိုလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌကဆုံးဖြတ်ပြီး

ဒီဟာကို မေးသင့်တယ်လို့ အဆိုတင်သွင်းတဲ့သူလို့ တင်ပြတဲ့အပေါ်မူတည်ပြီးတော့ လာရောက်ဖြေကြားတဲ့ ပြည်ထောင်စုအဆင့်မည်သူမဆို ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်ကို ပြန်လည်ဖြေကြားခြင်းပဲဖြစ်ပါတယ်။ လွှတ်တော်ရဲ့အဆိုကို ပြန်လည်ဆွေးနွေးဖို့ လာရောက်ခြင်းပဲဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဆိုလို့ရှိရင် လွှတ်တော်ကအတည်ပြုထားတဲ့ ဥပဒေကြမ်းများဖြစ်တဲ့အတွက် လွှတ်တော်မှာပဲ လာရောက်ပြီးတော့ ဆွေးနွေးဖို့ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တချို့ ဒီလုပ်ထုံးလုပ်နည်းနဲ့ ဆိုင်တဲ့ဟာတွေကို တချို့တွေ ဝိဝါဒဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဝိဝါဒဖြစ်နေတာသိတဲ့အတွက် ယခုဒီလို တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုများ၊ မေးခွန်းများကတော့ ကိစ္စမရှိဘူး။ အဆိုနဲ့ဥပဒေကြမ်း တင်သွင်းလာပြီ ဆိုလို့ရှိရင်တော့ လွှတ်တော်က ပိုင်သွားပြီဖြစ်တဲ့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်နဲ့သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ပြန်ပြောမယ်ဆိုရင် အဆိုကိုပြန်ရုပ်သိမ်းတယ်ဆိုတဲ့အခါမှာ နှုတ်ဖြင့် တစ်ဦးတစ်ယောက်က ကန့်ကွက်လိုက်တယ်ဆိုလို့ရှိရင် ဒီအဆိုကို ရုပ်သိမ်းခွင့်မရှိကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များ သဘောပေါက်ဖို့၊ နားလည်ထားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ မိမိတင်တဲ့ အဆိုဟာ တင်သင့်ခြင်း၊ မတင်သွင်းသင့်ခြင်းဆိုတာ ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီးမှ အဆိုကိစ္စနဲ့ တင်ပြဖို့လို အပ်ကြောင်း ပြောချင်ပါတယ်။ ဒီနေရာမှာလည်း ဒီနေ့ ခုနက ၁၁ နာရီမထိုးခင် မိမိအစည်းအဝေးကို ခေတ္တရပ်ပါတယ်။ ရပ်တဲ့အကြောင်းက ဒီအဆိုနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်တဲ့ဝန်ကြီးဌာနက ပြန်လည် ဆွေးနွေးဖို့ရှိတဲ့နေရာမှာ ဒီအခန်းထဲကို သက်ဆိုင်ရာဝန်ကြီးလည်း မရောက်ရှိသေးဘူး။ ပြီးတဲ့အခါမှာ ဒီမိမိတို့အဆိုနဲ့ပတ်သက်ပြီးတော့ ဒီနေ့ Argenta ထဲမှာရေးထားတဲ့ အဆိုက ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ်ဒွဲဘူကနေပြီးတော့ ကံမကောင်းဘူး။ သူ့ရဲ့အဆိုဟာ ကချင်ပြည်နယ် ဆိုတာပဲပါတယ်။ ကချင်ပြည်နယ် ပါတယ်။ ဒါကချင်ပြည်နယ်မဟုတ်ပါဘူး။ ဒါကိုဖျက်ပေးပါဆိုပေမယ့် အဆိုထဲမှာဒီလိုပါနေတယ်ဆိုပြီးတော့ ဒီလိုတင်ပြသွားတာရှိပါတယ်။ အဲတော့ဒါနဲ့ပတ်သက်လို့ အဆိုကိုပြင်ဆင်မယ်ဆိုလို့ရှိရင်လည်း လွှတ်တော် ဥက္ကဋ္ဌဆီကိုရောက်အောင်တင်ပြပြီးတဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်မှ အဆိုပြင်ဆင်မှုကိုလည်း လက်ခံဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆင့်ဆင့်တာဝန်ယူထားတဲ့ပုဂ္ဂိုလ်များဟာ မိမိတို့မေးခွန်းပဲဖြစ်ဖြစ်၊ အဆိုပဲဖြစ်ဖြစ် တင်ပြလာတဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌထံ ပြင်ဆင်ချက်ရယူဆောင်ရွက်ဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီနေ့ ပြန်လည်ဖြေကြားမယ့်ဝန်ကြီးကို၊ သက်ဆိုင်ရာဝန်ကြီးကို ဒါနဲ့ပတ်သက် ပြီးတော့ မေးခွန်းမှာ၊ အဆိုမှာဒီလိုပြင်ထားတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ရပြီးလားဆိုတဲ့အခါမှာ ဒီလိုတော့ တိတိကျကျမရဘူး။ သို့ရာတွင် သူဖြေဖို့ကတော့ ဒီလိုလုပ်ထားပါတယ်ဆိုတဲ့အတွက် ထပ်ပြီးတော့လည်း

ဝန်ကြီးကို ခုနက ကချင်ပြည်နယ်အတွင်းဆိုတဲ့ဟာ ဖျက်ပြီးတဲ့အခါမှာ ကျန်တာလည်းသင့်သလိုဖြေဖို့ ဒါ ဝန်ကြီးလည်း ဒီလိုပဲဝန်ကြီးကိုလည်း အကြောင်းကြားထားပါတယ်။ ဆိုလိုတာက မိမိတို့လွှတ်တော်က ပြည်သူ့ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းပြီးတဲ့အခါမှာ ပြည်သူ့ကိုယ်စား၊ ပြည်သူ့ဆန္ဒများကိုတင်ပြတဲ့နေရာမှာ အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲလိုတင်ပြတဲ့နေရာမှာလည်း ကျွန်တော်တို့ အမြဲပြောနေတာက ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် နိုင်ငံတော်အကျိုး၊ နိုင်ငံသားအကျိုးများ ဖြစ်ထွန်းစေသော မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေကို တင်သွင်းဖို့မျှော်လင့်ပါတယ်။ တကယ်တမ်း ကျတော့လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နိုင်ငံ့အကျိုး၊ နိုင်ငံသားများ အကျိုးအတွက် ဆောင်ရွက်ရုံမှတစ်ပါး အခြားမရှိပါဘူး။ ဒါကြောင့်မို့လို့ မိမိတို့တင်သွင်းလာတဲ့မေးခွန်းတွေ၊ အဆိုတွေနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌဆီမှာပြန်စစ်တဲ့အခါမှာ တစ်ခုမှချန်ထားခြင်းမရှိပါဘူး။ ပြည်သူ့အခွင့်အရေးဆုံးရှုံး မှာစိုးလို့၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဆုံးရှုံးမှာစိုးလို့ ချန်ထားတာမရှိပါဘူး။ သို့အတွက် မရှိဘူးလားဆိုတဲ့နေရာမှာ လွှတ်တော်နဲ့ဆိုင်တဲ့ လွှတ်တော်ကပြန်ဖြေရမယ့် မေးခွန်းများ၊ အဆိုများကိုစွ ကတော့ လွှတ်တော်ကသီးခြားဖြေရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနလည်း ပေးထားတာမရှိဘဲနဲ့ လွှတ်တော်မှာပဲ စောင့်ဆိုင်းထားရပါတယ်။ အဲဒီစောင့်ဆိုင်းထားတဲ့ အဆိုတွေ၊ မေးခွန်းတွေဟာလည်း အခြားသူများမေးတဲ့အမေး၊ အခြားသူများဖြေတဲ့အဖြေပေါ်မှာမူတည်ပြီးတော့ တချို့ဟာဖြေစရာမလိုတော့ တဲ့အတွက်လည်း ဒါတွေလည်း ချန်ထားထားတာဖြစ်ကြောင်းလည်း အသိပေးလိုပါတယ်။ ဆက်ပါမယ်။ အစည်းအဝေးနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၆ ရက်မြောက် နေ့မှာ တင်သွင်းခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်း စဥ်များကိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအဆိုနဲ့စပ်လျဥ်းပြီး ဆွေးနွေးလိုကြောင်းလွှတ်တော်ကိုယ်စားလှယ် ၈ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၂-၉-၂၀၁၁ ၊ ၁၆ ရက်မြောက်အစည်းအဝေးတွင် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းထားတဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဥ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာမှာ တစ်ရက် တစ်ရက်လျှင် လူပေါင်းထောင်ချီပြီးတော့ ချေမှုန်းသတ်ဖြတ်နေတဲ့အရာဟာ မူးယစ်ဆေးဝါး ဖြစ်နေတယ်ဆိုတာ လေ့လာသုံးသပ်ရရှိပါတယ်။ မူးယစ်ဆေးဝါးဟာ နံပါတ်(၁) ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်ထုံထိုင်းမူးယစ်စေခြင်း၊ (၂) ကိုယ်ခန္ဓာကို တစ်နည်းနည်းဖြင့် အန္တရာယ်ပြုစေခြင်း၊ (၃)ဆေးဝါးအပေါ် စိတ်ရောကိုယ်ပါစွဲလန်းမှုဖြစ်စေပြီး မသုံးစွဲမနေနိုင်အောင် စွဲလန်းနေခြင်းများကို လေ့လာတွေ့ရှိရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ဘိန်းကို B.C ၄၀၀၀ ခန့်က မက်ဆိုပိုတေးမီးယားဒေသမှာ စုမားဗြားလူမျိုးတွေကနေပြီးတော့ ဘရဆေးပင်စာရင်းထဲမှာ ဘိန်းနဲ့ ဘိန်းရဲ့ဂုဏ်သတ္တိကို ဖော်ပြထားတာ တွေ့ရပါတယ်။ ၁၈၀၃ ခုနှစ်မှာ ဂျာမန်ပညာရှင်တွေကနေပြီးတော့ ဘိန်းကနေပြီးတော့ မော်ဖိန်းကိုထုတ်လုပ်ခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ၁၈၇၄ ခုနှစ်မှာ အင်္ဂလိပ်ပညာရှင်တွေကနေပြီးတော့ ဘိန်းကနေ ဘိန်းဖြူကိုထုတ်လုပ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ၁၈၉၉ ခုနှစ်မှာတော့ ဂျာမန်ပညာရှင်တွေဟာ ဘိန်းဖြူကို ကမ္ဘာကိုဖြန့်နိုင်တဲ့အနေအထားကို တိုးချဲ့လာခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ဘိန်းစတင်ရောက်ရှိခဲ့တာကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ ၁၅၁၅ ခုနှစ်မှာ ပေါ်တူဂီနိုင်ငံသားများမှလည်းကောင်း၊ ၁၅၈၀ ခုနှစ်မှာ အီတလီနိုင်ငံသားများမှလည်းကောင်း၊ ၁၆၁၃ ခုနှစ် အာရပ်ကုန်သည်များမှလည်းကောင်း၊ ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲ ပထမစစ်ပွဲအပြီး ရခိုင်နှင့်တနင်္သာရီကမ်းရိုးတန်းဒေသများသို့လည်းကောင်း ဘိန်းများစတင်ဝင်ရောက်ခဲ့ တာကိုလေ့လာတွေ့ရှိရပါတယ်။ မြန်မာဘုရင်မင်းဗဒုံမင်းလက်ထက်မှာ ဗဒုံမင်းလက်ထက် ၁၇၈၂ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ပြင်းပြင်းထန်ထန်အမိန့်တွေကိုထုတ်ပြန်ပြီးတော့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးကို တားဆီးပိတ်ပင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

ထို့နည်းတူစွာပဲ ၁၉၄၉-၁၉၅၀ ခုနှစ်မှာ ကူမင်တန်ဆက်သားများကနေပြီးတော့ မြန်မာနိုင်ငံကို ကျူးကျော်ပြီးတော့ ဘိန်းတွေကို ဝင်ရောက်စိုက်ပျိုး သယ်ဆောင်ရောင်းဝယ်ခြင်းများ ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံတပ်မတော်အနေနဲ့ ယုဇနစစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ဆင်ဖြူရှင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေးများဖြင့် ဘိန်းစိုက်ပျိုးတဲ့ဒေသ တွေကို လိုက်လံရှာဖွေပြီးတော့ ဖျက်ဆီးခဲ့တာကိုလည်း တွေ့ရပါတယ်။ ၁၉၅၁ ခုနှစ်မှာ ဘိန်းစုံစမ်းရေး ကော်မတီကို ဖွဲ့စည်းပြီး-

(၁) ဘိန်းစားသုံးမှုတိုက်ဖျက်ရေး

(၂) ဘိန်းအစားထိုးစိုက်ပျိုးရေး

(၃) မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးဆိုပြီးတော့ ပြုလုပ်ခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ၁၉၅၅ခုနှစ်မှာတော့ ဘိန်းစားသုံးသူများမှတ်ပုံမတင်မနေရဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၉၇၄ ခုနှစ်မှာတော့ဖြင့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး နည်းဗျူဟာသုံးရပ်ကိုချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့တာကိုတွေ့ ရပါတယ်-

(၁) မူးယစ်ဆေးဝါးပပျောက်ရေး

(၂) သုံးစွဲသူပပျောက်ရေး

(၃) တားဆီးနှိမ်နင်းရေးတွေကို စီမံချက်ချပြီးတော့ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။

၎င်းအပြင် ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလကနေပြီးတော့ ၁၉၈၈ ခုနှစ်၊ ဧပြီလအထိ မိုးဟိန်းစစ်ဆင်ရေး အဆင့် ၁ မှ အဆင့် ၁၂ထိလည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး အဆင့် ၁ မှ အဆင့် ၈ ထိလည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့် ၁ မှ အဆင့် ၄ ထိလည်းကောင်း၊ တောင်ထိပ်ပန်းစစ်ဆင်ရေးများကို ချမှတ်ပြီးတော့ ဘိန်းစိုက်ပျိုးတဲ့ဒေသတွေကို ဘိန်းပင်များလိုက်လံဖျက်ဆီးခြင်း၊ ဘိန်းရောင်းဝယ်သူများကို လိုက်လံဖော်ထုတ်ပြီးတော့ အရေးယူဆောင်ရွက်ခြင်းများကို တွေ့ရှိရပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာလည်း တပ်မတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်တဲ့ဒေသတွေကို ဘိန်းအစားထိုးသီးနှံစိုက်ပျိုး ဖို့အတွက် ၁၉၉၃ ခု ကနေပြီးတော့ ၂၀၀၃ ခုနှစ် အောက်တိုဘာလအထိ ကျပ်သန်းထောင်ပေါင်း ၄၅.၇၆၂၉ အမေရိကန်ဒေါ်လာပေါင်း ၅၀၆ သန်းကျော် နိုင်ငံတော်မှအကုန်အကျခံပြီးတော့ ဆောင်ရွက်

ပေးခဲ့တာကိုလည်းတွေ့ရပါတယ်။ သို့သော်လည်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ကနေ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ တိုင်းဒေသကြီးပြည်နယ်အသီးသီးတွင်ဘိန်းစိုက် ဧက ၁၇၄၄၀.၂၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပါတယ်။ ဒေသအနှံ့အပြားမှာ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများရှိနေပြီး အနာဂတ်ကာလအတွက် ရင်လေးစရာဖြစ်နေပါပြီ။ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ ပြည်သူ့ကိုယ်စားလှယ်များပေါ်ပေါက်လာခြင်း ပြည်သူ့ကိုယ်စားလှယ်တွေကနေပြီးတော့ အုပ်ချုပ်ရေးအသစ်တွေ ဖွဲ့စည်းပေါ်ပေါက်လာခြင်းများကြောင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ဖိဖိစီးစီး နိုင်နိုင်နင်းနင်းကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်ဆိုပြီးတော့ မျှော်လင့်စောင့်စားလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဒီနေ့ဆွေးနွေးနေတဲ့ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးတော့ မှတ်တမ်းတင်ခြင်းအဆင့်နဲ့ပဲမရပ်ဘဲနဲ့ အတည်ပြုဆုံးဖြတ်ပြီးတော့ မူးယစ်ဆေးဝါးပပျောက်သည်အထိဆောင်ရွက်ဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ပြန်လည်လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ အမျိုးသားများထက်အမျိုးသမီးတွေ ပိုများနေတာကိုတွေ့ရပါတယ်။ ဆေးဝါးသုံးစွဲသူများကိုသုံးသပ်ကြည့်တဲ့အခါမှာ အရပ်သားများအပြင် နိုင်ငံ့ဝန်ထမ်းတွေ ကျောင်းသူကျောင်းသားတွေအထိ ပါဝင်နေတာကိုတွေ့ရပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ မူးယစ်ဆေးဝါးနှိမ်နင်းရမည့်တာဝန်ရှိပုဂ္ဂိုလ်အချို့ဟာ မိမိတို့ရဲ့လုပ်ငန်းတာဝန်ပေါ်မှာ ရိုးသားကြိုးစားစွာနဲ့ ဆောင်ရွက်နေတာကိုတွေ့ရသော်လည်းအချို့အကျင့်ပျက်ဝန်ထမ်းများဟာ ၎င်းတို့ကိုယ်တိုင်မူးယစ်ဆေးဝါးစွဲပြီး မူးယစ်ဆေးဝါးရောင်းသူတွေနဲ့ သုံးစွဲသူတွေထံကနေပြီးတော့ နည်းမျိုးစုံနဲ့ကိုယ်ကျိုးစီးပွားရှာနေတာကို တွေ့နေရပါတယ်။ ၎င်းပြင် မူးယစ်ဆေးဝါးနှိမ်နင်းတဲ့အခါမှာလည်း သတင်းပေါက်ကြားမှုတွေရှိပြီး ထိရောက်တဲ့အောင်မြင်မှုတွေမရရှိတာကိုလည်း တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော တရားမဝင်ရောင်းဝယ်မှုများတိုက်ဖျက်ရေးကို အောက်ပါအတိုင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်-

(၁) ဘိန်းစိုက်ပျိုးလေ့ရှိသောဒေသများအား စောင့်ကြည့်လျက်စဉ်ဆက်မပြတ် လိုက်လံရှာဖွေဖျက်ဆီးခြင်းအစီအမံများ ဆောင်ရွက်ခြင်း၊

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့ကို အင်အားတိုးချဲ့ဖွဲ့စည်းခြင်း တပ်ဖွဲ့ဝင်များတွင် အမျိုးသမီးတပ်ဖွဲ့ဝင်ပါ ထည့်သွင်းဖွဲ့စည်းခြင်း၊

(၃) မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ကို ဒေသတစ်ခုအတွင်းမှာ တစ်နှစ်ထက်ပိုမထားဘဲနဲ့ နှစ်နှစ်မျှသာ တာဝန်ပေးစေခြင်း၊

(၄) မူးယစ်ဆေးဝါးဖော်ထုတ်နှိမ်နင်းရေးတာဝန်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများထိ တာဝန်ပေး ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။

လေးစားပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးစွဲသူများ ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်း သူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန်ဖော်ပြပါအတိုင်း အကြံပြုလိုပါတယ် -

(၁) ဆေးစွဲသူများ၏အမည်စာရင်းကို နည်းမျိုးစုံဖြင့် ကောက်ခံပြုစုခြင်း၊

(၂) ဆေးစွဲသူများအား လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရေးအတွက် လိုအပ် သည့် ဆေးဝါးကုသခြင်း ၊ဆေးဝါးများပံ့ပိုးခြင်းများဆောင်ရွက်ခြင်း၊

(၃) တိုက်နယ်ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံများတွင် ဆေးဝါးကုသရန်အတွက်လိုအပ်ပါက ကူညီ ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အောက်ခြေဝန်ထမ်းတွေအထိ ညွှန်ကြား သင့်ပါတယ်။

ဒီဟာကိုဘာဖြစ်လို့တင်ပြရလဲဆိုရင် မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ကာကွယ်နှိမ်နင်းဖို့အတွက် စေတနာရှင်တွေကနေပြီးတော့ အလှူခံပြီး ရရှိပါတယ်။ သို့သော်လည်း ဆေးဝါးကုသဖို့သွားပြီးတော့ တာဝန်ရှိတဲ့ သူတွေကိုညှိနှိုင်းတဲ့ အခါမှာ ကျွန်တော်တို့ဟာ မူးယစ်ဆေးဝါးကုသတဲ့ သူတွေမဟုတ်ဘူးဆိုတဲ့ အသုံးအနှုန်းတွေ ပါလာတဲ့အတွက်ကြောင့်မို့ဒီဟာကိုထည့်သွင်းဖော်ပြခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ဒေါ်ဒွဲဘူရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ နမ့်ခမ်းမဲဆန္ဒနယ်က ဒေါက်တာစိုင်းကျော်အုန်းကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်က

ဒေါက်တာ စိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူ အဆိုတင်သွင်းခဲ့တဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကိုကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးခြင်း၊ လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရေးအဆိုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၆ ရက်မြောက်နေ့မှာ ကိုယ်စားလှယ်တော် ဒေါ်ဒွဲဘူ တင်ပြခဲ့တဲ့အချက်များထဲမှာ မြစ်ကြီးနားတက္ကသိုလ် ကျောင်းသားများ ဆေးထိုးအပ်ဖြင့် မူးယစ်ဆေးဝါးများသုံးစွဲကြကြောင်းကို ကြားသိရလို့ရင်နင့်အောင်ခံစားရပါတယ်။ အလားတူစွာပဲ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ခမ်းမြို့နယ်မှာဆိုရင်လဲ တောင်သူလယ်သမားများ ကျောင်းသားများအပြင် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတချို့နဲ့ နိုင်ငံ့ဝန်ထမ်းတချို့တောင် မူးယစ်ဆေးဝါးရဲ့သားကောင်ဘဝရောက်ရှိနေတာကို တွေ့မြင်နေရပါတယ်။ ထိုနည်းတူစွာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွေမှာလည်း မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်နေရပါတယ်။ ရင်နင့်စရာကောင်းသည်မှာ အချို့ကျောင်းသားမိဘများဟာ ၎င်းတို့ရဲ့သား၊ သမီးများ မူးယစ်ဆေးဝါးသုံးစွဲမိမှာစိုးလို့ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများနဲ့အောင်မြင်ခဲ့ကြတဲ့ သား၊သမီးများကို တက္ကသိုလ်မပို့ရဲတော့တဲ့ အဖြစ်မျိုးလည်းရှိနေတာကို မြင်တွေ့ကြားသိနေရပါတယ်။ မူးယစ်ဆေးဝါးကြောင့် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်နစ်နာဆုံးရှုံးရသည်မှာ လယ်ပြင်မှာဆင်သွားသလိုမြင်သာလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကင်းစင်ချုပ်ငြိမ်းသွားမှသာ သုံးစွဲသူများလည်း အလိုလိုပပျောက်သွားမှာဖြစ်တဲ့အတွက် ဒီကိစ္စကိုစီမံချက်ဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွား ကြမယ်လို့ယုံကြည်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံချက်ရေးဆွဲထားပြီးသားလည်း ရှိကောင်းရှိနိုင်ပါတယ်။ ယခင်တပ်မတော်အစိုးရ လက်ထက်မှာလည်း ဒီမူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများရဲ့ အနိဋ္ဌာရုံကို ဘဏ္ဍာငွေအမြောက်အများအကုန်အကျခံပြီးတော့ သတင်းမီဒီယာများဖြင့်လည်းကောင်း၊ အသိပညာပေးဟောပြောပွဲများဖြင့် လည်းကောင်း၊လက်ကမ်းစာစောင်များ၊ ရေဒီယို၊ ဗွီဒီယို၊ ရုပ်ရှင်များဖြင့်လည်းကောင်း နည်းမျိုးစုံဖြင့် ပညာပေးဆောင်ရွက်မှုများစွာလုပ်ခဲ့သည်သာမက ကာကွယ်တားဆီးရေးအပိုင်းမှာလည်း ပြည်ထဲရေးဝန်ကြီးဌာန

ဗိုလ်ချုပ်မောင်ဘိုလက်ထက်မှာ ဗဟိုအဆင့်၊ တိုင်းနဲ့ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ်အဆင့်ဆင့် အဖွဲ့များဖွဲ့ပြီး ဖမ်းဆီးသိမ်းဆည်းရမိတဲ့ မူးယစ်ဆေးဝါးများနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကို နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂကိုယ်စားလှယ်များရှေ့မှောက်မှာ အကြိမ်ကြိမ်မီးရှို့ဖျက်ဆီးပစ်ခဲ့တာတွေလည်း တန်ချိန်ပေါင်းများစွာမရေတွက်နိုင်အောင် များပြားလှတာကို ကမ္ဘာသိ၊ မြန်မာသိဖြစ်ပါတယ်။ သို့ပါသော်လည်း ဝိသမလောဘသားများရဲ့လက်ချက်ကြောင့် ကုလသမဂ္ဂ၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့ UNODC ရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ အများဆုံးဘိန်းစိုက်ပျိုးတဲ့ဒေသဟာ ရှမ်းပြည်နယ်ဖြစ်ပြီးတော့ ပြီးခဲ့တဲ့နှစ်ဘိန်းစိုက်ပျိုးရာသီမှာ ရှမ်းပြည်နယ် ၅၅ မြို့နယ်ရှိတဲ့အနက် ၄၆ မြို့နယ်မှာ ဘိန်းစိုက်ပျိုးခဲ့တဲ့အကြောင်း ကြားသိရတဲ့အတွက် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စိတ်ရင်လေးရပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့ မဲဆန္ဒနယ် နမ့်ခမ်းမြို့နယ်မှာ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်ပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးနဲ့ မူးယစ်အထူးအဖွဲ့များပါဝင်တဲ့ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးရေးပူးပေါင်းအဖွဲ့ဟာ သတင်းရရှိမှုအရ ရှောင်တခင်ရှာဖွေဖမ်းဆီးရေးများ ဆက်တိုက်ပြုလုပ်ခဲ့တဲ့အတွက် မူးယစ်ဆေးနဲ့၎င်းနဲ့ပတ်သက်တဲ့ပစ္စည်းများနှင့်အတူ ရောင်းဝယ်သယ်ဆောင်သူများကို အထိုက်အလျောက်ဖမ်းဆီးသိမ်းဆီးရမိတာကို ပြည်သူများမြင်တွေ့ကြရလို့ ဝမ်းသာပီတိဖြစ်ကြောင်းသိရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မှာ ဘိန်းစိုက်ပျိုးမှုများပြားလာတဲ့ အကြောင်းရင်းဇစ်မြစ်ကို ရှုမြင်သုံးသပ်ကြည့်မယ်ဆိုရင်-

(၁) ဘိန်းစိုက်ပျိုးခြင်းသည် စီးပွားရေးတွက်ခြေကိုက်ခြင်း၊

(၂) ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးအောင်မြင်မှုမရှိခြင်း၊

စတဲ့အချက်တွေကြောင့်လို့ ထင်မြင်မိပါတယ်။ အထူးသတိပြုသင့်သည်မှာ မူးယစ်ဆေးဝါးရောင်းဝယ်သူလက်ကြီးသမားများဟာ တရားမဝင်လက်နက်ကိုင်ဆောင်ထားကြသူများချည်းဖြစ်တဲ့အတွက် ၎င်းတို့ကိုရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူရန်မှာ တပ်ဖွဲ့ဦးရေနည်းပါးလှတဲ့ မူးယစ်အထူးအဖွဲ့များအတွက် မကြာခဏ အခက်အခဲကြုံတွေ့ခဲ့ရတတ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၎င်းတရားမဝင် မူးယစ်ဆေးဝါးကုန်သည်များ မက္ကဆီကိုနိုင်ငံမှာလိုမျိုး အင်အားကြီးထွားမလာ စေရန်အစိုးရနှင့်ပြည်သူပူးပေါင်းပြီး တိုက်ဖျက်ချေမှုန်းသွားဖို့လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာ့ပြဿနာ တစ်ခုတည်းသာမဟုတ်ပါ။ ကမ္ဘာ့ပြဿနာဖြစ်တဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့ UNODC အနေဖြင့်

လည်းတာဝန်ယူပြီး ကျွန်တော်တို့နိုင်ငံအား ပြောဆိုဝေဖန်နေမည့်အစား ဒီနေ့ဒီအချိန်မှာ ပူးပေါင်းပါဝင်ကူညီသင့်တယ်လို့ယူဆပါတယ်။ ဒါကြောင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးအောင်မြင်မှု မရှိသေးတာကို အောင်မြင်မှုရှိအောင် နည်းပညာများနှင့်ပံ့ပိုးကူညီမှုပေးခြင်း တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို အရှိန်အဟုန်မြှင့်တင်တားဆီးကာကွယ်ရေး ဖမ်းဆီးအရေးယူနိုင်ရေးနှင့် လိုအပ်သည်များပံ့ပိုးကူညီခြင်းများဆောင်ရွက်ပေးသွားမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ မူးယစ်ကင်းစင်မြန်ပြည်တခွင်အဖြစ်သို့ မနွေးအမြန်ရောက်ရှိပြီး စည်ပင်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ်ရောက်ရှိလာမှာမလွဲပါ။ မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း တစ်ပတ်တစ်ခါ ဆေးထုတ်ပေးခြင်းမျိုးမဟုတ်ဘဲ စနစ်တကျစခန်းသွင်းပြီးတော့ ကုသစောင့်ရှောက်ပေးခြင်းအားဖြင့် လူကောင်းသူကောင်းသို့ ပြန်လည်ရောက်ရှိစေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၆ ရက်နေ့မှာ တင်သွင်းခဲ့တဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့အဆိုကို လွှတ်တော်မှာအတည်ပြုပေးနိုင်ပါရန် လေးစားစွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒီမိုကရေစီဘက်တော်သားများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဆွေးနွေးမှာကတော့ ဒေါ်ဒွဲဘူ၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်မထက်အရင်နှစ်ဦးဆွေးနွေးခဲ့တဲ့ဟာတွေကို မပြောတော့ပါဘူးရှင်။ အဆိုရှင်ဖြစ်တဲ့ ဒေါ်ဒွဲဘူအဆိုတင်သွင်းတဲ့နေ့မှာ ပြည့်ပြည့်စုံစုံတင်သွင်းသွားတယ်လို့ ကျွန်မအနေနဲ့ မြင်မိပါတယ်။ ဒါပေမယ့် နောက်ထပ်တစ်ချက်ပဲ ကျွန်မထပ်ဖြည့်စွက်ဖို့အတွက် ကျွန်မအနေနဲ့ ဆွေးနွေးမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ ဥပဒေထဲမှာ နောက်ထပ် ကွမ်းယာနဲ့ဆိုင်တဲ့ဥပဒေတစ်ခုကိုထပ်ပြီး ထည့်သွင်းစေချင်ပါတယ်လို့ အကြံပြုပါတယ်ရှင်။ ကွမ်းယာဆိုင်တွေကိုလည်း စိစစ်စေချင်ပါတယ်။ ကျွန်မလေ့လာမိသလောက် ကျွန်မတို့နယ်ဘက်က ကွမ်းယာသည်တွေဟာ ထုံးစပ်တဲ့အချိန်မှာထုံးထဲကို လူတွေစွဲလန်းစေတတ်တဲ့ အရာတွေထည့်ထားတယ်လို့ လေ့လာသုံးသပ်မိပါတယ်ရှင်။ ဒါကြောင့် ဆိုင်ကကွမ်းယာတွေကိုစားသုံးမိပြီဆိုရင် စွဲလန်းပြီး

ဖြတ်ဖို့ အရမ်းခက်ခဲပါတယ်။ ကိုယ့်အိမ်ကကွမ်းယာကိုတောင် မစားချင်တဲ့အဆင့်ထိ ရောက်သွားခဲ့ပါတယ်။ ဒါက ကွမ်းယာကိုစွဲလန်းတဲ့ပြဿနာပါ။

ဥက္ကဋ္ဌကြီးရှင့်။ နောက်ထပ်ပြဿနာတစ်ခုက တချို့ကွမ်းယာဆိုင်တွေမှာ လူတွေကို မူးယစ်စွဲလန်းစေတတ်တဲ့ ဆေးတွေလည်း ရောင်းဝယ်ဖောက်ကားနေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒီဆေးတွေဟာ ထိုင်းနိုင်ငံနယ်စပ်ကနေတစ်ဆင့် မြန်မာနိုင်ငံထဲကိုဝင်ရောက်နေတယ်လို့ လေ့လာသိရှိခဲ့ပါတယ်။ အဆိုးဆုံးက အရွယ်မရောက်သေးတဲ့ ရှစ်တန်း၊ ကိုးတန်း ကျောင်းသားလေးတွေကို ကျောင်းစာသင်ခန်းထဲ အထိရောက်အောင်ဖြန့်ဖြူးနေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနဲ့သိကျွမ်းခင်မင်တဲ့ ကလေးတစ်ယောက်ဆိုရင် ၁၀ တန်းတက်တဲ့နှစ်မှာ ရွာသာကြီးဆေးရုံကိုတင်ပို့ရတဲ့အခြေအနေအထိ ဆိုးရွားစွာနဲ့အခြေအနေရင်နင့်စွာရင်ဆိုင်ပြီးတော့တွေ့ကြုံခဲ့ရပါတယ်။ သူနေပြန်ကောင်းတဲ့အချိန်မှာ သတင်းသွားမေးတော့ သူက ပဲသောက်လို့ဖြစ်သွားတာပါတဲ့ ဒိုင်ယာစီပင်၊ ရာဘတို့ကို ပဲလို့ပဲခေါ်ကြပါတယ်။ ပဲကြီးလျှော်ဝယ်သလို လွယ်လွယ်ကူကူဝယ်လို့ရပါတယ်လို့ ပြောပြပါတယ်ရှင်။ နောက်ပြီး ကျွန်တော်တစ်ယောက်တည်း သောက်တာမဟုတ်ပါဘူးတဲ့။ ပြည်နယ်မှာနေတဲ့ ယောကျ်ားလေးတော်တော်များ သောက်သုံးနေပါတယ်တဲ့ အစ်မမယုံရင်လေ့လာကြည့်ပါလို့ ကျွန်မကိုပြောပါတယ်။ သူပြောမှ ကျွန်မရဲ့ပတ်ဝန်းကျင်မှာရှိတဲ့သူတွေကိုလေ့လာကြည့်တော့ လူပျို လူရွယ်တွေမကဘူး။ အိမ်ထောင်သည် လူအိုတွေတောင် သောက်သုံးနေတာတွေ့နေရပါတယ်။ တချို့ဆိုရင် သောက်သုံးနေတာမကဘူး။ ရောင်းဝယ်ဖောက်ကား နေတာတွေလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မဲဆန္ဒနယ်ရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာ ရွာတိုင်းရွာတိုင်းမှာ ဒီမူးယစ်ဆေးဝါး ဒီလောက်ပြန့်ကျဲနေတာကို အထက်လူကြီးတွေသိအောင်မပြောပြဘူးလားလို့ ကျွန်မကို မေးကြပါတယ်။ ဒါကြောင့် ကျွန်မက ဌာနဆိုင်ရာတွေကိုအကြောင်းကြားတော့ တချို့အရာရှိတွေက ပြည်သူတွေမြင်နေ၊ သိနေ၊ တွေ့ရှိနေတာကို သူတို့တွေကမတွေ့၊ မမြင်၊ မသိရှိကြပါဘူးတဲ့ရှင့်။ ဒါကြောင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို ကျွန်မတို့နယ်ဘက်မှာလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲနေသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ အနာဂတ်ခေါင်းဆောင်ကောင်းများနှင့် လူကောင်းသူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဥ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ကျွန်မအနေဖြင့် လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူတင်သွင်းခဲ့တဲ့ အဆိုတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကိုကယ်တင်ခြင်း၊စောင့်ရှောက်ခြင်း၊လူကောင်း သူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် ပေးနိုင်ရေး အဆိုနဲ့ပတ်သက်ပြီးထောက်ခံ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာပန်ကြားအပ်ပါ တယ်ခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အပါအဝင် အချို့ပြည်နယ်များအတွင်း လမ်းပန်းဆက်သွယ်ရေး ဝေးလံခက် ခဲပြီးလူသူအရောက်အပေါက်နည်းသောဒေသများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ သွားရောက် ရန်ခက်ခဲသောနယ်စပ်ဒေသများ၊ တောင်ပေါ်ဒေသများရှိ ဒေသခံတိုင်းရင်းသားများသည် ငွေရလွယ်သည့် ဘိန်းခင်းများစိုက်ပျိုးခြင်း၊ စိတ်ကြွရူးသွပ်ဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင် ရွက်လျက်ရှိသည်ကိုလည်းကြားသိရပါတယ်။ ဒါ့ကြောင့် မူးယစ်ဆေးဝါးများတရားမဝင်ရောင်းဝယ်မှုတိုက် ဖျက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အဓိကလုပ်ဆောင်သင့်သည်မှာ စိုက်ပျိုးထုတ်လုပ် လျက်ရှိသော မူးယစ်ဆေးဝါးဘိန်းခင်းများအစား ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် အစားထိုးသီးနှံများ ဥပမာ-စပါး၊ ပြောင်း၊ မြေပဲ၊ ရာဘာ၊ ပဲပုတ်စသည့်သီးနှံများစိုက်ပျိုးရန်နှင့် ထွက်ရှိလာသည့်စိုက်ပျိုးသီးနှံ များဈေးကောင်းရရှိရန်အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဓိကဆောင်ရွက်နိုင်စေရန်၊ ဆက် သွယ်ရေးနှင့်လမ်းတံတားများ ကောင်းမွန်ရန်လိုအပ်ပါတယ်လို့ အကြံပြုဆွေးနွေးအပ်ပါတယ်။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သဘောထားသတ်မှတ်ထားသည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး လူညွှန့်

တိုးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရန်အတွက် မူးယစ်နှိမ်နင်းရေးအဖွဲ့များကလည်း ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချမှုကိုလျော့နည်းသွားစေရန် ပိုမို၍ထိထိရောက်ရောက်အရေးယူဆောင်ရွက်ရန် အကြံပြုဆွေးနွေးလိုပါတယ်။ မူးယစ်ဆေးဝါးသည် မြန်မာနိုင်ငံတစ်ခုတည်း၏အန္တရာယ်မဟုတ်ဘဲ ကမ္ဘာ့လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ လူညွှန့်တုံးစေမည့်အန္တရာယ်ဖြစ်ပါတယ်။ ဒါ့ကြောင့် မူးယစ်ဆေးဝါးဆေးဝါးသုံးစွဲ၊ ရောင်းချသူများအားလုံးကိုလည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခများ အသိပညာပေးခြင်းလုပ်ငန်းများလည်းဆောင်ရွက်သင့်ပါတယ်။ နိုင်ငံအဝန်းရှိ အခြေခံပညာစာသင်ကျောင်းများမှ စတင်၍ တက္ကသိုလ်၊ ကောလိပ်များတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲများ၊ ဆောင်းပါးပြိုင်ပွဲများ၊ ပန်းချီကာတွန်းပြိုင်ပွဲများ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်အန္တရာယ်ဆိုးကျိုးများ ဟောပြောခြင်းလုပ်ငန်းများကို စာသင်ကျောင်းများတွင်သာမကဘဲ မြို့နယ်အဆင့်၊ ပြည်သူလူထုတစ်ရပ်လုံး သိရှိအောင်ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုလျော့နည်းသွားအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးစွဲသူများကိုလည်း နိုင်ငံတော်မှ စနစ်တကျဆေးကုသပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိမိ၏စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ရန်အတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ တင်သွင်းခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်သော အဆိုသည်နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကိုအကျိုးပြုစေမည့် အဆိုတစ်ရပ်ဖြစ်ပါ၍ ကျွန်တော့်အနေနှင့် လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းကို ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များခင်ဗျား။ ကာယသုခ၊စိတ္တသုခနှစ်ဖြာနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ အင်ဂျန်းယန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဖြစ်တဲ့ ဒေါ်ဒွဲဘု ၁၂-၉-၂၀၁၁ ရက်နေ့က အဆိုပြုတင်သွင်းသွားတဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်စေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးဆိုတာ ဘာလဲ၊ ဘာ့ကြောင့် မူးယစ်ဆေးဝါးလို့ သတ်မှတ်သလဲလို့ဆိုတာကို ကျွန်တော်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မြင့်ဆီက ၁၉၈၇ ခုနှစ်က မူးယစ်ဆေးဝါးဆိုတာဘာလဲ၊ အရက်ကိုတော့ဖြင့် ဘာကြောင့် မူးယစ်ဆေးဝါးထဲမထည့်သလဲဆိုတာကိုလေ့လာကြည့်တဲ့အခါမှာ ဒေါက်တာကျော်မြင့်က ဘာပြောသလဲဆိုရင် ကျွန်တော်တို့ ၁၉၇၄ ခုနှစ်က သတ်မှတ်ထားတဲ့ မူးယစ်ဆေးဝါးအကျုံးဝင်သော ဆေးဝါးတစ်ခုလုံးကို သုံးစွဲမယ်ဆိုလို့ရှိရင်တဲ့ မိမိအဖေ၊ အမေကပေးထားတဲ့ နဂိုမူလဗီဇ၊ IQ ထက်နိမ့်ကျသွားပြီးတော့မှ စိတ်ကို ထုံထိုင်းပြောင်းလဲစေသွားပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် ကြံရည်၊ ဖန်ရည် နိမ့်ကျသွားပါတယ်။ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျသွားပါတယ်တဲ့၊ အဲဒီဟာက မူးယစ်ဆေးဝါးကိုသုံးစွဲလိုက်တာနဲ့ တစ်ပြိုင်နက် နဂိုမူလဗီဇ အဖေ၊ အမေပေးထားတဲ့ဦးနှောက်ကို ပြီးပြန်တော့ ဘယ်တော့မှ မမီပါဘူးတဲ့။ အရက်ကဘာ့ကြောင့် မူးယစ်ဆေးဝါးထဲကိုမထည့်သလဲလို့ မေးလိုက်တဲ့အခါကြတော့ အရက်က ခေတ္တ၊ ယာယီမူးယစ်စေတတ်တဲ့ အရည်ဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် အယ်ကိုဟောခတ်ဟာ မူးတော့မူးတတ်တယ်။ သို့သော်လည်းပဲ သူကအယ်ကိုဟောခတ်ကုန်သွားပြီဆိုရင် နဂိုမူလဗီဇ အဖေ၊ အမေပေးထားတဲ့ဉာဏ်ကို ပြန်မီတယ်ဆိုတဲ့အကြောင်း၊ အရက်သောက်ခြင်းသည် ကျွန်တော်တို့ နိမ့်ကျနေတဲ့အတွေးအခေါ်ကို မြင့်တက်လာတယ်ဆိုတဲ့ အကြောင်း၊ကြံရည်ဖန်ရည်ကောင်းလာတယ်ဆိုတဲ့အကြောင်း ပြောသွားပါတယ်။ သို့သော်လည်းပဲ အတိုင်းထက်အလွန် ဆေးဝါးအဖြစ်သဘောမျိုး မဟုတ်ဘဲနဲ့ လူသောက်မသောက်၊ ခွေးသောက်သောက်ရင်တော့ ရူးသွားမှာပဲလို့ပြောပါတယ်။ အဲတော့ ကျွန်တော်ဆိုလိုတာက မူးယစ်ဆေးဝါးဆိုတာ နဂိုမူလဗီဇအဖေ၊ အမေပေးထားတဲ့ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် မူလဗီဇပေးထားတဲ့ Instant သဘာဝအသိလေးလည်းပဲ နုံနဲ့သွားပါတယ်။ ဆရာသမားက သင်ကြားပေးလို့ Intelligence လို့ဆိုတဲ့ဉာဏ်ရည်ဉာဏ်သွေးလည်း နိမ့်သွားပါတယ်။

အရက်သောက်ခြင်းကတော့ဖြင့် အယ်ကိုဟောခါတ်ကုန်သွားလို့ရှိရင် မနိမ့်ကျဘူးဆိုတဲ့အကြောင်း ကျွန်တော် လေ့လာတွေ့ရှိရပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းခင်ဗျား။ ဒေါက်တာကျော်မြင့်က ဘယ်ဒေါက်တာကျော်မြင့်လဲ။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ ဒေါက်တာကျော်မြင့်ဆိုတာ တမူးက မူးယစ်ဆေးဝါးနှိမ်နင်းရေးဆရာဝန်ကြီးပါ။ ဒါကို ဗဟုသုတအနေနဲ့လေ့လာခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ မူးယစ်ဆေးဝါးကိုသုံးစွဲတဲ့ ပုဂ္ဂိုလ်တွေဟာဆိုလို့ရှိရင် တကယ်နုံနဲ့သွားပါတယ်။ ကြံရည်ဖန်ရည်လည်း လုံးဝမရှိတော့ပါဘူး။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်ခွဲဘူတင်ပြသွားတဲ့အဆိုကိုဆန်းစစ်လေ့လာမယ်ဆိုရင် ပထမအချက်အနေနဲ့က မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ရေးဆိုတဲ့ ရည်ရွယ်ချက်တစ်ခုပါပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲတဲ့ပုဂ္ဂိုလ်များကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်းဆိုတဲ့ ရည်ရွယ်ချက်တစ်ခုပါပါတယ်။ တတိယရည်ရွယ်ချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲသူများကို လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်သုံးမျိုးပါပါတယ်။ ပထမအချက်အနေနဲ့ လေ့လာတင်ပြဆွေးနွေးရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၇၄ ခုနှစ်က မူးယစ်ဆေးဝါးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေဟု နဝတဥပဒေအမှတ် (၁) အဖြစ်ပြောင်းလဲပြီးတော့မှ ပြင်ဆင်မှုနှင့် ကျွန်တော်တို့ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီထဲမှာဆိုလို့ရှိရင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေထဲမှာဆိုရင် ကုလသမဂ္ဂကွန်ဗင်းရှင်းကသတ်မှတ်ထားတဲ့ဆေးဝါးများဟာဆိုလို့ရှိရင် ဇယား-၁ကနေ ၂ အထိ ၁၂၅ မျိုးပါပါတယ်။ ၁၉၇၁ ခုနှစ်၊ ကွန်ဗင်းရှင်းမှာ မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားကာ ဇယား-၁ ကနေ ၅ အထိ စုစုပေါင်း ၁၁၆ မျိုးပါပါတယ်။ အဲဒီနှစ်ခုပေါင်းမယ်ဆိုလို့ရှိရင် မူးယစ်ဆေးဝါးအဖြစ်သတ်မှတ်ထားတာ စုစုပေါင်း ၂၄၁ မျိုးရှိပါတယ်။ အဲဒီထဲမှာ အခါအားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့မှ ထုတ်ပြန်ကြေညာတဲ့ဆေးဝါးတွေလည်းပါဝင်ပါတယ်။ ဒါတင်မကသေးပါဘူး။ ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ဥပဒေထဲမှာဆိုလို့ရှိရင် ကုလသမဂ္ဂကထိန်းချုပ်ထားတဲ့ ဘိန်းမဲတွေကို ဘိန်းဖြူတွေပြောင်းတာတို့၊ အခြားအစေးကနေပြီးတော့မှ အရည်ပြောင်းတာတို့၊ အရည်ကနေပြီးတော့မှ အခဲပြောင်းတာတို့ ထိန်းချုပ်ထားတဲ့ဓာတုဗေဒပစ္စည်း၊ ၁၉၈၈ ခုနှစ်၊ ကုလသမဂ္ဂက ထိန်းချုပ်ထားတဲ့

ဓာတုဗေဒပစ္စည်းတွေကတော့ ဇယား-၁ ကနေ ၃ အထိ ၂၅ မျိုး၊ ဥပမာဆိုလို့ရှိရင် ဘိန်းမဲကနေဘိန်းဖြူ ပြောင်းတဲ့ ဓာတုဗေဒဆေးဝါးမျိုးပေါ့။ မူးယစ်ဆေးဝါးအာနိသင်ပါတဲ့ဆေးဝါးက ၂၄၁ မျိုး ၊ ၎င်းမူးယစ်ဆေးဝါးကို အမဲမှအဖြူပြောင်းတဲ့ ထိန်းချုပ်ထားတဲ့ဓာတုဆေးက ၂၅ မျိုး ပါဝင်တယ်ဆိုတဲ့ အကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပြဋ္ဌာန်းလိုက်တဲ့အခါမှာ အခန်းပေါင်း ၉၃ ၊ ပုဒ်မပေါင်း ၂၆ ပါပါတယ်။ အဲဒီမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ မူးယစ်ဆေးဝါး ဥပဒေပုဒ်မ ၁၅ ဆိုတာက မှတ်ပုံမတင်ဘဲနဲ့ ဆေးသုံးစွဲသူ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် မူးယစ်ဆေးဝါးသုံးစွဲသူများကို အကယ်၍မူးယစ်ဆေးဝါးသုံးစွဲပါက ထောင်ဒဏ် အဖြစ်အနည်းဆုံး သုံးနှစ်၊ အများဆုံး ငါးနှစ်သတ်မှတ်ထားပါတယ်။ မူးယစ်ဆေးဝါးဥပဒေ ပုဒ်မ ၁၆ (ဂ)၊ စားဖို့လက်ထဲထားတာပဲဖြစ်ဖြစ်၊ စားဖို့လက်ထဲထားတာဆိုရင် ၃ ဂရမ်၊ ၁၀၀ ဂရမ်ရဲ့ အောက်ဆိုလို့ရှိရင်စားဖို့လက်ထဲထားတာ၊ ၁၀၀ ဂရမ်ရဲ့အထက်ဆိုလို့ ရှိရင်ရောင်းဖို့ထားတာဖြစ်တဲ့အတွက် အဲဒီမှာ ၁၆ (ဂ) မှာဆိုလို့ရှိရင် စားသုံးရန်လက်ထဲထားတဲ့အတွက် အနည်းဆုံးငါးနှစ်၊ အများဆုံးထောင်ဒဏ် ၁၀ နှစ် သတ်မှတ်ထားပါတယ်။ ပုဒ်မ ၁၉ ကတော့ ဘိန်းဖြူတို့၊ ဘိန်းမဲတို့ ကန့်သတ်ချက်တွေပါပါတယ်။ အဲဒါ ရောင်းဝယ်ရန်အတွက် လက်ထဲထားတယ်ဆိုတဲ့ပုဒ်မ ၁၉ မှာ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး နှစ်အကန့်အသတ် မရှိဘူးဆိုပြီးတော့မှ သတ်မှတ်ထားတာဖြစ်ပါတယ်။ အဲဒီ မူးယစ်ဆေးဝါးများကို ကျူးလွန်တာကိုလေ့လာတဲ့အခါမှာ လက်တွေ့နယ်ပယ်မှာ စစ်ကိုင်းတိုင်း အထက်ပိုင်း ကသာ၊ ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ ဖောင်းပြင်၊ မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီး အစရှိသည် ဖြင့် အဲဒီဒေသတွေကို ကျွန်တော် ရောက်သလောက်လေ့လာဆည်းပူးတဲ့အခါမှာ ၁၉၈၈-၁၉၈၉ ခုနှစ်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလိုက်တဲ့အခါမှာ ဓာတ်သတ္တု အမျိုးမျိုးတူးဖော်တဲ့ လုပ်ငန်းတွေ၊ ရွှေတူးဖော်တဲ့ လုပ်ငန်းတွေ၊ ကျောက်မီးသွေးတူးဖော်တဲ့လုပ်ငန်းတွေ၊ ရေနံတူးဖော်တဲ့လုပ်ငန်းတွေ၊ သစ်ခုတ်တဲ့လုပ်ငန်းတွေ၊ သစ်တိုက်တဲ့လုပ်ငန်းတွေ၊ ကျောက်တူးတဲ့လုပ်ငန်းတွေ အမျိုးမျိုးပေါ်လာပါတယ်။ အဲလိုပေါ်လာတဲ့အခါကြတော့ လုပ်သားတွေဟာမြို့ပေါ်မှာတချို့ဆိုရင်လူငယ်တွေနည်းပါတယ်။ စာမေးပွဲကျရင် ဟိုတုန်းကတော့ ၆၄-၆၅ တုန်းကစစ်ထဲဝင်တယ်။ အခု စာမေးပွဲကျရင် အဲဒီလုပ်ငန်းတွေ သွားလုပ်ပါတယ်။ လုပ်တဲ့အခါကြတော့ ဒီမှာဘာတွေ့ရသလဲဆိုလို့ရှိရင် မူးယစ်ဆေးဝါးရောင်းတဲ့လူရော၊ တကယ်သုံးစွဲတဲ့လူရော ဒီကနေ့ဆိုလို့ရှိရင် ၈၈-၈၉ ထက်ပိုမိုပြီးတော့မှ များလာတယ်။ တချို့ကျေးရွာတွေဆိုလို့ရှိရင် ဟိုတုန်းက အရက်တို့၊ ဘိန်းတို့မရှိဘူး။ ဒီကနေ့ ဘိန်းရော၊ အရက်ရော အကုန်လုံးကို များနေတာကို ကျွန်တော်တို့ တိုးတက်

နေတာများပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လေ့လာကြည့်လိုက်တဲ့အခါကြတော့၊ ဘာဖြစ်လို့ မင်းတို့ မူးယစ်ဆေးဝါးကိုသုံးသလဲမေးလိုက်တဲ့အခါကြ သူကအလုပ်လုပ်တဲ့အခါမှာ အင်မတန်ညောင်း ပါတယ်တဲ့။ ဘိန်းစားလိုက်တဲ့အတွက် အညောင်းပြေပါတယ်တဲ့။ ကျွန်တော်တို့ အထက်ပိုင်းမှာတော့ ဘိန်းစားမယားချစ်ဆိုတာတောင်မှ စကားပုံရှိပါတယ်။ လက်တွေ့နယ်ပယ်မှာတွေ့ရတဲ့ ဟာတွေကိုပြော တာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေမှာ အများဆုံးသုံးတဲ့လူတွေကိုကြည့်မယ်ဆိုရင် အသက် ၂၀ မှ ၄၀ အတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေများပါတယ်။ အဲဒီတော့ လုပ်အားရှိတဲ့ပုဂ္ဂိုလ်တွေ၊ တစ်နည်းအားဖြင့် ပြောမယ် ဆိုလို့ရှိရင် လုပ်အားထက်စွမ်းရည်ရှိတဲ့ပုဂ္ဂိုလ်တွေ ဒီကနေ့ ဘိန်းစားလေးတွေဖြစ်နေကြတယ်။ အထူး သဖြင့် ကျောင်းတွေမှာဆိုလို့ရှိရင် စောစောကဒေါ်မိမြင့်သန်းခုနကတင်သွားပါတယ်။ ကျောင်းသားတွေ လက်ထဲမှာ ကော်ဖီထဲမှာထည့်ပြီးတော့မှ မူးယစ်ဆေးဝါးအာနိသင်ပါတဲ့ ဆေးဝါးတွေထည့်တာတို့၊ နောက် ဆေးလိပ်ထဲမှာ မူးယစ်ဆေးဝါးအာနိသင်ပါတဲ့ ဆေးဝါးများထည့်တာတို့ ခုနက ကွမ်းယာထဲမှာထည့်တာ တောင်မှတိုးလာတဲ့သဘောရှိပါတယ်။ အဲတော့ နိုင်ငံ့အနေနဲ့ ဒီကနေ့ တကယ်သဘာဝအခြေအနေကို ကြည့်မယ်ဆိုရင် မူးယစ်ဆေးဝါးသုံးစွဲတဲ့သူရော၊ ရောင်းတဲ့သူရော၊ ပုဂ္ဂိုလ်များပါတယ်။ ဒါပေမယ့်လို့ တကယ်ဖမ်းရတာတော့ ဘိန်းရှုတဲ့သူပဲ ၉၀ ရာခိုင်နှုန်းလောက် ထောင်ကျခံရပါတယ်။ ရောင်းတဲ့သူတွေ ကတော့ ၁၀ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ဆိုလိုတာကတော့ ဒီအထဲမှာ စားတဲ့လူကရောင်းတဲ့သူရှိလို့၊ ရောင်းတဲ့သူရှိလို့ စားတဲ့သူရှိတယ်ဆိုတာကတော့ အပြန်အလှန်တော့ အကျိုးသက်ရောက်ပါတယ်။ သို့သော်လည်းပဲ စားသုံးသူဟာ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် ကိုင်းဖျားလေးတွေဖြစ်ပါတယ်။ ရောင်းတဲ့သူက တကယ့်ပင်မဖြစ်ပါတယ်။ ဒါပေမယ့်လို့ ဒီကနေ့ မူးယစ်ဆေးဝါးကို နှိမ်နင်းနေတဲ့နေရာမှာ ကိုင်းဖျားလေးတွေသာချိုင်နေပြီးတော့မှ ပင်မကိုဒီအတိုင်းထားတဲ့အတွက် ထပ်ထွက်လာတဲ့အတက်တွေ က ပိုပြီးသန်ပါတယ်။ ဆိုလိုတာကတော့ ရောင်းတဲ့သူများရင် ပိုပြီးတော့ဆိုးတယ်လို့ ကျွန်တော်တို့အနေနဲ့ သုံးသပ်ရမှာဖြစ်ပါတယ်။ ပြီးတော့ တရားရုံးတွေကလည်းပဲ ပုဒ်မ ၁၅ ဆိုလို့ရှိရင် အနည်းဆုံး ငါးနှစ် ချတယ်။ ပုဒ်မ ၁၆ (ဂ)ဆိုလို့ရှိရင် ၁၀ နှစ်ချတယ်။ နောက်ပုဒ်မ ၁၉ ဆိုလို့ရှိရင်အနည်းဆုံး အနှစ်၂၀ ချတယ်။ အဲတော့ဆိုလိုတာကတော့ ဒီမှာပြစ်မှုပြစ်ဒဏ်နဲ့ညီမျှတဲ့ ပြစ်ဒဏ်များကိုပေးမယ်ဆိုရင်ကိစ္စမရှိဘူး။ ကျွန်တော်လက်တွေ့ရှေ့နေဘဝနဲ့ လုပ်ရတဲ့ဟာကိုကြည့်ရင် ပလပ်စတစ်မှာကပ်တဲ့ဟာတွေ တစ်နည်း အားဖြင့်ပြောမယ်ဆိုရင် တစ်ပြားသားတို့၊ တစ်ပဲသားတို့၊ တစ်မူးသားတို့သုံးတဲ့ တစ်ကယ်စားသုံးတဲ့ ပုဂ္ဂိုလ် လောက်ပဲတွေ့ပြီးတော့မှ မူရင်းပင်မရောင်းတဲ့ပုဂ္ဂိုလ်များကိုတော့ မမိတာများပါတယ်။ ဒါကြောင့်မို့လို့

စောစောက ခန္တီးက ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားပါတယ်။ တကယ်တမ်းကြတော့ တကယ်ရောင်းတဲ့ ပုဂ္ဂိုလ်ကိုမမိဘူး။ စားသုံးတဲ့ပေါက်စနလေးတွေကိုပဲ ထောင်ကျခံနေရတယ်ဆိုတာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ပြီးတော့ တရားရုံးများအနေနဲ့လည်း လူတစ်ယောက်ကို ပြစ်မှုတစ်ခုကျူးလွန်တဲ့အခါ တစ်ပြိုင်တည်းနဲ့ ပြစ်မှုပေါင်းများစွာကို သွားပြီးကြုံတဲ့အခါကြတော့ အမြင့်ဆုံးပြစ်ဒဏ်ကိုပေးမယ်ဆိုရင် ဒီလူတစ်ယောက်ဟာ သင့်တော်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ခုနလို ပလစ်စတစ်မှာကပ်နေတဲ့ဟာလေးတွေ့တာနဲ့ အနည်းဆုံးငါးနှစ်ဆိုလို့ရှိရင် သူ့မိသားစုရော၊ သူ့ရဲ့လုပ်အားတွေရော အများကြီးရှုံးပါတယ်။ ထို့အတူပဲ ပုဒ်မ ၁၆ (ဂ)ရောဆိုလို့ရှိရင်၊ လူငယ်လေးတစ်ယောက်ဟာဆိုပါစို့ ၂၀ ဆိုလို့ရှိရင် ပုဒ်မ ၁၅ကို ကျူးလွန်တဲ့အတွက် ငါးနှစ်၊ ၁၆ (ဂ)ကို ကျူးလွန်တဲ့အတွက် ၁၀ နှစ်ဆိုရင် ၁၅နှစ်၊ တကယ်ဆိုလို့ရှိရင် အရွယ်ရောက်တဲ့ များသောအားဖြင့်ဖမ်းမိခံရတဲ့ပုဂ္ဂိုလ်တွေက ၂၀ နဲ့ ၃၀ ကြားမှာများပါတယ်။ အဲတော့ ဒီကလေးတွေဟာပြောမယ်ဆိုလို့ရှိရင် ပြစ်ဒဏ်ကျခံရတာများတဲ့အတွက် လူ့ဘဝအညွန့်တုံးစေပါတယ်။ လူ့ဘဝလူညွှန့်မတုံးရအောင် ကျွန်တော်တို့က လူတစ်ယောက်ပြစ်မှု တစ်စုံတစ်ရာကိုကျူးလွန်လာတဲ့အခါမှာ အမြင့်ဆုံးပြစ်ဒဏ်ကိုပေးရင် ထိုက်သင့်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ထောင်ကျတဲ့ပုဂ္ဂိုလ်ထဲမှာကြည့်မယ်ဆိုရင် လူငယ်က ၇၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာလုပ်အားစွမ်းပကားတွေလည်း အင်မတန်ဆုံးရှုံးနစ်နာပါတယ်။ နောက် ယခင်တုန်းကတော့ ကျွန်တော်တို့ပြုပြင်ထိန်းသိမ်းပေးတဲ့ ကျောင်းလေးတွေရှိပါတယ်။ နောက်ပိုင်းတော့ အဲ့ဒီကျောင်းတွေ သိပ်မပို့တော့ဘူးလို့သိရပါတယ်။ ဒီကနေ့ ၁၉၉၀ နှစ်ဝန်းကျင် နှစ်များထက် ၂၀၁၀ နှစ်ဝန်းကျင်များက မူးယစ်ဆေးဝါးကိုသုံးစွဲသူရော၊ ရောင်းဝယ်သူရော ပိုမိုများပြားလာတယ်လို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုကြည့်မယ်သုံးသပ်ရမယ်ဆိုရင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအရှိန်အဝါ နိမ့်ကျနေတယ်လို့သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုကို တိုက်ဖျက်ရေးအရှိန်အဟုန်ကိုမြှင့်တင်ပေးသင့်ပါတယ်ဆိုတဲ့အကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယရည်ရွယ်ချက်ဖြစ်တဲ့ မူးယစ်ဆေးဝါးကို သုံးစွဲသူများကိုကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်းဆိုတဲ့အချက်ကို ဆက်လက်ပြီးဆွေးနွေးသွားပါမယ်။ ၁၉၉၃ ခုနှစ် ကပြဋ္ဌာန်းတဲ့ မူးယစ်ဆေးဝါးဥပဒေမှာ မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ မူးယစ်ဆေးဝါးများတားဆီးနှိမ်နင်းရေးကြီးကြပ်မှုဗဟိုအဖွဲ့၊ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့၊

ဆေးကုသရေးလုပ်ငန်းအဖွဲ့ဆိုပြီးတော့မှအဖွဲ့ တော်တော်များများဖွဲ့စည်းထားပါတယ်။ ဒါပေမယ့်လို့ အဲဒီအဖွဲ့အစည်းတွေဟာ ဒီကနေ့သေနေတယ်လို့ပြောရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် အားနည်းတယ်လို့ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလုပ်ငန်းတွေကိုလည်းပဲ တိုးမြှင့်ဆောင်ရွက်သင့်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ အထူးသဖြင့်ကျောင်းသားများ အထူးသဖြင့်ပျက်စီးလွယ်တာက ကျောင်းသားဘဝပိုပြီးပျက်စီးလွယ်ပါတယ်။ ဘာလို့လည်းဆိုတော့ အပေါင်းအသင်းများတယ်။ ဆေးလိပ်သောက်တယ်။ ကွမ်းယာစားတယ်။ လက်ဘက်ရည်သောက်တယ်။ ဒီဟာတွေက ကလေးတွေမှာ ဒီကနေ့ ယခင်ခေတ်က ကလေးတွေလိုမဟုတ်ပါဘူး။ ဗဟုသုတကြွယ်ဝတယ်လို့ပြောရမလား။ နိမ့်ကျတယ်လို့ပဲ ပြောရမလားတော့မသိဘူး။ လက်ဘက်ရည်သောက်တို့၊ ဆေးလိပ်သောက်တို့၊ ကွမ်းယာတို့ကဒီကနေ့နှိမ်လို့မရပါဘူး။ နယ်တွေမှာဆိုလို့ရှိရင်ကွမ်းယာစားတဲ့ကလေးတွေ ၊ အရက်သောက်တဲ့ကလေးတွေ၊ ဆေးလိပ်သောက်တဲ့ကလေးတွေက အလွန့်အလွန်များနေပါတယ်။ ယခင်ကမူးယစ်ဆေးဝါးသုံးစွဲတဲ့ ပုဂ္ဂိုလ်များကို ဆေးကုသပေးပါတယ်။ ကယ်တင်ပေးပါတယ်။ ပြစ်ဒဏ်ကျခံသူကို လက်မှုပညာများသင်ပေးပါတယ်။ အသိပညာပေးခြင်းဖြင့် ကယ်တင်ခဲ့ပါတယ်။ ကူညီခြင်း၊ အစားထိုးစိုက်ပျိုးရေး သီးနှံစိုက်ပျိုးခြင်းဖြင့် စတဲ့လုပ်ငန်းတွေကို လုပ်ကိုင်စေခဲ့တဲ့အတွက် အဲဒီအချိန်တုန်းကတော့ဖြင့်ကယ်တင်ခဲ့တယ်။ ဒီနေ့ဆိုလို့ရှိရင် အဲလိုကယ်တင်တဲ့စောင့်ရှောက်တဲ့လုပ်ငန်းတွေအားနည်းတယ်လို့ ကျွန်တော်တို့တွေ့မြင်ပါတယ်။

ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးသုံးစွဲသူများကို၊ စိုက်ပျိုးသူများကို၊ ကယ်တင်ခြင်းလုပ်ငန်းများကို စောင့်ရှောက်ခြင်းလုပ်ငန်းများပိုမိုအရှိန်အဟုန်မြှင့်တင်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အဆိုထဲမှာပါတဲ့ တတိယရည်ရွယ်ချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲသူများကို လူကောင်းသူကောင်းဘဝ ပြန်လည်ရောက်ရှိလာစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ယခင်က အကျင့်စာရိတ္တပြုပြင်ရေးသင်တန်း၊ လက်မှုပညာအတတ်ပညာသင်တန်း၊ ဥပမာ-မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးခြင်း၊ လက်သမားအတတ်ပညာပေးခြင်း၊ ကြိမ်၊ ဝါး၊ နှီးသုံးမှုပညာများကိုလည်းကောင်း၊ အကျင့်စာရိတ္တပြုပြင်ရေးသင်တန်းကျောင်းကိုလည်းကောင်း၊ ဝက်ထီးကန်မှာ ကျွန်တော်တို့ ပြုလုပ်တယ်လို့ကြားသိရပါတယ်။ ဒီကနေ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ထောင်ကျသွားတဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီဝက်ထီးကန်သင်တန်းကျောင်းကိုပို့တယ်လို့ ကျွန်တော်

တို့မတွေ့ရပါဘူး။ ထောင်ကြီးတွေမှာပဲ ကျွန်တော်တို့ ထားတဲ့အခြေအနေမျိုး လေ့လာတွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို လူကောင်းသူကောင်းဘဝပြန်လည်ရောက်ရှိလာအောင်၊ လူထဲပြန်လည်ဝင်လာဖို့၊ လူထဲကိုပြန်လည်ဝင်ဆံ့လာနိုင်ဖို့ကောင်းသောအသက်မွေးပညာများဖြင့်ဘဝကိုပြန်လည်ထူထောင်နိုင်ရန် နိုင်ငံတော်အစိုးရအနေနဲ့ ပိုမိုပြီးအရှိန်အဟုန်မြှင့်တင်ပေးသင့်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ ၁၂-၉-၂၀၁၁ နေ့က အင်ဂျန်းယန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်သွင်းသွားတဲ့ ဒေါ်ဒွဲဘူတင်သွားတဲ့ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးခြင်းလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်ဆောင်ရွက်သင့်ပါတယ်ဆိုတဲ့အကြောင်း ထောက်ခံရင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းခေါင်လွင်(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စောထွန်းခေါင်လွင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ တင်သွင်းခဲ့တဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်သွင်းခဲ့တဲ့အကြောင်းအရာကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် အပိုင်းနှစ်ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ပထမပိုင်းကတော့ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးဖြစ်ပြီး ဒုတိယပိုင်းကတော့ မူးယစ်ဆေးစွဲသူများကို ကယ်တင်စောင့်ရှောက်ပေးရေးပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဆိုတာ သက်ရှိကိုယ်ခန္ဓာရဲ့

လှုပ်ရှားနေတဲ့ယန္တရားကို ပြောင်းလဲစေအောင် လွှမ်းမိုးချုပ်ကိုင်နိုင်တဲ့ သက်မဲ့ဓာတုပစ္စည်း ဖြစ်ပါတယ်။ ယခင်ကတော့ မြန်မာ့အခေါ် ဘိန်း၊ အင်္ဂလိပ် ဘာသာနဲ့ Opium သာရှိခဲ့ပြီးတော့ ယခုအခါမှာ ဘိန်းကိုအခြေခံတဲ့ စိတ်ကြွဆေးအမျိုးမျိုး၊ ကိုကင်း၊ ဆေးခြောက်စသည်တို့ ဖြစ်ပေါ်တည်ရှိလာတဲ့အတွက် မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲ စေတတ်သောဆေးဝါးများအဖြစ် နိုင်ငံတော်က အဓိပ္ပါယ်ဖြင့်ဖွင့်ဆိုပြီး ဥပဒေတစ်ရပ် ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မူးယစ်ဆေးဝါးနဲ့စပ်လျဉ်းတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေဟာ ပြည့်စုံကောင်းမွန်သော်လည်း လက်တွေ့နယ်ပယ်မှာ အဲဒီဥပဒေ၊ နည်းဥပဒေနဲ့ အမိန့်၊ ညွှန်ကြားချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အားနည်းနေသေးတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများပပျောက်စေရေးအတွက် နည်းဗျူဟာသုံးရပ်ဖြစ်တဲ့ ထုတ်လုပ်မှုပပျောက်စေရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နှင်းရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ယခု နိုင်ငံတော်အစိုးရအဖွဲ့သစ်အနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးပြဿနာအဖြစ်လည်းကောင်း၊ အမျိုးသားရေးရန်သူအဖြစ်လည်းကောင်းခံယူပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် တိုက်ဖျက်ချေမှုန်းဖို့လိုအပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့လူငယ်ထုအပါအဝင် ကမ္ဘာ့လူသားများအတွင်းမှာပါ မူးယစ်ဆေးဝါးဟာ ယဉ်ကျေးမှုတစ်ရပ်ကဲ့သို့ စိမ့်ဝင်လွှမ်းခြုံနေလို့ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Problem of Drugs is Problem of People မူးယစ်ဆေးဝါးပြဿနာသည် လူသားများ၏ပြဿနာအဖြစ် ထင်သာမြင်သာရှိနေလို့ပဲဖြစ်ပါတယ်။ အဲ့ဒီ ပြဿနာရဲ့အရင်းအမြစ်ကို နည်းလမ်းမျိုးစုံနဲ့ရှာဖွေဖော်ထုတ်ပြီး ဖြေရှင်းထိန်းချုပ်ဆောင်ရွက်နေသော်လည်း လုပ်နည်းစနစ်အချို့ရဲ့ အားနည်းချက်များကြောင့် ချုပ်ငြိမ်းပျောက်ကွယ်မှု မရှိသေးပါဘူး။ ဥပဒေအရထိရောက်စွာထိန်းချုပ်နေသည်ဟုဆိုငြားလည်း လက်တွေ့ဘဝနယ်ပယ်မှာ အတောမသတ်နိုင်သေးပါ။ ယနေ့ လူငယ်များဟာ မူးယစ်ဆေးရဲ့ကျေးကျွန်အဖြစ်မှ ရုန်းမထွက်နိုင်သေးဘဲ မိသားစုအသိုက်အမြုံနှင့်လူ့ပတ်ဝန်းကျင်ပြင်ပကို ဦးတည်ရွေ့လျားလျက်ရှိတာကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေရပါတယ်။ ငြီးငွေ့၊ ငိုကြွေးပြီး ယူကြုံးမရဖြစ်နေတဲ့ မိဘနဲ့ ဆွေမျိုး၊ မိသားစုဝင်များကိုလည်း စာနာထောက်ထားမိရပါတယ်။ သံဝေဂတရားကို မေ့မေ့ပျောက်ပျောက် မျက်ကွယ်ပြုလျက်ရှိနေကြခြင်းဟာ ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်းသို့ ခြေစုံပစ်ဝင်ရောက်သွားပြီလားလို့ ထင်မှတ်မိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော တစ်ဖက်နိုင်ငံမှာ ရာဘ၊ ရားမားဆေးများ အရောင်းအဝယ်ဖြစ်ထွန်းလွန်းနေတာကိုတွေ့ရပြီး အဆိုပါဆေးများကြောင့်မူးယစ်ဆေးသုံးစွဲသူလူငယ်များ များပြားလာနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ တစ်ဖက်နိုင်ငံဘာသာနဲ့ရားဆိုတာ ဆေးဝါး၊ မားဆိုတာမြင်း၊ ဘဆိုတာ အရူးလို့အဓိပ္ပါယ်ရတဲ့အတွက် ရာဘ၊ ရားမား ခေါ်မြင်းဆေး၊ အရူးဆေးများကိုသုံးစွဲပြီး လူ့အသိုက်အဝန်းပြင်ပသို့ရောက်ရှိနေသူများ များပြားလျက်ရှိပါတယ်။ ဒီနေရာမှာကျွန်တော့်အနေနဲ့ ရိုးသားမှုကိုအခြေခံပြီးဆွေးနွေးတင်ပြရမယ်ဆိုရင် နိုင်ငံတော်အစိုးရအဆက်ဆက်က မူးယစ်ဆေးဝါးထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာမှာ ဝမ်းမြောက်ဖွယ်ရာတွေ့မြင်ရပါတယ်။ ဒါပေမယ့် အချို့ဝိသမလောဘသားများရဲ့ ပီတိနဲ့စွဲငြိခြေချုပ်ထားသကဲ့သို့ခံစားရနေသော မူးယစ်ဆေးစွဲလူငယ်များ၏ဘဝတို့ဟာ ပဋိပက္ခဖြစ်စဉ်သဖွယ် ရှင်သန်လျက်ရှိပါတယ်။ မိမိကိုယ်ကို မိမိအရှုံးနှင့်ရင်မဆိုင်ရအောင် အာမခံချက်ရှိစေရေးဟာ မိမိလက်ထဲမှာသာရှိတယ်ဆိုတဲ့အသိကို ယနေ့လူသားများ အမိအရဆုပ်ကိုင် ထားနိုင်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုနဲ့ သုံးစွဲမှုလုပ်ငန်းများအပေါ်မှာ တားဆီးထိန်းချုပ်နေမှုကို ထဲထဲဝင်ဝင်လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ပကတိမြေပြင်အနေအထားအရ သုံးစွဲမှုကိုဖြေလျော့ရမည့်အစား ပိုမိုထိရောက်စွာအရေးယူဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ အမှန်တကယ်တော့ ထုတ်လုပ်မှုနဲ့ရောင်းဝယ်မှုကို ထိထိမိမိပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရမှာဖြစ်သော်လည်း၊ ထုတ်လုပ်သူနှင့်ရောင်းဝယ်သူတို့ဟာ ခိုင်ခိုင်ခန့်ခန့်ရပ်တည်ရှင်သန်နေဆဲဖြစ်ပါတယ်။ ချိန်နဲ့ယိမ်းယိုင်ပေးဆပ်နေသူများကတော့ အကန့်အသတ်မဲ့ ဆေးစွဲနေသူများ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကိုဆောင်ရွက်နေကြတဲ့ တချို့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဟာ ထုတ်လုပ်သူနဲ့ရောင်းဝယ်သူတွေကို လုံးဝပပျောက်ချုပ်ငြိမ်းအောင် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရမည့်အစား သဟဇာတဖြစ်ထွန်းမှုနယ်ပယ်မှာ ပျော်ပိုက်နေသေးကြောင်း လေ့လာသိရှိကြားသိနေရပါတယ်။ ဒါပေမယ့် အားနည်းချိနဲ့ပြီး ဘဝကိုပေးဆပ်နေကြရဆဲဖြစ်တဲ့ မူးယစ်ဆေးဝါးစွဲသူတွေကိုတော့ နိုးထရှင်သန်လာအောင် အလေးထားကယ်တင်စောင့်ရှောက်ခြင်းမပြုဘဲ ဥပဒေအရပစ်မှတ်ထားပြီး ဆင့်ကဲဆင့်ကဲအရေးယူမှုများကိုသာ စိတ်နှလုံးညှိုးချုံးစွာခံစားရမိပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းခဲ့တဲ့အဆိုကို

မှတ်တမ်းတင်ရုံမျှနဲ့ မကျေနပ်နှစ်သိမ့်မနေဘဲ လွှတ်တော်က အမျိုးသားရေးအမြင်နဲ့ အတည်ပြုပေးပါရန် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို (ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များ နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဆီဆိုင် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုဖြစ်ပါတယ်။ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ဒေါ်ဒွဲဘူ အဆိုပြုတဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုအရှိန် အဟုန်မြှင့်တိုက်ဖျက်ရေးကို ဆွေးနွေးခွင့်ရလို့များစွာကျေးဇူးတင်ပါတယ်။ အဆိုတင်သွင်းသော ဒေါ်ဒွဲဘူ ကိုလည်းများစွာကျေးဇူးတင်ပါတယ်။ ပအိုဝ်းဒေသမှာလည်း အဆိုနှင့်ထပ်တူခံစားနေရတာကို ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော့်ရဲ့ တင်ပြဆွေးနွေးချက်က လိုရင်းကတော့ ကျွန်တော်တို့ အမိ နိုင်ငံတော်ကြီးမှာ မူးယစ်ကင်းစင်ပြီးတော့ ကျွန်တော်တို့ ပအိုဝ်းဒေသမှာလည်း မူးယစ်ကင်းစင်ပပျောက် စေရန်အတွက် ရည်ညွှန်းပြီးဆွေးနွေးလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း များစွာပြောဆို ဆွေးနွေးသွားပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်သိတဲ့ အသိကတော့ ကျွန်တော်တို့ မူးယစ်က နှစ်မျိုးနှစ်စား ရှိတယ်လို့သိရှိရပါတယ်။ တစ်မျိုးက ဘိန်းမဲကနေပြီးတော့ ထွက်ရှိတဲ့မူးယစ်ရယ်၊ ဓာတုပစ္စည်းကနေပြီး တော့ ထုတ်လုပ်တဲ့ဆေးပြားများရယ်လို့ ကျွန်တော်ကတော့ ကြားသိဖူးပါတယ်။ ဒါကြောင့် ကျွန်တော်သိတဲ့ ဘိန်းနှစ်မျိုးနှစ်စားမှာ ကျွန်တော်တို့ပအိုဝ်းဒေသတွေမှာ ထွက်ရှိတာတွေရော၊ ဝင်လာတာတွေရော များစွာ ကြားသိနေရပါတယ်။ ကျွန်တော်တို့ဒေသတွေမှာ ဘိန်းစိုက်ပျိုးမှုတွေစိုက်ပျိုးကြပြီးတော့ ထွက်ရှိလာတဲ့ ဘိန်းမဲတွေကိုဝိသမလောဘသားတွေကဝယ်ယူပြီးတော့၊ သယ်သွားပြီးတော့ တစ်ဖက်ဒေသကနေပြီးတော့ ဆေးပြားများပြန်ပြီးတော့သွင်းလာတာကို ကျွန်တော်တို့ကြားသိရပါတယ်။ ဘိန်းနှိမ်နင်းမှု အနေအထား များကတော့ ကျွန်တော်တို့ အထက်နိုင်ငံတော်အကြီးအကဲများကနေပြီး လမ်းညွှန်မှုလာရောက်ပြီးတော့ ပေးတဲ့အခါမှာ ကျွန်တော်တို့ဒေသကနေပြီးတော့၊ နိုင်ငံတော်ကနေပြီးတော့ နှိမ်နင်းမှုဆောင်ရွက်ပါ ဒေသမှာဘိန်းစိုက်ပျိုးမှုပပျောက်အောင် တာဝန်ယူဆောင်ရွက်ရမယ်ဆိုပြီး လမ်းညွှန်မှုပေးတဲ့အခါမှာ ကျွန်တော်တို့ဒေသတွေမှာ ကွင်းဆင်းပြီးတော့၊ အဖွဲ့အစည်းတွေကွင်းဆင်းပြီးတော့၊ ဒေသမှာ ရွာသူကြီး

တွေ၊ ဒေသအုပ်ချုပ်ရေးမှုးတွေခေါ်ပြီးတော့ သူတို့ကိုတစ်ဆင့်ပြန်ပြီး တာဝန်ပေးတဲ့အဆင့်ပုံစံမျိုးနဲ့တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ဟာ ဘိန်းပပျောက်မှုဟာ ဘယ်လိုမှဖြစ်နိုင်စရာအကြောင်းမရှိတွေ့နေရပါတယ်။ ဒါကြောင့် ယခုဘိန်းစိုက်တောင်သူများတွေဟာ အခုဒီဒေသမှာရှိတဲ့ ရွာသူကြီးလောက်၊ ကျေးရွာအုပ်စုအဆင့်လောက်နဲ့က ကျွန်တော်တို့ ဘိန်းစိုက်တောင်သူများပြန်ပြီးတော့ ကြောက်နေရတဲ့အနေအထားမျိုးမှာတွေ့ရှိရပါတယ်။ ဒါလေးတွေဟာ ကျွန်တော်တို့အမြင်အနေအထားနဲ့ တကယ့်နိုင်ငံတော်ကနေပြီးတော့ ဘိန်းနှိမ်နင်းပပျောက်ဖို့အတွက် စီမံဆောင်ရွက်တဲ့နေရာမှာ တာဝန်အဆင့်ဆင့်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေရော၊ ကျွန်တော်တို့ဒေသခံ လက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေရော တိတိကျကျဆောင်ရွက်မှသာ အောင်မြင်မယ်လို့ကျွန်တော်မြင်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသတွေမှာ ဘိန်းမဲတွေ ထုတ်သွားတယ်။ ဆေးပြားတွေပြန်လာပြီးတော့ သွင်းတယ်။ သွင်းကုန်၊ ထုတ်ကုန်သဘောမျိုးနဲ့ဖြစ်နေတဲ့အတွက် ကျွန်တော်တို့မှာ များစွာရင်လေးနေရပါတယ်။ ကျွန်တော်ဟာ အခုလက်ရှိဆွေးနွေးနေတဲ့ဆွေးနွေးချက်များဟာ ပြောရရင် ကျွန်တော် ဆီဆိုင်မြို့နယ်ကို ပြန်တဲ့အခါမှာ ပြန်ဖို့တောင်ခပ်ခက်ခက်ဖြစ်နေတဲ့ အနေအထားမျိုးမှာဖြစ်နေပါတယ်။ ကျွန်တော်က ရေရအောင်တောင်းဖို့၊ လမ်းတောင်းဖို့၊ ဆေးရုံတောင်းဖို့မဟုတ်ဘဲနဲ့ ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးနေတဲ့ဘိန်းတွေပပျောက်ဖို့အတွက် ကျွန်တော်တင်ပြ ဆွေးနွေးတဲ့အတွက် ကျွန်တော်မှာများစွာ ဝန်ထုတ်ဝန်ပိုးဖြစ်ပါတယ်။

ဒါကြောင့်လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လာမည့် ၂၀၁၄ ခုနှစ်မှာ မူးယစ်ဆေးဝါးကင်းစင်တဲ့နိုင်ငံဖြစ်ကြောင်း ကမ္ဘာမှာကြေငြာရမှာကိုလည်း ကြားသိရပါတယ်။ ကမ္ဘာမှာ ဒုတိယ ဘိန်းအများဆုံးထွက်တဲ့နိုင်ငံ မူးယစ်နဲ့ပတ်သက်လာရင် မြန်မာမပါမဖြစ် သတင်းဌာနများမှ ကြားသိရတဲ့အတွက် များစွာပူပန်မိပါတယ်။ ကျွန်တော်တို့ နိုင်ငံကြီးဟာ အနာကြီးရောဂါသည်လိုမျိုး တခြားနိုင်ငံကနေပြီးတော့ ကြောက်နေတဲ့သဘောမျိုး ဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်တွေမှာလည်း မြို့နယ်အစွန်အဖျားတွေမှာ ဘိန်းစိုက်ပျိုးမှုရှိနေကြပါတယ်။ မူးယစ်ဆေးကို ဆိုးကျိုးအမျိုးအစားတိုက်ဖျက်ဖို့လိုအပ်လှပါတယ်။ ကုသမှုထက်ကာကွယ်မှုဆောင်ရွက်ခြင်းဟာ ပိုမိုလွယ်ကူပြီးစရိတ်ပိုမိုသက်သာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ ရိုးရိုးသားသား ဘာသာတရားကိုင်းရှိုင်းကြပြီး အကြောက်တရားရှိကြပါတယ်။ ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းကို တကယ်ပပျောက်အောင်ဆောင်ရွက်ပါက တကယ်ပပျောက်မှာပါ။ တကယ်မလိုက်နာတာက ဒေသခံ

ပြည်သူများမဟုတ်ပါ။ အဲဒါဘယ်သူလည်းဆိုတာ အရင်းစစ်မျက်မြင်ကဆိုတာတွေ့ရမှာပါ။ ကစားစရာတစ်ခုလိုလုပ်နေကြတာတွေ့ရပါတယ်။ ဒေသတစ်ခု မူးယစ်ကင်းစင်ဖို့ အဲဒီဒေသအဆင့်ဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်ဖွဲ့များ၊ ရဲအဖွဲ့များ၊ ဌာနေလက်နက်ကိုင်များ ညီညီညာညာဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကင်းစင်တဲ့နိုင်ငံနဲ့ မူးယစ်ဆေးဝါးရှိတဲ့ နိုင်ငံနှိုင်းယှဥ်မယ်ဆိုရင် တော်လှန်ပုန်ကန်တဲ့ အဖွဲ့အစည်းများ၊ ဒုစရိုက်အဖွဲ့အစည်းများ၊ အကျင့်စာရိတ္တပျက်ပြားမှု၊ တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများစွာ ကွာဟနေတာတွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စွန်နယ်ဖျားဒေသခံတိုင်းရင်းသားများဟာ အသိဉာဏ်အားနည်းခြင်း၊ ဒေသခံပထဝီမြေအနေအထား၊ စိုက်ပျိုးရေးမဖြစ်ထွန်းခြင်း၊ ဖြစ်ထွန်းပြီးသီးနှံများလည်းဈေးကွက်ရောက်ရန်မလွယ်ကူခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ တရားမဝင်အဖွဲ့များကြီးစိုးနေခြင်း၊ တာဝန်ရှိသူတာဝန်မဲ့ခြင်းတို့ကြောင့် စားဝတ်နေရေးအခက်အခဲ ကြုံတွေ့နေတာတွေ့ရပါတယ်။ အဲဒီအခက်အခဲကို အခွင့်ကောင်းယူပြီး တစ်ဘို့သမား၊ ဝိသမလောဘသားများ တရားမဝင်အဖွဲ့အစည်းများ၊ တာဝန်ရှိလျက်တာဝန်မသိသော တာဝန်ခံများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ငွေရလွယ်တဲ့ဘိန်းလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ကြီး လုပ်ကိုင်လာတာကြားသိရပါတယ်။ ဘိန်းစိုက်တောင်သူများဟာ စိုက်ပျိုးခွင့်လိုင်စင်ရထားသလို ရဲရဲတင်းတင်းလုပ်ကိုင်လာကြတာတွေ့ရပါတယ်။ မျိုးကောင်းမျိုးသန့်နည်း၊ သိပ္ပံနည်းစနစ်ကျကျ တစ်နှစ်နှစ်သီးစား၊ သုံးသီးစားကုန်ကြမ်းမှကုန်ချောအထိ အဆင့်မီမီထုတ်လုပ်နေကြတာလည်း ကြားသိရပါတယ်။ ဘိန်းစိုက်တောင်သူများဟာအသုံးချခံအလုပ်သမားများသာဖြစ်ကြပြီး ဘိန်းစွဲအကျင့်ပျက်လူ့ဘဝနိမ့်ကျ မူးယစ်ဒုက္ခဘေးမှဆိုးမွေကိုသာ တဝဲလည်လည်ခံနေကြရပါတယ်။ ချမ်းသာတာက အလုပ်အကိုင်မသိ ဇိမ်ရှိရှိနဲ့ ဝိသမလောဘသား၊ ပုဂ္ဂိုလ်များသာဖြစ်ပါတယ်။ ယခုဆို အနာဂတ်သားသမီးရတနာ၊ ကျောင်းသူ၊ ကျောင်းသားများအတွက် မိဘတွေရင်တမမဖြစ်နေရပါတယ်။ အချုပ်ခန်းတွေမှာလည်း မူးယစ်မှုနဲ့တိုင်းရင်းသားတွေ မဆံ့တော့ပါဘူး။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာမှာ အဟန့်အတားမဖြစ်ဖို့ ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်တယ်ဖို့ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အဘက်ဘက်မှနှောင့်ယှက်နေတဲ့ မူးယစ်ဆေးဝါးပြဿနာကို ဘုရင့်နောင်ဖောင်ဖျက်၊ ရဲရဲဝံ့ဝံ့အမျိုးသားအသွင်၊ အမျိုးသားတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြင့်မြင့် ဝိုင်းဝန်းတိုက်ဖျက်သင့်ပြီလို့ ယူဆမိပါတယ်။ ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက် ဒါလည်းမဖြစ်ဖို့ အရေးကြီးလှပါတယ်။ မည်သည့်နိုင်ငံ၊

မည်သည့်အစိုးရမဆို ဆောင်ရွက်ရမယ့် စီမံချက်လည်း ဖြစ်ပါတယ်။ ဘာသာတရား လက်ကိုင်ထားပြီး အမှားအမှန်ခွဲခြားစိတ်ဖြာကာ လူသားများအညွန့်တုံးစေတဲ့ မူးယစ်တိုက်ဖျက်ခြင်းဟာ လောကီလောကုတ္တရာ ကောင်းကျိုးနှစ်ဖြာ မင်္ဂလာအလုပ်တစ်ခုဖြစ်ပါတယ်။ တစ်ဖက်မှလည်း ဘိန်းစိုက်တောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဒေသနဲ့ကိုက်ညီတဲ့ဘိန်းအစားထိုးစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးများကိုဆောင်ရွက်ဖို့လည်းလိုအပ်လှပါတယ်။ ဆေးစွဲသမားများကိုလည်း ပိုမိုစောင့်ရှောက်ကယ်တင်ရန်လိုအပ်သလို မူးယစ်ဆေးစွဲတဲ့သူ ၊ သားသမီးများမူးယစ်ဆေးစွဲခံနေရတဲ့မိသားစုများ၊ အဖက်ဖက်မှဆုံးရှုံးမှုဒုက္ခများကို လူလူချင်းကိုယ်ချင်းစာမျှဝေခံစား စာနာတတ်ဖို့လိုအပ်လှပါတယ်။ ပြည်သူကိုချစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ အစီအမံချတိုက်ဖျက်ပေးပါလို့လည်း အလေးအနက်တောင်းဆိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအဆိုရဲ့ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုအရှိန်အဟုန်မြှင့်တိုက်ဖျက်ရေးအဆိုအပြင် တကယ့်အချက်အချာအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးများကို အမြစ်မှတူးယူတိုက်ဖျက်မှသာ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်များပါကုန်သွားမှာဖြစ်ပါတယ်။ ယခု ကျွန်တော် ဆွေးနွေးတင်ပြချက်များဟာ မည်သူကိုမျှအပြစ်ပြော၊ လက်ညှိုးထိုးခြင်းမဟုတ်ဘဲ ပြည်သူလူထုရဲ့အကျိုး၊ အမိနိုင်ငံတော်ရဲ့အကျိုးကိုမျှော်ကိုးပြီး မှန်ကန်သောစေတနာဖြင့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအဆိုကို လှိုက်လှဲစွာထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဒေါ်တင်နွယ်ဦးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများရဲ့ အချိန်ကိုလေးစားသောအားဖြင့် ကျွန်မ လေးမိနစ်လောက်ပဲ ထောက်ခံဆွေးနွေးပါမယ်။ ဒေါ်ဒွဲဘူရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ကိစ္စကို ကျွန်မထောက်ခံတဲ့နေရာမှာ နှစ်ပိုင်းခွဲထောက်ခံပါမယ်။ ပထမအပိုင်းကကျတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ဥပဒေ၊ ဒုတိယအပိုင်းကျတော့ မူးယစ်ဆေးဝါးနှင့်

ပတ်သက်လို့ လုပ်ကိုင်ဆောင်ရွက်ပုံတွေပါ။ ပထမအပိုင်းဖြစ်တဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ဥပဒေက ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ဥပဒေနဲ့ပတ်သက်လို့ ရှေးကကိုယ်စားလှယ်တော်ကြီးများလည်းပြောသွားပါတယ်။ တင်းကြပ်တဲ့ဥပဒေတွေရှိပါတယ်။ အဲဒီဥပဒေကတင်းကြပ်တာမဟုတ်ပါဘူး။ တိတိကျကျလိုက်နာဆောင်ရွက်ဖို့ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဥပဒေက။ အဲတော့ကျွန်မတို့ကကြည့်ရမှာက ဒီဥပဒေကိုဘယ်သူတွေလိုက်နာဖို့အားနည်းတာလဲ၊ အုပ်ချုပ်ရေးပိုင်းအနေနဲ့ကော ဘယ်နေရာကလျော့နည်းပြီးအုပ်ချုပ်တာလဲ။ နောက်တစ်ချက် ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ မလိုက်နာရင် ဘယ်လိုပြင်းပြင်းထန်ထန်ဆောင်ရွက်ကြမလဲ။ ဘယ်လိုအရေးယူကြမလဲဆိုပြီး မလိုက်နာတဲ့သူတွေကို ပြင်းပြင်းထန်ထန်အရေးယူပေးမယ်ဆိုရင် မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ပြဿနာတွေလျော့ပါးမယ်လို့ ကျွန်မထင်ပါတယ်။ ဒါဥပဒေပိုင်း။ နောက်တစ်ပိုင်းကကျတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ မြန်မာပြည်မှာဆောင်ရွက်နေပုံများ ကျွန်မရဲ့ ၁၀ နှစ်တာအလုပ်အကိုင် အတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့ ထည့်ပြောပါမယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးအဖွဲ့၊ တားဆီးရေးအဖွဲ့ဆိုပြီးတော့ မူးယစ်ဗဟိုအဖွဲ့ရှိပါတယ်။ နောက်တစ်ခါကျန်းမာရေးဌာနမှာ NAP National AIDS Program ဆိုတာရှိပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ကာကွယ်မှုတွေ၊ စောင့်ရှောက်မှုတွေကို ဆက်တိုက်ဆောင်ရွက်နေခဲ့ပါတယ်။နောက်တစ်ခုက UN AIDS ဆိုတဲ့ UN AIDS Program ပေါ့။ United Nation of AIDS program ရှိတယ်။ ခုနကိုယ်စားလှယ်တော်ကြီးတစ်ယောက်ပြောသွားတဲ့အတိုင်းပဲ United Nation Office or Drug and Sciene News မူးယစ်ဆေးဝါးနဲ့ ပြစ်မှုဆိုင်ရာဥပဒေရုံးရှိပါတယ်။ နောက်တစ်ခုကတော့ UNFPA တို့ UNICEF တို့ကလည်း awareness program မူးယစ်ဆေးဝါးနဲ့ဒီ awareness program တွေကိုဒီမြန်မာပြည်မှာရှိတဲ့ NGO တွေနဲ့ အဲဒီ program တွေကို Joint program တွေနဲ့ ဆောင်ရွက်နေတာရှိပါတယ်။ နောက်ထပ်တစ်ခါ INGO international NGO တွေနဲ့ဆိုရင် မြန်မာပြည်ထဲမှာ အမ်ဆိုတဲ့အဖွဲ့၊ ကယားမြန်မာဆိုတဲ့အဖွဲ့၊ မာရီစကုတ် international နောက်တစ်ခါပြင်သစ်ကလာပြီးဖွင့်ထားတဲ့ Medicine dues ဆိုတဲ့ MDMဆိုတဲ့ အဖွဲ့တွေလည်း ရှိပါတယ်။အဲဒီ INGO အဖွဲ့တွေ၊ NGO အဖွဲ့တွေထဲမှာမှ မြန်မာပြည်မှာတစ်ခါ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဆိုပြီးတော့ သပ်သပ်ရန်ကုန်မြို့မှာ တည်ထောင်ထားတာရှိပါသေးတယ်။ ဥပဒေအရ တည်ထောင်ထားတာပါ။ အဲဒီတော့ ခုနတုန်းက ကျွန်မပြောတဲ့ UN အဖွဲ့အစည်းရှိတယ်။ INGO အဖွဲ့အစည်းရှိတယ်။ NGO

ရှိတယ်။ အစိုးရဆီမှာလည်းပြည်ထဲရေးနှင့်ကျန်းမာရေးမှာ ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေက ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ကိစ္စများကို ဆောင်ရွက်နေကြောင်းပြောကြားလိုပါတယ်။ ဒေါ်ဒွဲဘူတင်ပြထားတဲ့အထဲမှာ ပထမပိုင်းက မူးယစ်ဆေးဝါးသုံးစွဲသူများကိုကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်းတဲ့။ Care and Support လုပ်တာအဲဒီတော့ Care and Support လုပ်ဖို့ကျွန်မတို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးအသင်းကနေပြီးတော့ ရန်ကင်းတို့၊ တာမွေတို့မှာ လမ်းသွားရင်းဖြတ်သန်းသွားလာရင်းနဲ့တွေ့မိကြမလားမသိဘူး။ မူးယစ်ဆေးဝါး ကင်းစင်နယ်မြေလို့ဆိုပြီး ဆိုင်းဘုတ်တောင်ထောင်ထားပါတယ်။ အဲဒီတော့ အဲဒီမှာ Care and Support လုပ်ပါတယ်။ အဲဒီမှာ Drug and Center ဆိုပြီးတော့ ရိပ်မြုံလေးတွေထောင်ထားပါတယ်။ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကနေပြီးတော့ သူတို့ကိုဆရာဝန်တွေခန့်ထားပြီးတော့ ပညာပေးရေးတွေ ၊နှစ်သိမ့်ဆွေးနွေးပွဲတွေလုပ်ပေးပါတယ်။ နောက်ထပ်တစ်ခါ ဒေါ်ဒွဲဘူပြောထားတဲ့ဟာ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းတဲ့။ အဲဒါကျတော့ ကျွန်မတို့မြန်မာပြည်အထက် ဒီရှမ်းတောင်၊ ရှမ်းမြောက်၊ ကချင်၊ ဖားကန့်၊ ပင်လောင်းတို့မှာလည်း အဲဒီ Drug and Center လေးဖွင့်ထားပါတယ်။ တနည်းအားဖြင့်ဆိုလို့ရှိရင် သူတို့ကို PLHA လို့ခေါ်ပါတယ်။ People Living With HIV, AIDS ဆိုပြီးသူတို့အတွက် Rehabilitation Center ပြန်လည်ထူထောင်ရေးလုပ်ငန်းလေးတွေဖွင့်ထားပြီးတော့ သူတို့ကိုပညာပေးတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတစ်ယောက်လည်းပြောသွားပါတယ်။ ခါတ်မြေသြဇာဘယ်လိုလုပ်ရမလဲ။ ငါးဘယ်လိုမွေးရသလဲ။ မှိုဘယ်လိုစိုက်ရသလဲ။ နောက်တစ်ခါ သူတို့လူ့ပြည်မှာဆက်ပြီးတော့ အသက်ရှင်နေထိုင်သွားရင်လူထဲမှာပြန်ပြီးတော့ ဝင်ငွေရတဲ့အလုပ်လုပ်ပြီးတော့ သူတို့ဘဝကိုပြန်လည်ထူထောင်ဖို့ဆိုပြီးတော့ အဲဒီလုပ်ငန်းလေးတွေရှိပါတယ်။ အဲဒီတော့ကျွန်မ ကိုယ်တိုင်ကိုယ်တွေ့အင်းစိန်ထောင်ထဲမှာ အပ်ချုပ်တဲ့လုပ်ငန်းလေးတွေလုပ်မယ်။ ဘာအပ်ချုပ်မှာလဲ ကျွန်မမေးတော့ပုဆိုးချုပ်မှာလား။ ရှပ်အင်္ကျီချုပ်မှာလားဆိုပြီးတော့တောင် ကျွန်မကတောင်မေးခဲ့ပါတယ်။ မေးခဲ့ပြီးတော့ ကျွန်မအပ်ချုပ်စက်တွေလှူခဲ့ပါတယ်။ အင်းစိန်ထောင်ထဲမှာ မူးယစ်ဆေးဝါးနဲ့ ထောင်ကျနေတဲ့သူတွေကို အပ်ချုပ်တဲ့လုပ်ငန်းသင်ပေးပါတယ်။ ကြိမ်ထိုးတဲ့အလုပ်တွေကျွန်မတို့က ထောက်ပံ့ကြေးတွေလုပ်ပေးပါတယ်။ အဲဒီတော့ကျွန်မပြောချင်တာကနောက်ဆုံးကတော့ ဒေါ်ဒွဲဘူအင်ဂျန်းယန် မဲဆန္ဒနယ်ရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ကိစ္စများကို ကျွန်မတို့အစိုးရကကော INGO ကကော NGO ကကောပူးတွဲပြီးတော့ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ထောက်ခံရင်းနိဂုံးချုပ်ပါ တယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်း၍သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဖြစ်ပါတယ်။ အဆိုရှင် ကချင်ပြည်နယ် ၊ အင်ဂျန်းယန်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ကိစ္စရပ်များပေါ်မှာပြန်လည်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ အခုအဆိုရှင်များကနေပြီးတော့မှ ဒီတင်ပြချက်ပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးသွားတဲ့အပေါ်မှာလည်း အထူးပဲအားရမိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ မူးယစ်ဆေးဝါးပပျောက်ရေး၊ တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီးတော့ တာဝန်ပေးထားတဲ့ အဖွဲ့အစည်းတစ်ခုတည်းနဲ့တင်မကဘဲ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးများကပါ စိတ်ပါဝင်စား လာတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့အထူးပဲ အားတက် မိကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနဲ့စိတ်ကို ပြောင်းလဲစေတဲ့ဆေးဝါးများ အန္တရာယ်ကာကွယ်တားဆီးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဘက်ပေါင်းစုံကနေပြီးတော့မှ ဆောင်ရွက်လျက်ရှိနေတာကိုလည်း အားလုံးအသိပဲဖြစ်ကြပါလိမ့်မယ်။ ၁၉၇၆ ခုနှစ်မှာ မူးယစ်ဗဟိုကော်မတီကိုစတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီလိုဖွဲ့စည်းပြီးတော့ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးတွေကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပါတယ်။ မဟာဗျူဟာနှစ်ရပ်ကတော့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီးတော့မှ ဘက်ပေါင်းစုံမှတိုက်ဖျက်ရေးဆိုတဲ့ အချက်ဖြစ်ပါတယ်။ နောက် ဒုတိယအချက်အနေနဲ့ကတော့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုပြီးတော့ မဟာဗျူဟာနှစ်ရပ်ကို ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့တင်ပြသလို ၁၉၇၆ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲနည်းပညာသုံးရပ်ကတော့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကနေပြီးတော့ မူးယစ်ဆေးဝါးပပျောက်ရေးကိုလည်း ၁၅ နှစ်စီမံကိန်းချမှတ်ပြီးတော့ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၉-၂၀၁၀ ကနေပြီးတော့

၂၀၁၃-၂၀၁၄ ထိဖြစ်ပါတယ်။ ဒီလိုစီမံချက်ရေးဆွဲပြီးတော့မှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျှော့ချဖောက်ခွဲရေးဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဥပဒေနဲ့နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအသိပညာပေးခြင်း၊ မူးယစ်ဆေးစွဲသူများအားဆေးဝါးကုသပေးခြင်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ ရည်မှန်းချက်တာဝန်တွေကိုချမှတ်ပြီးတော့မှ ဟန်ချက်ညီညီဆောင်ရွက်လျက်လည်းရှိပါတယ်။ အဲဒီတော့ဒီနေရာမှာ ကျွန်တော်တို့ မူးယစ်ဆေးဝါးသုံးစွဲပပျောက်ရေးနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ မူးယစ်ဆေးစွဲရောဂါကုဆေးရုံပေါင်း ၂၆ ခုရှိပါတယ်။ ဆေးကုသဌာနငယ်ပေါင်း ၄၀ ဖွင့်လှစ်ထားပါတယ်။ မူးယစ်ဆေးဝါးဆေးစွဲနေသူတွေကို ဆေးဖြတ်ကုသပေးနေမှုများ ဆောင်ရွက်လျက်ရှိပြီးတော့မှ ၁၉၉၉ ခုနှစ်ကနေပြီးတော့မှ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်ထိဆေးစွဲသူလူနာပေါင်း ၁၂၆၁၆ ဦးကို ဆေးဖြတ်ကုသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် လူငယ်ပြုစုပျိုးထောင်ရေးစခန်း ၃ ခုဖွင့်လှစ်ထားပါတယ်။ ဒါတွေကတော့ ပြည်မြို့နယ်၊ ဝက်ထီးကန်မှာရှိတဲ့ ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေးစခန်း ဖြစ်ပါတယ်။ ထို့အတူပဲ မူဆယ်မြို့နယ်၊ တီးမားမှာရွှေပြည်သစ်လူငယ်ပြုစုပျိုးထောင်ရေးစခန်းလည်း ဖွင့်လှစ်ပေးထားပါတယ်။ ထို့အတူပဲ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်အတွင်းမှာ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်းလည်း ဖွင့်လှစ်ထားပါတယ်။ ဒီစခန်းတွေကနေပြီးတော့မှ ၁၉၈၁ ခုနှစ် ကနေပြီးတော့မှ၂၀၁၁ ခုနှစ် ဇွန်လအထိ သင်တန်းသားပေါင်း ၅၄၀၆ ဦးကိုဆေးဖြတ်ကုသခြင်းပြန်လည် ထူထောင်ခြင်းတွေကိုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးအကြောအတွင်းထိုးသွင်း သူများမှနေပြီးတော့ HIV ရောဂါပိုးတွေ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းကို ၁၉၈၉ ခုနှစ်တည်းကစတွေ့ခဲ့ပါတယ်။ မူးယစ်ဆေးအကြောအတွင်း ထိုးသွင်းသူတွေ HIV ၊ AIDS ကူးစက်မှုထိရောက်စွာ ဟန့်တားကာကွယ်နိုင်ဖို့အတွက် ပြည်တွင်းကအစိုးရမဟုတ်တဲ့ NGO အဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မယ်နာနဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့အဖွဲ့အစည်း INGO တွေအဖွဲ့အစည်းတွေဖြစ်တဲ့ ကမ္ဘာ့ဆရာဝန်များအဖွဲ့၊ HIV၊ AIDS ရောဂါကူးစက်ပျံ့နှံ့မှုလျှော့ချရေး စီမံကိန်းဩစတြေးလျနိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီနဲ့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ဖြစ်ပွားမှုဆိုင်ရာ UNODC တို့ပူးပေါင်းပြီးတော့မှ အန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မူယစ်ဆေးအကြောအတွင်းထိုးသွင်းသူများပြားတဲ့ လားရှိုး၊ မူဆယ်နဲ့မြစ်ကြီးနားတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊

ကျန်းမာရေးဦးစီးဌာနနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တို့ပူးပေါင်းပြီးတော့လည်း ဘိန်းဖြူစွဲလူနာတွေကို အန္တရာယ်လျှော့ချရေး လုပ်ငန်းစဥ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မက်သတုံးဆေးရည်ကို တိုက်ကျွေးတဲ့စီမံချက် ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလကနေစတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၆ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ခုနှစ်အထိ ဘိန်းဖြူအကြောအတွင်း ထိုးသွင်းသူလူနာတွေကို မက်သတုံး အစားထိုးတိုက်ကျွေးရေးအစီအစဥ်တွေကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ရန်ကုန်မြို့မှာရှိတဲ့စိတ်ကျန်းမာရေးဆေးရုံ၊ သဃ်န်းကျွန်းအထွေထွေရောဂါကုဆေးရုံ၊ မန္တလေးမူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ မန္တလေးကုတင် ၃၀၀ ဆေးရုံ၊ မြစ်ကြီးနားမူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ မိုးကောင်းမြို့နယ်ဆေးရုံ၊ ဗန်းမော်မြို့နယ်အထွေထွေရောဂါကုဆေးရုံ၊ လားရှိုးအထွေထွေရောဂါကုဆေးရုံ၊ မူဆယ်ပြည်သူ့ဆေးရုံနဲ့ တာချီလိတ်ပြည်သူ့ဆေးရုံတွေမှာလည်း Centre ပေါင်း ၁၀ ခု ဖွင့်ပြီးတော့မှ ဒီမက်သတုံးဆေးတွေ တိုက်ကျွေးမှုပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူတွေအနေနဲ့ ကျန်းမာရေးဦးစီဌာနက မူးယစ်ဆေးစွဲရောဂါကုသရေးဌာနဆေးရုံတွေကနေပြီးတော့မှ ဆေးဖြတ်ကုသပေးပြီးတဲ့နောက်မှာ လူမှုဝန်ထမ်းဦးစီးဌာနက ပြန်လည်ထူထောင်ရေးစခန်းတွေမှာ သင်တန်းသားအဖြစ်လက်ခံပြီးတော့မှ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်ကြားပေးခြင်းနဲ့ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနကနေပြီးတော့မှ လူငယ်ပြုစုပျိုးထောင်ရေးစခန်း ၁၀ ခုမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှ ၂၀၁၀ ခုနှစ်အတွင်း သုံးစွဲသူလျှော့ချရေးလုပ်ငန်းအဖြစ် မူးယစ်ဆေးဝါးသုံးစွဲသူ ၃၂၃ ဦး ကိုပြန်လည်ထူထောင်မှုပြုလုပ်ပေးနိုင်ပါတယ်။ သက်ဆိုင်ရာမူးယစ်ဆေးစွဲရောဂါကုဆေးရုံကို သွားရောက်ပြီးတော့လည်း ၂၈၁ ဦးဟာ Social Counselling ပြန်လည်လုပ်ပြီးတော့ ပြန်လည်ထူထောင်ပေးရေးလုပ်ပေးနိုင်ပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးကနေပြီးတော့မှ သင်တန်းဆင်းပြီးတဲ့လူတွေကိုလည်း မိသားစုတွေနဲ့အတူနေထိုင်ပြီးတော့မှ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်းမှာ ဝင်ဆန့်နိုင်ဖို့အတွက် တစ်နှစ်ကြာကာလအထိ နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်း After Care Service ကို စေတနာ့ဝန်ထမ်း၊ မူးယစ်ကြီးကြပ်မှုအသင်းရဲ့ ကူညီမှုနဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက် ပေးလျက်ရှိတဲ့နေရာမှာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကနေ ဇူလိုင်လအထိ ရန်ကုန်မှာ ၂၉ ဦး၊ တာချီလိတ်မှာ ၂၂ ဦး၊ လားရှိုးမှာ ၁၅ ဦး၊ ကျိုင်းတုံမှာ ၁၀ဦး စုစုပေါင်း ၇၆ဦး ကိုလည်း နောက်ဆက်တွဲ စောင့်ရှောက်မှု တွေလုပ်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့

မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေနိုင်တဲ့ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဆိုရှင်ရဲ့ ကချင်ပြည်နယ်တစ်ခုကိုပဲ ဥပဒေအနေနဲ့ ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် ကချင်ပြည်နယ်အတွင်းမှာ တားဆီးရေးနှိမ်နင်းရေးအဖွဲ့တွေအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကနေ ဇူလိုင်လအတွင်းမှာတင်ကို ဘိန်းမှုပေါင်းက ၅၂ မှု၊ ဘိန်းဖြူမှုပေါင်းက ၂၇၄ မှု၊ ဘိန်းဆီခဲအမှုက ၁၆ မှု၊ အဆင့်နိမ့်ဘိန်းက ၁၆၉ မှု၊ စိတ်ကြွရူးသွပ်ဆေးပြားမှုက ၉၉ မှု၊ စုစုပေါင်း ၆၁၀ မှု၊ တရားခံပေါင်း ၉၀၂ ဦးကိုလည်း ကျွန်တော်တို့ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ထို့အတူပဲ ၁၉၈၈ ကနေပြီးတော့မှ ၂၀၁၁ ခုနှစ်အတွင်းမှာ ဖမ်းဆီးရတဲ့ဟာ ကချင်ပြည်နယ်အတွင်းမှာ ဆိုလို့ရှိရင် စုစုပေါင်း အမှုပေါင်းက ၃၉၄၂ မှုရှိပြီးတော့ တရားခံပေါင်းက ၁၄၃၁၆ ဦးအထိ ဖေါ်ထုတ်ဖမ်းဆီးရတဲ့အနေအထားဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုလျှော့ချပပျောက်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ပြစ်မှုဆိုင်ရာရုံးဖြစ်တဲ့ UNODC တရုတ်အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ဖြစ်တဲ့ NNCC တို့ပူးပေါင်းပြီးတော့ ဘိန်းစိုက်ခင်းတွေကို ကွင်းဆင်းတိုင်းတာတာရှိပါတယ်။ ကျွန်တော်တို့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ဘိန်းစိုက်ရာသီမှာဘိန်းခင်းပေါင်း ၂၀၉၂.၃ ဧကကို ကျွန်တော်တို့ ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ထို့အတူပဲ မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါဆေးစွဲကုဆေးရုံ၊ ဗန်းမော်၊ မိုးကောင်း၊ ပူတာအိုဆေးရုံတွေမှာ ဆေးကုသဌာနတွေဖွင့်ပြီးတော့မှ ဒါမူးယစ်ဆေးစွဲသူတွေကိုကုသပေးလျက်ရှိတဲ့နေရာမှာ မြစ်ကြီးနားဆေးရုံမှာဆိုလို့ရှိရင် ၈၀၅၆ ဦး၊ မိုးကောင်းဆေးရုံမှာဆိုလို့ရှိရင် ၂၀၁၁ဦး၊ ဗန်းမော်ဆေးရုံမှာဆိုလို့ရှိရင် ၁၇၇၅ ဦးနဲ့ ပူတာအိုဆေးရုံမှာဆိုလို့ရှိရင် ၇၁၃ ဦး စုစုပေါင်း ၁၂၅၅၅ ဦးကိုကုသပေးလျက်ရှိပါတယ်။ အဲဒီတော့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံကနေပြီးတော့မှ ဆေးပြတ်ပြီးသူတွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေနဲ့ ကားရေဆေး ဆီထိုးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ၊ လက်သမားလုပ်ငန်းတွေ သင်ကြားပေးလျက်ရှိပြီးတော့မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုမျှမက ကချင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနကလည်း မူးယစ်ဆေးစွဲပြီးတော့ ပြီးတဲ့သူတွေကို မြစ်ကြီးနားမြို့မှာရှိတဲ့ လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ရန်ကုန်နဲ့ မန္တလေးမြို့များမှာရှိတဲ့ လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွေကိုလည်း သင်တန်းတွေတက်ရောက်စေလျက်ရှိပါတယ်။ ထို့အပြင် ကျောင်းသားလူငယ်တွေနဲ့ ပြည်သူလူထုတွေကို မူးယစ်ဆေးဝါးအန္တရာယ်အသိပေး၊ ပညာပေးအတွက် ကချင်ပြည်နယ်ရဲတပ်ဖွဲ့၊ မြစ်ကြီးနားမူးယစ်အထူးတပ်ဖွဲ့တို့ပူးပေါင်းပြီးမှ ကချင်ပြည်နယ်အတွင်း

မှာရှိတဲ့ မြို့ပေါ်ရပ်ကွက်တွေ၊ ကျေးရွာတွေ၊ စာသင်ကျောင်းတွေ၊ တက္ကသိုလ်ကောလိပ်တွေ၊ အထက်တန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေစသည်ဖြင့် နောက် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေမှာလည်း အသိပညာပေးဟောပြောတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နောက် မူးယစ်ဆေးဝါးနဲ့ဆက်နွယ်နေတဲ့ ဆိုးကျိုးအန္တရာယ်တွေဖြစ်တဲ့ မသန့်ရှင်းတဲ့ဆေးထိုးအပ်ကိုအသုံးပြုပြီးတော့မှ ရောဂါပိုးဝင်ခြင်းတွေ၊ ဆေးထိုးအပ်တစ်ခုတည်းကိုပဲ မျှဝေသုံးစွဲရာကနေရောဂါကူးစက်ခြင်းတွေ၊ HIV, AIDS ဝေဒနာများ ကူးစက်ပြန့်ပွားခြင်းမဖြစ်စေရန် မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ဆက်နွယ်နေတဲ့ဆိုးကျိုးတွေလျှော့ချခြင်း စီမံကိန်းများအရ ဆေးထိုးအပ်တွေကိုဖြန့်ဖြူးပေးပြီးတော့မှ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် ဆေးထိုးအပ်စွန့်ပစ်တဲ့သီးသန့်ပုံးတွေထားတာတွေ၊ ပြန်လည်သိမ်းဆည်းတာတွေစတဲ့ လုပ်ငန်းရပ်တွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဗဟိုနဲ့ UNODC နဲ့ပူးပေါင်းပြီးတော့မှ ၂၀၁၁ ခုနှစ်မှာ HIV, AIDS အပါအဝင် ကျန်းမာရေးဆိုးကျိုးများကုသပေးရေးကိုလည်း စီမံကိန်းနယ်မြေတွေဖြစ်တဲ့ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်၊ မန္တလေး၊ တာချီလိတ်နဲ့ ရန်ကုန်မြို့တွေမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်း ကာလဟာ သုံးနှစ်ဖြစ်ပါတယ်။ ဒီစီမံကိန်းအတွင်းမှာ INGO အဖွဲ့အစည်းနည်းပြများက မူးယစ်ဆေးစွဲမှုနဲ့ ကျန်းမာရေးဆိုးကျိုးတွေ နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးတွေကို လက်တွေ့ပါဝင်ဆောင်ရွက်နေတဲ့ အစိုးရဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများကိုသင်တန်းတွေပို့ချပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းများအရ မူးယစ်ဆေးစွဲလူနာများရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ဆေးစွဲလူနာတွေရဲ့မိသားစု၊ ပတ်ဝန်းကျင်အနေအထားကိုပါ ကူညီထောက်ပံ့မှု ဆောင်ရွက်ပေးခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းခြင်းနဲ့ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ နောက်ဆက်တွဲဆိုးကျိုး အန္တရာယ်တွေလျှော့ချပပျောက်အောင် ကာကွယ်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲတော့ဒါဟာ အားလုံးသိပြီးဖြစ်တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးဆိုင်ရာဥပဒေပုဒ်မတွေလည်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ထိုက်သင့်တဲ့ပြစ်ဒဏ်များကိုလည်းပြဋ္ဌာန်းပြီးတော့မှဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာကနေပြီးတော့မှ မူးယစ်ဆေးသုံးစွဲမှုကို မူးယစ်ဆေးဝါးသားကောင်များအဖြစ်ကနေ လူနာများအဖြစ်ပြောင်းလဲ ရှုမြင်လာပြီးတော့မှ ဆေးကုသမှုအခွင့်အလမ်းတွေကို ဖော်ဆောင်ပေးဖို့အတွက် UNODC ကတိုက်တွန်းထားတာရှိပါတယ်။

ဒီတိုက်တွန်းချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို မှတ်ပုံတင်ကုသခြင်းမရှိက ပုဒ်မ ၁၅ အရ တိုက်ရိုက်ထောင်ချအရေးယူအပြစ်ပေးခြင်းအစား ပထမအဆင့်အနေနဲ့ မူးယစ်ဆေးစွဲရောဂါကုဌာနတွေကို သတင်းပို့ကုသစေရေးအတွက် တရားရုံးခံဝန်ချုပ်ချုပ်ဆိုခြင်း၊ ခံဝန်ချုပ်ဖောက်ဖျက်က ဒုတိယအဆင့်အနေနဲ့ လူငယ်များပြုစုပျိုးထောင်ရေးစခန်းကိုပို့ဆောင်တဲ့ဒဏ်ချမှတ်ခြင်းနဲ့ လိုက်နာခြင်းမရှိဘဲပျက်ကွက်က တတိယအဆင့်အနေနဲ့ ဒါထောင်ချအရေးယူဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ပြင်ဆင်ပြဋ္ဌာန်းဖို့ စဥ်းစားဆောင်ရွက်နေပြီဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် တာဝန်ရှိဝန်ထမ်းအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ အဂတိလိုက်စားခြင်း၊ တန်စိုးလက်ဆောင်များနှင့် ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်း၊ လက်ခံခြင်း၊ ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲထိန်ချန်ခြင်းတွေ ရှိလို့ရှိရင်လည်း မူးယစ်ဆေးဝါးပုဒ်မ ၁၈ အရအရေးယူအပြစ်ပေးခံရမယ်ဆိုတာ အထင်အရှား ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရဲ့ပြဿနာမဟုတ်ပါဘူး။ လူသားမျိုးနွယ်စုတစ်ရပ်လုံးရဲ့ ပြဿနာဖြစ်ပါတယ်။ အဲတော့ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး Drug Free In Myanmar ၁၅ နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသလို ဒီ ၂၀၁၅ ခုနှစ်မှာလည်း အာဆီယံနိုင်ငံများအတွင်းမှာ မူးယစ်ဆေးဝါးပပျောက်ရေး The Druffy ASEAN အတွက် ဒေသတွင်း နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတကာကအကူအညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိနိုင်ငံရဲ့ပကတိစွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီးတော့မှ စဉ်ဆက်မပြတ်တိုက်ဖျက်သွားမှာဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတော်ကနေပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲမှုလျှော့ချပပျောက်ရေး လုပ်ငန်းရပ်တွေမှာလည်းမူးယစ်ဆေးဝါးသုံးစွဲမှုဟာ ကြီးမားတဲ့အဟန့်အတားဖြစ်ကြောင်းကိုလည်း တွေ့ရှိရတဲ့အတွက် မူးယစ်ဆေးဝါးကာကွယ်တားဆီးပပျောက်ရေးလုပ်ငန်းတွေကို အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ကျွန်တော်တို့ ခုနတင်ပြသလို ဌာနတစ်ခုတည်း တစ်ဖွဲ့တည်းကနေပြီးတော့မှဆောင်ရွက်လို့မရဘဲနဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကူညီပြီးတော့မှ အမျိုးသားရေးအသိစိတ်ဓာတ်နဲ့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှသာလျှင် မြန်မာနိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးတွေဟာလုံးဝပပျောက်သွားမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေတဲ့

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးဗဟို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း ဒါသုံးစွဲမှုပပျောက်ရေး၊ ထုတ်လုပ်မှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ဥပဒေတွေနဲ့အညီ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ လက်အောက်မှာလည်း ဒီမူးယစ်ဗဟိုရဲ့ လက်အောက်မှာလည်း ဒါအဖွဲ့တွေ၊ ကြီးကြပ်ရေးအဖွဲ့တွေဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ကတော့ တားဆီးနှိမ်နင်းရေးအဖွဲ့၊ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအသိပညာပေးရေးအဖွဲ့၊ ပြည်သူများပညာပေး လုံခြုံရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့ဆိုပြီးတော့မှ အဖွဲ့ပေါင်း ၁၀ ဖွဲ့နဲ့ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ခုနကအဆိုရှင်ကိုယ်စားလှယ်တော်ကြီးတစ်ဦးတင်ပြသွားသလို ဒီအဖွဲ့တွေရဲ့ဆောင်ရွက်မှုအားနည်းနေသေးတယ်ဆိုတာလည်းထောက်ပြထားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအဖွဲ့တွေကိုတော့ ကျွန်တော်တို့က သက်ဆိုင်ရာဒုဝန်ကြီးတွေ၊ ဥက္ကဋ္ဌနဲ့ဖွဲ့စည်းထားပါတယ်။ ဖွဲ့စည်းပြီးတော့မှ ကျွန်တော်တို့ ယခုလအတွင်းမှာပဲ မူးယစ်ဗဟိုအစည်းအဝေးကျင်းပပြီးစီးကြောင်းကို သတင်းစာတွေ၊ တီဗွီတွေကနေပြီးတော့လည်း ထုတ်လွှင့်သွားပြီးဖြစ်ပါတယ်။ ဒီကော်မတီကိုလည်း အစိုးရအသစ်အနေနဲ့ ပြန်လည်ဖွဲ့စည်းပြီးတော့မှ စီမံချက်ချဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာအဆိုရှင်ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တင်ပြသွားသလိုပဲ ဒီဒေသဟာလည်း ကျွန်တော်တို့ပါပါတယ်။ ဒီဒေသမှာ ဒီဘိန်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီးတော့ ပပျောက်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ စီမံချက်တွေချမှတ်ထားပြီးဖြစ် ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်သာမက မူးယစ်ဆေးဝါးပပျောက်ရေးအဖွဲ့ အဆင့်ဆင့်ကိုလည်း၊ ကော်မတီအဆင့်ဆင့်ကိုလည်း ကျွန်တော်တို့ဖွဲ့စည်းထားပါတယ်။ ယခင်ကလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒါတွေကတော့ ခရိုင်အဆင့်လည်းရှိပါတယ်။ မြို့နယ်အဆင့်အပြင် ခုနက ရပ်ကွက်နဲ့ ကျေးရွာအဆင့်အထိ ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးကော်မတီတွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီကော်မတီတွေအနေနဲ့ဆက်လက်ပြီးတော့ ထိထိရောက်ရောက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီတစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းတွေပပျောက်ဖို့ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတကာစံချိန်စံနှုန်းများနဲ့အညီ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီးတော့ တစ်မျိုးသားလုံးကနေပြီး ပူးပေါင်းပါဝင်ပြီးတော့မှ တိုက်ဖျက်ဆောင်ရွက်သွားကြပါလို့ မှာကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုလည်းကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ မရယူခင် ဒီအဆိုဟာ အင်မတန်မှကောင်းမွန်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ အဆိုလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပေါ်မူတည်ပြီးတော့ အဆိုနဲ့စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များရဲ့ဆွေးနွေးချက်ကလည်း အင်မတန်မှကောင်းမွန်ပါတယ်။ သတိပြုရမယ့်အချက်ကတော့ စီမံကိန်းတစ်ခု၊ ရည်မှန်းချက်တစ်ခု အောင်မြင်အောင် အကောင်အထည်ဖော်တော့မယ်ဆိုရင် အထူးသဖြင့်တော့ ကြီးမားတဲ့စီမံကိန်း၊ နိုင်ငံတော်စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရင် အစိုးရတစ်ခုတည်းနဲ့မရပါဘူး။ ပြည်သူတွေ ပူးပေါင်းပါဝင်မှုရမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့မှာတော့ ပြည်သူများကိုယ်စား၊ ပြည်သူ့ကိုယ်စားလှယ်များဟာ အစိုးရနဲ့ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အလုပ်တစ်ခုကပြောရတာလွယ်ပါတယ်၊ အလုပ်ဖြစ်မြောက်အောင် လုပ်ဖို့တော်တော်လည်းခဲရင်းတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အဓိကပြောချင်တာကတော့ ဒေါ်ဒွဲဘူတင်သွင်းသွားတဲ့ ဒီအဆိုဟာ အင်မတန်မှကောင်းပါတယ်။ အဲဒီအတိုင်းပဲ နိုင်ငံတော်၊ နိုင်ငံတော်အစိုးရအနေနဲ့ လည်း ဒီလိုအဆိုကိုပဲ ဖြစ်မြောက်အောင်ဆောင်ရွက်နေတာလည်းရှိပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာ အစိုးရအဖွဲ့၊ တာဝန်ရှိတဲ့အဖွဲ့အစည်းများလောက်နဲ့တော့ ဒီစီမံကိန်းကို အောင်မြင်အောင်ဆောင်ရွက်လို့မရဘူး။ ပြည်သူတွေအားလုံးပါဝင် ပူးပေါင်းဆောင်ရွက်မှုဖြစ်မယ်ဆိုတာကိုလည်း အလျဉ်းသင့်လို့ လွှတ်တော်ကိုတင်ပြချင်ပါတယ်။ အဲဒီနေရာမှာ တစ်ချို့တင်ပြသွားတာရှိပါတယ်။ မှတ်လည်းမှတ်သားလောက်ပါတယ်။ ဒါလည်း ပြီးခဲ့တဲ့ ဒီမိုကရေစီနေ့က ဒီမိုကရေစီဘက်တော်သားများရှင်ဆိုပြီးတော့ ၊ အဲတော့ ကျွန်တော်တို့အဲလိုဆွေးနွေးပြီးနောက်ပိုင်းမှာလည်း တစ်ချို့ပြောကြဆိုကြဝေဖန်ကြတာတွေရှိပါတယ်။ ဒီနေ့ဒီကာလမှာတော့ ခေတ်နောက်ကျလို့မဖြစ်ပါဘူး။ ဒီခေတ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ထဲမှာလည်း အတိအလင်းဖော်ပြထားပါတယ်။ မိမိတို့မြန်မာနိုင်ငံကို အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်မယ်ဆိုရင် အဲဒီလို ထူထောင်တယ်ဆိုတဲ့ နေရာမှာ ရှေ့ကနာမည်တပ်ထားမှ ဒီမိုကရေစီဆိုတဲ့နာမည်တပ်ထားမှ ဒီမိုကရေစီ လုပ်ရမှာမဟုတ်ပါဘူး။ ဒီမိုကရေစီဘက်တော်သားမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်နဲ့ ပတ်သက်ပြီးတော့၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၇ မှာလည်း အတိအလင်းပဲဒီလိုဖော်ပြထားတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီမိုကရေစီစနစ်ကို မကျင့်သုံးဘူးဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို မလေးစားတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအတိုင်းပဲ ကျွန်တော်တို့ ခံယူဆောင်ရွက်မှာ

ဖြစ်ပါတယ်။ ဒါလည်းခုနက ဒီမိုကရေစီဘက်တော်သားများလို့ နှုတ်ခွန်းဆက်ပြောတဲ့ အပေါ်မူတည်ပြီး ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့အဆိုနေရာမှာ ခုနက ပဲဆိုတဲ့ဟာပေါ့လေ၊ ပဲကတော့ ကျွန်တော်တို့ကြားဘူးတဲ့ပဲကတော့ ပဲများတယ်ဆိုလို့ရှိရင် အိုင်တင်များတာပေါ့၊ အခုကျတဲ့ အခါကျတော့ ပဲဟာ မူးယစ်ဆေးထည့်သုံးတယ်ဆိုတဲ့ဟာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်းဒီကိစ္စကိုဖြေရှင်းဖို့ ဆိုလို့ရှိရင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခုနဲ့မလုံလောက်ပါဘူး။ ခုနက ကွမ်းယာရောင်းတယ်ဆို လို့ရှိရင် ကွမ်းယာရောင်းသူဟာလည်း ပြည်သူပဲဖြစ်ပါတယ်။ ကွမ်းယာစားသုံးသူကလည်း ပြည်သူပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ဘက်ကပါဖို့လိုပါတယ်။ အဲဒီအတိုင်းပဲ ဒီနေရာမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားတဲ့နေရာမှာ အဓိကကနစ်ခုပါ။ တစ်ခုက ဘာလည်းဆိုရင်ဥပဒေပေါ့၊ အခုဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ဥပဒေနဲ့ ပတ်သက်ပြီးတော့ ဥပဒေရယ်၊ ဥပဒေအရတရားစီရင်တဲ့နေရာမှာ ပြစ်မှုပြစ်ဒဏ် မျှတဖို့ဆိုတာကို ဦးသောင်းဘက်ကအဓိက ဒါဆွေးနွေးသလိုနောက်ဆုံး ဒေါ်တင်နွယ်ဦး ဆွေးနွေးတဲ့ အထဲမှာလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဥပဒေကိုလည်းပြန်သုံးသပ်ဖို့လိုသလို ပြစ်မှု ပြစ်ဒဏ်ချမှတ်တဲ့နေရာမှာလည်း ပြန်ပြီးတော့သုံးသပ်ဖို့လိုတယ်ဆိုတာလည်း ဒါအားလုံး အသိပဲဖြစ်ပါ တယ်။ အဲဒီနေရာမှာ မူးယစ်ဆေးနဲ့ပတ်သက်လို့ Definate ဖွင့်သွားပြီးတဲ့အခါမှာ ဒီအရက်ကတော့ မူးယစ်ဆေးမဟုတ်ဘူး။ သောက်သုံးလို့ရှိရင် ဉာဏ်တွေဘာတွေကောင်းတယ်ဆိုပြီးတော့ ဒီလိုလည်း ကြေညာသွားတဲ့အတွက် ဒါလည်းမှန်၊ မမှန်တော့ သုံးစွဲသူတွေသိမှာပါ။ ဘာပဲဖြစ်ဖြစ် အဲဒီမှာလည်း ထောက်ပြဆွေးနွေးသွားတဲ့ဟာလည်း ပြစ်ဒဏ်တွေအားလုံးစုစည်းပြီးတော့ ပါတယ်ဆိုလို့ရှိရင်လည်း အမြင့်ဆုံးပြစ်ဒဏ်သာလျှင် တစ်ခုတည်းကိုသာလျှင် ပေးခြင်းဟာဆိုတဲ့ဟာလည်း ခုနကပြစ်မှုပြစ်ဒဏ် ချမှတ်တဲ့နေရာမှာ သတိပြုဆောင်ရွက်ရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ဒါလည်း လိုအပ်ချက်တစ်ခုဖြစ် ပါတယ်။ အဲဒီမှာမှ ဦးဝင်းကို ဆီဆိုင်မဲဆန္ဒနယ်က ဆွေးနွေးသွားတဲ့နေရာမှာ ဆွေးနွေးချက်တွေ ကောင်းပါတယ်။ ဒါပေမယ့် သတိပြုရမယ့်ဟာရှိပါတယ်။ ဘာလည်းဆိုရင် ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက် ဒီဟာ အဓိပ္ပာယ်ဟာစဉ်းစားမယ်ဆိုလို့ရှိရင် အမျိုးမျိုးဖြစ်နိုင်ပါတယ်။ မည်သူ့ကိုမှ ရည်ရွယ်ခြင်းမရှိဘူး ဆိုပေမယ့်လို့ မင်းကြီးလို့သုံးလိုက်တဲ့အတွက် အစိုးရ၊ နိုင်ငံတော်အစိုးရနဲ့သွားပြီး သက်ဆိုင်မှုရှိနိုင်တယ် ဆိုတာကိုလည်း ကိုယ်စားလှယ်များအနေနဲ့ နောင်ဆွေးနွေးတဲ့နေရာမှာ ဒါသတိပြု ဖို့လိုပါတယ်။ ဘာကြောင့် ဒါကျွန်တော်ပြောလည်းဆိုလို့ရှိရင် အားလုံးသိပါတယ်။ ကိုလိုနီဟာ မိမိတို့ မြန်မာနိုင်ငံကို Defight and Rule ခွဲခြားပြီးတော့၊ သွေးခွဲပြီးတော့ အုပ်ချုပ်သွားတယ်။ ဒီအဆို

တစ်ခုရှိပါတယ်။ ဘယ်လောက်မှန်တယ် မမှန်ဘူး၊ ကိုယ်စားလှယ်တွေသိပါတယ်။ အဲဒီအတိုင်းပဲ ကိုယ်စားလှယ်များတင်ပြသွားတဲ့ ဒီမူးယစ်ဆေးနဲ့ပတ်သက်ပြီးတော့ စတင်မြန်မာနိုင်ငံကို ဝင်ရောက်လာမှုဟာ ကိုလိုနီနယ်ချဲ့ခေတ်ကပဲ ဖြစ်ပါတယ်။ ဒါဖြင့်ဒါတင်လား။ ပြန်ပြီးလေ့လာသုံးသပ်ကြည့်မယ်ဆိုရင် မူးယစ်ဆေးဝါးဆိုတာဘိန်း၊ ဘိန်းကထွက်တဲ့ပစ္စည်းများကို အဆင့်ဆင့်ထုတ်လုပ်တာမှ မူးယစ်ဆေးဝါး မဟုတ်ဘူး ဒီနေ့ ဒီကာလမှာဓါတုပစ္စည်းများ၊ ဓါတုပစ္စည်းများကနေ မူးယစ်ဆေးဝါးတွေ ထုတ်လုပ်တယ်။ ဓါတုပစ္စည်းများ မိမိတို့မြန်မာနိုင်ငံမှာလုပ်သလား။ ဘယ်ကနေဝင်လာသလဲ။ ဒါလည်း မိမိကိုယ်စားလှယ်များ ပြန်လည်သုံးသပ်ကြည့်ဖို့လိုပါတယ်။ ဒီဟာတွေပင်လျှင် မြန်မာနိုင်ငံရဲ့အကျိုးကို ထိခိုက်အောင်လုပ်တာ မဟုတ်ဘူးလားဆိုတာလည်း ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ပြီးလျှင် ဒီနေ့အစိုးရအနေနဲ့ အဖွဲ့အစည်း အသီးသီးအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ပတ်သက်လို့ ဘယ်လောက်အထိ လုပ်နေတယ်ဆိုတာကို လည်းသတိထားကြည့်မိရင် တွေ့မှာပါ။ အဲဒီလိုလုပ်နေတဲ့ကြားထဲက မိမိတို့အစိုးရကို မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ စွပ်စွဲမှုတွေဟာလည်း အများကြီးပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ် တစ်ဦး၊ ဦးဝင်းကိုပြောတာနဲ့ပတ်သက်လို့ မင်းကြီးတာကထွက်ဆိုတဲ့စကားဟာ မိမိနိုင်ငံတော်၊ မိမိလူမျိုး များကို ထိခိုက်ဖွယ်ရှိတဲ့အတွက် ဒီစကားမျိုးများကို သတိပြုသုံးစွဲဖို့လိုပါတယ်။ ဒီနေ့ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ရဲ့ အဖွဲ့အစည်းအသီးသီးတွေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့ဆောင်ရွက်တဲ့နေရာမှာ အသက်ပေး သွားတာတွေရှိပါတယ်။ ဒဏ်ရာတွေရသွားတာရှိပါတယ်။ ဟိုဖက်ကတပ်မတော်သားတွေ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ နှိမ်နင်းတိုက်ခိုက်တဲ့နေရာမှာ နောက်ဆုံးကျတဲ့အခါကျတော့ ဒီအဖွဲ့အစည်းပဲဖြစ်မယ် ဆိုပြီးတော့ ဘယ်နှစ်ခုနှစ်လောက်ကလည်းဆိုတော့ ၁၉၈၀ အလွန်ကနေပြီးတော့ နောက်ဆုံးလည်းသူတို့ တွေပါဝင်ရတဲ့ အနေအထားရှိပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ သေသွားတာတွေရှိတယ်။ ဒဏ်ရာ တွေရတာရှိတယ်။ များစွာရှိတယ်။ ကိန်းဂဏန်းတော့ မမှတ်မိဘူး။ အဲဒီအတိုင်းပဲ တာဝန်ရှိတဲ့ လူတွေလည်း မူးယစ်ဆေးဝါးတိုက်ဖျက်မှုနဲ့များစွာဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ကိုလိုနီလက်သစ်ဝါဒတွေက ဒီမူးယစ် ဆေးဝါးနဲ့ပတ်သက်လို့ မြန်မာအစိုးရကိုသော်လည်းကောင်း၊ မြန်မာ့တပ်မတော်ကိုသော်လည်းကောင်း၊ မြန်မာပြည်သူလူထုအချို့ကိုသော်လည်းကောင်း၊ အမျိုးမျိုးစွပ်စွဲပြီးတဲ့အခါမှာ မူးယစ်ဆေးဝါးတိုက်ဖျက်မှု ကို သူတို့အနေနဲ့ ဘာကူညီသလဲဆိုလို့ရှိရင် ဘာမှမကူညီဘဲနဲ့ တဖက်ကတော့ မကောင်းဘူးပြောပေးတဲ့ အခါမှာ ဒါမျိုးတွေကိုပဲဖြစ်အောင် လုပ်နေသလားဆိုတဲ့ သံသယတွေလည်းရှိခဲ့ပါတယ်။ ဒါဘာလဲဆို အမျိုးသားရေးအသိဖြစ်ပါတယ်။ ဒါကြောင့် ခုနကအဆိုနဲ့ပတ်သက်ပြီးတော့ အင်မတန်ကောင်းမွန်တဲ့

အဆိုဖြစ်တယ်။ ဒီအဆိုကို အားလုံးကထောက်ခံရမှာဖြစ်တယ်။ ထောက်ခံတဲ့အခါမှာ ဒီအဆိုကိုအကောင်အထည်ဖော်ဖို့ဆိုလို့ရှိရင် အစိုးရအဖွဲ့အစည်းတစ်ခု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ မလုံလောက်ဘဲနဲ့ ပြည်သူအားလုံးပါဖို့လိုပါတယ်။ ဒီနေ့ ဒီကာလမှာ ပြည်သူ့ကိုယ်စား၊ ပြည်သူ့ကိုယ်စားလှယ်များဟာ လွှတ်တော်များကိုရောက်ပါပြီ။ လွှတ်တော်မှာ ဒီလိုပြောသလို ကိုယ့်နယ်မြေမှာလည်း ကိုယ်ဒီလိုပြန်ပြီးတော့မှ ပြည်သူ့ဘက်ကပါဝင်ပြီးဆောင်ရွက်ဖို့လိုပါတယ်။ အဲလိုမှမဟုတ်ဘဲနဲ့ ပြောတာပြော၊ တင်ပြတာတင်ပြပြီးတဲ့အခါမှာ ပြောရင်ပြီးပြီတာဝန်ကျေပြီဆိုတဲ့ အနေအထားဖြစ်လို့ရှိရင် လုပ်လို့မရနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ လေးနက်တဲ့အဆိုဖြစ်တယ်။ လေးနက်တဲ့အဆိုကလည်း ခုနကတင်ပြသလိုပဲ မှတ်တမ်းတင်ရုံတင်မဟုတ်ဘဲနဲ့ အတည်ပြုဆုံးဖြတ်ဖို့ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေဘက်က ဘယ်လောက်ထိတာဝန်ရှိနေတယ်၊ ဘယ်လောက်ထိတာဝန်ရှိသလို ဘယ်လိုပါဝင်ပတ်သက်ရမယ်ဆိုတာ အသိရှိပြီးတော့ဆောင်ရွက်မှ ဒီအဆိုကိုဆောင်ရွက်တဲ့နေရာမှာ အောင်မြင်မယ့်အဆိုဖြစ်မှာဖြစ်တဲ့အတွက် ကျွန်တော် လွှတ်တော်ကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဲဒီနေ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို အရှိန်ဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရေးနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်ဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကိုကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရေးအဆိုကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်မစတင်မီ တင်ပြလိုတဲ့အချက်တစ်ချို့ရှိပါတယ်။ ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားတဲ့လယ်ယာမြေဥပဒေကြမ်း ပြင်ဆင်ရန်စိစစ်ချက်ဇယားမှာ နံနက်ပိုင်းကတင်ပြခဲ့တဲ့အပြင် ထပ်မံပြီးတော့ မူလအမှတ်စဥ် ၄၄ ၊ အပိုဒ် ၁၈ နှင့်ပတ်သက်တဲ့ပြင်ဆင်ချက်ပြင်ဆင်ရန်တင်ပြထားသူက ဦးမန်းမောင်မောင်ဉာဏ်ဖြစ်ပါတယ်။ ယခင်အမှတ်စဥ် ၄၄ ၊ အပိုဒ် ၁၈ နှင့်ပတ်သက်တဲ့ပြင်ဆင်ချက်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ယခင်အမှတ်စဥ် ၄၉ ၊ အပိုဒ် ၂၂ နှင့်ပတ်သက်တဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြသူ ဦးမန်းမောင်မောင်ဉာဏ်ပဲ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်နဲ့ပတ်သက်လို့ တင်ပြထားတဲ့ကိုယ်စားလှယ်မရှိတဲ့အတွက်သက်ဆိုင်ရာကိုယ်စားလှယ်နဲ့နီးစပ်တဲ့ ပါတီကိုယ်စားပြုကိုယ်စားလှယ်တစ်ဦးရဲ့တင်ပြချက်အရ ဒီပြင်ဆင်ရန်တင်ပြချက်ကို ရုပ်သိမ်းတဲ့အကြောင်းတင်ပြတဲ့အတွက် ဒီအပိုဒ်နှစ်ခုပြင်ဆင်မှုကို ပယ်ဖျက်ကြောင်းတင်ပြလိုပါတယ်။ အဲဒါကြောင့်မို့ အမှတ်စဥ်အရဆိုရင် စုစုပေါင်းပြင်ဆင်ရန်တင်ပြမှု အပိုဒ်ပေါင်း ၅၈ ပိုဒ်ရှိကြောင်းတင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ ကျွန်တော်တို့ တင်ပြချက်တစ်ခု ကျန်ရှိပါတယ်ခင်ဗျား။ မူလအမှတ်စဥ် ၆ ပြင်ဆင်ရန်တင်ပြသူအား ဦးတင်မောင်ဦး မဟုတ်ဘဲနဲ့ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၃ ရက်မြောက်နေ့မှာ ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်သွင်းပြီး လွှတ်တော်ကဆွေးနွေးစဥ်းစားရန်ဆုံးဖြတ်ထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းကို ဒီနေ့စတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာပါဝင်တဲ့ ပြင်ဆင်ချက်အချို့နဲ့

၉-၉-၂၀၁၁ ရက်နေ့အထိ ကိုယ်စားလှယ်များပေးပို့ထားတဲ့ ပြင်ဆင်ချက်များအပေါ်အခြေခံပြီး အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းများတစ်ခါတည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုကို တင်ပြထားခြင်းမရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်သို့ သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက် တောင်းခံခြင်းများမပြုလုပ်တော့ဘဲ အတည်ပြုကြောင်း တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြင်ဆင်ချက်အဆို တင်သွင်းပြီး ဆွေးနွေးအတည်ပြုနိုင်ရန် ကျွန်တော်က အဆိုမှာ အပိုဒ် သို့မဟုတ် အပိုဒ်ခွဲသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်လို့ တင်သွင်းကြေညာတဲ့အချိန်မှာ ဒီအပိုဒ်၊ အပိုဒ်ခွဲအတွက် ပြင်ဆင်ချက်တင်ပြထားတဲ့ ကိုယ်စားလှယ်က မိမိရဲ့ပြင်ဆင်ချက်အဆိုကို တင်သွင်းရန်ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဂရုပြုဆောင်ရွက်စေလိုတာကတော့ မိမိအနေနဲ့ ပြင်ဆင်ချက်အဆိုတစ်ခုထက် ပိုပြီးတင်ပြထားတာရှိခဲ့ရင်လည်း တစ်ဆက်တည်းမဟုတ်ဘူးဆိုရင် သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲ နေရာအလိုက်သာတင်ပြကြရမှာဖြစ်ပါတယ်။ အဆိုတင်သွင်းပြီးတိုင်းမှာလည်း အခြားကိုယ်စားလှယ်တစ်ဦးက ထောက်ခံရန်လိုအပ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးကထောက်ခံပြီးချိန်မှာ ကျွန်တော်ကပြင်ဆင်ချက်အဆိုကိုကြေညာပေးပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ရဲ့ သဘောထားကိုမေးမြန်းပါမယ်။ ရရှိတဲ့သဘောထားပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အခု စတင်ဆောင်ရွက်ပါမယ်။ အဆိုမှာ ခေါင်းစဉ်နှင့်အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ပြင်ဆင်ချက်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းရဲ့ အခန်း(၁)၊ အပိုဒ် ၂ ၊ အပိုဒ်(ဃ)မှာ ပါဝင်တဲ့ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများဟူသောစကားရပ်ကို ဟင်းသီးဟင်းရွက် ၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ သတ်မှတ်သည့်မြေများ၊ မြေနုကျွန်းဟုသတ်မှတ်သည့် နေရာများဟူသောစကားရပ်အတိုင်း ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသလို ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးကလည်း တင်ပြထားပါတယ်။ ဒီတင်ပြချက်နဲ့ပတ်သက်လို့ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ယခု ပြင်ဆင်ချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုမှာ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)မှ အပိုဒ်ခွဲ (၁၉)အထိ စာမျက်နှာ ၂ မှာ ရှိပါတယ်။ ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ်ပါဝင်တဲ့ အသုံးချခွင့်ဟူသော စကားရပ်အစား လုပ်ပိုင်ခွင့်ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်နိုင်ရေး အဆိုတင်သွင်းရန် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး တင်သွင်းထားတဲ့ လယ်ယာမြေဥပဒေမူကြမ်းကို ပြင်ဆင်ချက်အဆိုများ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး အဆိုပြုတင်ပြစဥ်က လယ်ယာမြေဥပဒေမူကြမ်းမှာ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်သင့်သည်များကို ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ ဥပဒေမူကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြင်ဆင်ဖြည့်စွက်သင့်သည်များ ကိုအကြံပြုခဲ့ပါတယ်။ အဆိုပြုတင်ပြသူ ဦးဌေးဦးနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့ရဲ့ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရန် ရှင်းလင်းတင်ပြမှုများအတိုင်း ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေပေး ထားတဲ့ ဥပဒေမူကြမ်းကို ပြင်ဆင်ချက်များနှင့် တင်ပြသွားမှာဖြစ်ပါတယ်။ တင်ပြထားတဲ့ အမှတ်စဥ် (၂)မှာ ပါတဲ့အပိုဒ် ၂(ခ) ပထမစာကြောင်း အသုံးချခွင့်နှင့်ပတ်သက်ပြီးတော့ လယ်ယာမြေအသုံးချခွင့်စကားရပ် အစား လယ်ယာမြေလုပ်ပိုင်ခွင့်လို့ ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်တဲ့ ဥပဒေမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာ မြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မှုမြင့်မားစေရန်အလို့ငှာ သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ

လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကိုဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့်ဓာတ်ငွေ့ စသည့်သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့်မပါဝင်ခြင်း လို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ အခန်း ၂ ခေါင်းစဉ်ပါ အသုံးချခွင့်နှင့်ပတ်သက်ပြီး တော့ ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ဒီအပိုဒ်မှာ လယ်ယာမြေအသုံးချခွင့်ပြုခြင်း စကားရပ်အစား လယ်ယာမြေလုပ်ပိုင်ခွင့်လို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒီအပိုဒ်ကတော့ အခန်း (၂)ရဲ့ ခေါင်းစဉ်ဖြစ်တဲ့ မူလလယ်ယာမြေအသုံးချခွင့်ပြုခြင်းကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုခြင်းဆိုပြီးတော့ ပြင်ဆင်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်အနေနဲ့ အပိုင်း(၃) ဒုတိယစာကြောင်းမှာ အသုံးချခွင့်ဆိုတဲ့စကားရပ် နဲ့ ပတ်သက်ပြီးတော့ လုပ်ပိုင်ခွင့်လို့ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အပိုဒ် ၃ ရဲ့ တတိယအပိုဒ်မှာ ရှိတဲ့ စာပိုဒ်ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၃ ကို အောက်ပါ စည်းကမ်းချက်များနဲ့အညီ ညီညွတ်သော တောင်သူလယ်သမားအိမ်ထောင်စု သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းအား လယ်ယာမြေလုပ်ပိုင်ခွင့် ပေးရ မည်ဟု ပြင်ဆင်ဆောင်ရွက်သွားခြင်းဖြစ်ပါတယ်။ နောက် တစ်ချက်ကတော့ အခန်း(၃)၊ ခေါင်းစဉ်ပါ အသုံး ချခွင့်ဖြစ်ပါတယ်။ အခန်း(၃)ခေါင်းစဉ်မှာပါရှိတဲ့ မူလအသုံးချခွင့်ပြုသည့် လယ်ယာမြေများနှင့်ပတ်သက် သည့်အခွင့်အရေးများအစား အသုံးချခွင့်ဆိုတဲ့စကားရပ်ကို လုပ်ပိုင်ခွင့်ဆိုတဲ့စကားရပ်နဲ့ အစားထိုးပြီး လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများနှင့်ပတ်သက်သည့် အခွင့်အရေးများလို့ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၄ ပထမစာကြောင်း ထိပ်ဆုံးမှာရှိတဲ့ အသုံးချခွင့်စကားရပ်ဖြစ်ပါတယ်။ မူလ အပိုဒ် ၄ မှာ အသုံးချခွင့်ပြုသည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများရရှိစေရ မည်ဟုဖော်ပြထားပါတယ်။ ဒါကို ကျွန်တော်တို့ ပြင်ဆင်ချက်အနေဖြင့် အပိုဒ် ၄ မှာ လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများရရှိစေရမည်ဟု ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၄(ဃ)ပထမစာကြောင်းမှာပါတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ ဒီအပိုဒ်နဲ့ပတ်သက်လို့ ဥပဒေမူကြမ်း အပိုဒ် ၄(ဃ)ပါအချက်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံ ခြင်းနှင့်ပတ်သက်၍ လယ်ယာမြေကိုအတူလုပ်ကိုင်သူများကိုသာအမွေဆက်ခံခွင့်ပြုရာမှ ယခုအမွေဆက် ခံခွင့်ရှိသူအားလုံးကို ဆက်ခံခွင့်ရရှိစေဖို့အတွက် အပိုဒ်ခွဲ(စ)နှင့် အစားထိုးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်ဥပဒေမှာ အပိုဒ်ခွဲ ၄(စ)မှာ အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်း နှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပါက တည်ဆဲတရားဥပဒေအရ သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ် ရမည်ဟုပြင်ဆင်သွားမှာဖြစ်ပါတယ်။

နောက်တစ်ပိုဒ်အနေနဲ့ ဆက်လက်ပြီးတော့ အပိုဒ် ၄(င) ပထမစာကြောင်းပါ အသုံးချခွင့်စာသားကို ပြင်ဆင်တင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၄(င)ရဲ့ မူလဥပဒေမှာ လယ်ယာမြေအသုံးချခွင့်ကာလကို နှစ်ရှည်သီးနှံစိုက်ပျိုးမြေစတင်ခွင့်ပြုသည့်နှစ်မှစ၍ သတ်မှတ်သည့်စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း(၆၀)အထိရရှိမည်၊ ခွင့်ပြုသည့်သက်တမ်းကာလကုန်ဆုံးပြီးနောက် သက်တမ်းတိုးခွင့်လျှောက်ထားနိုင်သည်။ ရာသီသီးနှံစိုက်ပျိုးလျှင် သတ်မှတ်သည့်စည်းကမ်းများကိုဖောက်ဖျက်ခြင်းမရှိသ၍ အသုံးချခွင့်ရှိသည်လို့ မူလဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ မူလဥပဒေမူကြမ်း အပိုဒ်၄ (င)မှာ နှစ်ရှည်သီးနှံစိုက်ပျိုးလျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ သတ်မှတ်သည့်စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း(၆၀)အထိရရှိမည်။ ခွင့်ပြုသည့်သက်တမ်းကာလကုန်ဆုံးသည့်နောက် သက်တမ်းတိုးခွင့်လျှောက်ထားနိုင်သည်ဟုဖော်ပြပါရှိရာ လယ်ယာမြေတွင် နှစ်ရှည်သီးပင်စိုက်ပျိုးခွင့်မရှိသည့်အတွက် အဆိုပါစာသားအားပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ ကျန်ရှိသောရာသီသီးနှံစိုက်ပျိုးလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ကာလကို သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရှိသည်ဟူသော စာသားအားပိုမိုရှင်းလင်းကျစ်လစ်စေဖို့အတွက် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအပိုဒ်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့အပိုဒ် ၄(ဆ)သည် လယ်ယာမြေလုပ်ပိုင်ခွင့်ကာလကို သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရှိသည်လို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ်(၄)ခေါင်းစဉ်ပါအသုံးချခွင့်ဖြစ်ပါတယ်။ အခန်း(၄)ရဲ့ခေါင်းစဉ်က မူလအသုံးချခွင့်ပြုသည့်လယ်ယာမြေနှင့်ပတ်သက်သည့် စည်းကမ်းချက်များဖြစ်ပါတယ်။ ဒီမှာပါရှိတဲ့ အသုံးချခွင့်ဆိုတဲ့စကားရပ်ကိုလုပ်ပိုင်ခွင့်လို့ပြင်ဆင်ပြီးတော့မှ အခန်း(၄)ပြင်ဆင်ချက်အနေနဲ့ လုပ်ပိုင်ခွင့်ပြုသည့်လယ်ယာမြေနှင့်ပတ်သက်သည့် စည်းကမ်းချက်များလို့ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၇၊ ပထမစာကြောင်း ထိပ်ဆုံးမှာရှိတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ မူလအပိုဒ် ၇ ဖော်ပြထားတဲ့ စာသားကတော့ အသုံးချခွင့်ရရှိထားသော လယ်ယာမြေနှင့်ပတ်သက်၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။ ဒီနေရာမှာပါရှိတဲ့ အသုံးချခွင့်ကိုလုပ်ပိုင်ခွင့်နှင့် စကားရပ်ပြင်ဆင်တဲ့အတွက်ကြောင့် အပိုဒ် ၇ သည် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေနှင့်ပတ်သက်၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်ဟု ပြင်ဆင်သွားမှာဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးရော ဒီစာအုပ်တွေကို ရထားတယ်နော်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၇(ဃ) ပထမစာကြောင်းမှာပါတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ မူလအပိုဒ်၇(ဃ)မှာ မြေအသုံးချခွင့်ရရှိသော လယ်ယာမြေကိုသတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးဆောင်၍ ဦးစီးဌာနတွင်မှတ်ပုံတင်ထားရမည်လို့ပါရှိပါတယ်။ မူလဥပဒေမှာပါရှိတဲ့ အသုံးချခွင့်ဟူသောစကားရပ်အစား လုပ်ပိုင်ခွင့်လို့စကားရပ်နဲ့ အစားထိုးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့ အပိုဒ်၄(ဃ)မှာ လုပ်ပိုင်ခွင့်ရသောလယ်ယာမြေကို သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးဆောင်၍ ဦးစီးဌာနတွင်မှတ်ပုံတင်ထားရမည်လို့ ဖော်ပြပါရှိပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ်(၈) ပထမစာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ မူလဖော်ပြချက်အရ အပိုဒ် ၈ ကို ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေအသုံးချခွင့် အငြင်းပွားမှုအရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင်မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။

ဒီမှာပါရှိတဲ့ အသုံးချခွင့်ဟူသောစကားရပ်ကို လုပ်ပိုင်ခွင့်အဖြစ်ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်တဲ့ဥပဒေအရ အပိုဒ် ၈ သည် ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုအရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင်မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၁၀၊ ဒုတိယစာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ မူလဥပဒေဖော်ပြချက်မှာ အပိုဒ် ၁၀(က)အငြင်းပွားမှု အရှုပ်အရှင်းဖြစ်ပေါ်နေသောကာလအတွင်း သို့မဟုတ် လယ်ယာမြေအသုံးချခွင့် မရမီကာလအတွင်းလယ်ယာမြေနှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်းစသည်တို့ကို ဆောင်ရွက်ခွင့်မပြုရဟုပါရှိပါတယ်။ ဒီနေရာမှာ မူလဥပဒေမူကြမ်းမှာပါရှိတဲ့ လယ်ယာမြေအသုံးချခွင့်ဟူတဲ့စကားရပ်အစား လယ်ယာမြေလုပ်ပိုင်ခွင့်လို့ပြင်ဆင်ထားပြီးတော့ လယ်ယာမြေကိုရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့ကို အစီအစဉ်အတိုင်း အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းတို့ ပြင်ဆင်ဖြည့်စွက်ထားရှိပါတယ်။ ဒါကြောင့် ပြင်ဆင်လိုက်တဲ့ဥပဒေက အပိုဒ် ၁၀၊ အငြင်းပွားမှုအရှုပ်အရှင်းဖြစ်ပေါ်နေသော ကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း လယ်ယာမြေနှင့်စပ်လျဉ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊

အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝမပြုရဟု ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၁၃(က) ပထမစာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်ရယ်၊ တတိယ စာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်၊ ဆဋ္ဌမစာကြောင်းမှာပါရှိတဲ့အသုံးချခွင့်များကို ပြင်ဆင်တင်ပြသွားမှာ ဖြစ်ပါတယ်။ မူလ ဥပဒေဖော်ပြချက်မှာ အပိုဒ် ၁၃(က)လယ်ယာမြေအသုံးချခွင့်၊ လွှဲပြောင်းခွင့်များ အတွက် ဥပဒေနှင့်အညီစိစစ်ဆေးဆောင်ရွက်၍ ခွင့်ပြုမိန့်လက်မှတ်ထုတ်ပေးခြင်း၊ အသုံးချခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုကို မှတ်ပုံတင်စာအုပ်တွင်မှတ်တမ်းတင်ခြင်း၊ လယ်ယာမြေအသုံးပြုခွင့်ပေး သည့်ကိစ္စများ၊ လွှဲပြောင်းသည့်ကိစ္စများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ၊ လယ်ယာမြေထိန်းကျောင်းခွင့် အငြင်းပွားမှုများကို လက်ခံကြားနာစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊ အယူခံခြင်း၊ ပြင်ဆင်ခြင်း၊ အပြီးအပြတ် အတည်ဖြစ်စေခြင်းတို့ ပါရှိပါတယ်။ ဒါကို ကျွန်တော်တို့ မူလဥပဒေမူကြမ်းအပိုဒ် ၁၃ (က)မှာပါတဲ့အသုံးချခွင့် ကိုလုပ်ပိုင်ခွင့်ဟူသောစကားရပ်နဲ့ ပြင်ဆင်အစားထိုးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၁၃(က) သည် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်လွှဲပြောင်းပေးမှုများအတွက် ဥပဒေနဲ့အညီစိစစ်ဆေးဆောင်ရွက်၍ ခွင့်ပြုမိန့် လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုကို မှတ်ပုံတင် ဆောင်ရွက်မှတ်တမ်းတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပေးသည့်ကိစ္စများ လွှဲပြောင်းသည့်ကိစ္စများနှင့် စပ်လျဉ်း၍အငြင်းပွားမှုများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများကို လက်ခံကြားနာ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊ အယူခံခြင်းနှင့် ပြင်ဆင်ခြင်း၊ အပြီးအပြတ်အတည်ဖြစ်စေခြင်းတို့ ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့အပိုဒ် ၁၃(ဂ) ပထမစာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ မူလဥပဒေဖော်ပြချက်မှာ လယ်ယာမြေအသုံးချခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာအသုံးချခွင့်ဟူတဲ့ စကားရပ်ကို လုပ်ပိုင်ခွင့်ဟူသောစကားရပ်နှင့် ပြင်ဆင်တဲ့အတွက်ကြောင့် အပိုဒ် ၁၄ (ဂ)သည် လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထား သည့်စည်းကမ်းချက်များကို လိုက်နာစေရန်ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကိုအရေး ယူဆောင်ရွက်ခြင်းဟု ပြင်ဆင်သွားမှာဖြစ်ပါတယ်။

နောက်တစ်ပိုဒ်ကတော့ ၁၃ (ဃ)မှာပါရှိတဲ့၊ အပိုဒ် ၁၇ မှာပါရှိတဲ့ ပထမစာကြောင်းကို ပြင်ဆင် တင်ပြသွားမှာဖြစ်ပါတယ်။ ကျော်သွားလို့ အပိုဒ် ၁၃ (ဃ)ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့

အပိုဒ် ၁၃(ဃ)ရဲ့ မူလဥပဒေဖော်ပြချက်မှာ လယ်ယာမြေအသုံးချခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းဖြစ်ပါတယ်။ အသုံးချခွင့်ဟူတဲ့စကားရပ်ကို လုပ်ပိုင်ခွင့်စကားရပ်နှင့် အစားထိုးပြီးတော့ ဒီစာပိုဒ်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းလို့ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၁၇ ပထမစာကြောင်းအသုံးချခွင့်ဖြစ်ပါတယ်။ အပိုဒ် ၁၇ မူလဥပဒေဖော်ပြချက်မှာ ဝန်ကြီးဌာနသည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လယ်ယာမြေအသုံးချခွင့် လွှဲပြောင်းခြင်းကိစ္စရပ်များကို နှစ်ဦးသဘောတူကတိစာချုပ်ကို ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင်ချုပ်ဆို၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် ကတိစာချုပ်ကို မှချမှတ်တမ်းတင်စေပြီး လယ်ယာမြေတန်ဖိုးကို ဒေသန္တရအချင်းချင်းကာလပေါက်ဈေးနှုန်းတို့နှင့်အညီဖြစ်စေရန်၊ ဤဥပဒေပုဒ်မ ၁၀ ပါသင့်လျော်မည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို လိုအပ်မည့်နည်းဥပဒေပြဋ္ဌာန်း၍ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်လို့ပါရှိပါတယ်။ ဒီနေရာမှာ ဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းချက်များအရ လယ်ယာမြေအသုံးချခွင့်ဆိုတဲ့စကားရပ်ကို ဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်ဟု ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စာပိုဒ်အနေနဲ့လည်း မူလစာပိုဒ် ၁၇ဟာ မူလစာပိုဒ် ၁၈ အနေဖြင့်ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ချက် အပိုဒ် ၁၈ အနေနဲ့ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်လွှဲပြောင်းရေးကိစ္စရပ်များအတွက် နှစ်ဦးသဘောတူကတိစာချုပ်ကို ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ရှေ့မှောက်တွင်ချုပ်ဆို၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် ကတိစာချုပ်ကို မှချမှတ်ပုံတင်စေပြီး၊ လယ်ယာမြေတန်ဖိုးကို ဒေသန္တာရအခြေအနေကာလပေါက်ဈေးတို့နှင့်အညီဖြစ်စေရန် ဤဥပဒေပုဒ်မ ၂၀ ပါ၊ ပုဒ်မ ၁၁ ပါ သင့်လျော်မည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို လိုအပ်မည့်နည်းဥပဒေပြဋ္ဌာန်း၍ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်လို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ကတော့ အပိုဒ် ၁၈ စတုတ္ထစာကြောင်းမှာပါရှိတဲ့ အသုံးချခွင့်ဖြစ်ပါတယ်။ အပိုဒ် ၁၈ ရဲ့ အခန်း (၇) မှာပါရှိတဲ့ အပိုဒ် ၁၈ ရဲ့ မူလဥပဒေဖော်ပြချက် ဤဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် ထိုလယ်ယာမြေအသုံးချခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်ဟုဖော်ပြထားပါသည်။ ဒီမှာပါရှိတဲ့ အသုံးချခွင့်ဆိုတဲ့စကားရပ်ကို လုပ်ပိုင်ခွင့်စကားရပ်လို့ ပြင်ဆင်ပြီးတော့ မူလအပိုဒ် ၁၈ က အပိုဒ် ၁၉ အဖြစ် ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်

ပြင်ဆင်ချက်အပိုဒ် ၁၉ အနေနဲ့ ဤဥပဒေပုဒ်မ၊ ဤဥပဒေအပိုဒ် ၇ နှင့် အပိုဒ် ၉ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီး ဌာနက ဤကိစ္စအလို့ငှာခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် ထိုလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်လို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအပိုဒ်အနေနဲ့ အပိုဒ် ၁၉ ရဲ့ ပထမစာမျက်နှာမှာပါရှိတဲ့ အသုံးချ ခွင့်ဆိုတဲ့ စကားရပ်ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ မူလအပိုဒ် ၁၉ မှာ ဤဥပဒေအရ မြေယာအသုံးချခွင့် ရရှိသူသည် ဝန်ကြီးဌာနကစည်းကြပ်သည့်အခွန်အခများကို ပေးဆောင်ရန်ပျက်ကွက်လျှင်တည်ဆဲဥပဒေ များနှင့်အညီ ထိုအခွန်အခများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ တောင်းခံနိုင်သည်လို့ ပါရှိပါတယ်။ မူလဥပဒေကြမ်း အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ်ပြင်ဆင်ပြီးတော့ ပါရှိတဲ့အသုံးချခွင့်ဆိုတဲ့ စကားရပ်ကို လုပ်ပိုင်ခွင့်ဟူတဲ့စကားရပ်နှင့် ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖြည့်စွက်တဲ့ အပိုဒ် ၂၀ သည် ဤဥပဒေအရ မြေယာလုပ်ပိုင်ခွင့်ရရှိသူသည် ဝန်ကြီးဌာနကစည်းကြပ်သည့် အခွန်အခ များကိုပေးဆောင်ရန်ပျက်ကွက်လျှင် တည်ဆဲဥပဒေများနှင့်အညီ ထိုအခွန်အခများကို မြေခွန်မပြေကျန် ငွေဖြစ်မည်သကဲ့သို့ တောင်းခံနိုင်သည်လို့ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးတင်သွင်းသွားတဲ့ ပြင်ဆင်ဖြည့်စွက်တဲ့အဆိုများကို ထောက်ခံကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ) အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ နှင့်အပိုဒ်ခွဲ(ဃ) (င)၊ အခန်း ၄ ခေါင်းစဉ်၊ အပိုဒ်ခွဲ ၇၊ အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈ ၊အပိုဒ် ၁၀ ၊

အပိုဒ် ၁၃ အပိုဒ်ခွဲ (က) (ဂ) (ဃ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့တွင် ပါဝင်သည့် အသုံးချခွင့် ဟူသောစကားရပ်ကို လုပ်ပိုင်ခွင့်ဟူသောစကားရပ်ဖြင့် ပြင်ဆင်ရန်ဖြစ်သည်။ ဒီတင်ပြချက်နဲ့ပတ်သက်လို့ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒွိဟဖြစ်စရာရှိနိုင်တဲ့အတွက် ဒီအခြေအနေလေးကို နည်းနည်းလေးရှင်းလင်းတင်ပြပါမယ်။ လယ်ယာမြေနဲ့ပတ်သက်လို့ အသုံးချခွင့်၊ လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်ဆိုပြီးတော့မှသုံးခုရှိပါတယ်။ ဒီနေရာမှာတစ်ခုနဲ့တစ်ခု သာမန်အရတူနိုင်တယ်လို့ထင်ပေမယ့် တစ်ကယ်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အချိန်မှာမတူကြပါဘူး။ လုပ်ပိုင်ခွင့်ဆိုတဲ့ကိစ္စကတော့ သေသေချာချာ လယ်မြေမှာဆိုရင်လည်း ဦးပိုင်ပေါက်ပြီးတော့မှ ဦးပိုင်နံပါတ်ထွက်ပြီးတဲ့အချိန်မှာ ဆောင်ရွက်နေတဲ့အခြေအနေမျိုးကိုဆိုလိုတာဖြစ်ပါတယ်။ အလားတူပဲ နှစ်ရှည်သီးနှံစိုက်ပျိုးတဲ့နေရာမှာလည်း နှစ်ရှည်သီးနှံစိုက်ပျိုးခွင့်တကယ်ရတဲ့ ကိစ္စမျိုးကိုဆိုလိုတာဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ဆိုတာကတော့ ပထမဆုံးလယ်မြေကို လုပ်ကိုင်ဖို့လျှောက်ထားတဲ့အချိန်မှာ သူ့ကိုခွင့်ပြုပြီးတော့မှ တစ်ကယ်လုပ်တော့မှ လုပ်ပိုင်ခွင့်ဆိုတာရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေ့ပြင်ဆင်မယ်ဆိုတဲ့ အဓိကအချက်ကလည်းပဲ တောင်သူလယ်သမားတွေ လုပ်ပိုင်ခွင့်ရထားတဲ့ကိစ္စပေါ်မှာ အလေးထားပြီး ဆွေးနွေးတာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ဖို့ အတည်ပြုတင်ပြထားတဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးတင်ပြတဲ့ လုပ်ကိုင်ခွင့်အားလုံးကို လုပ်ပိုင်ခွင့်အဖြစ် ပြောင်းလဲတယ်ဆိုတဲ့တင်ပြချက်နဲ့ပတ်သက်လို့ ကျွန်တော့် အနေနဲ့ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သို့ဖြစ်၍ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)၊ အခန်း (၂)၊ ခေါင်းစဉ် အပိုဒ် ၃၊ အခန်း ၃၊ ခေါင်းစဉ် အခန်း (၄) နှင့် အပိုဒ်ခွဲ (ဃ)၊ (င)၊အခန်း (၄) ခေါင်းစဉ် အပိုဒ်ခွဲ ၇ နှင့် အပိုဒ်ခွဲ (ဃ)၊ အပိုဒ် (၈)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (က)၊(ဂ)၊(ဃ)၊ အပိုဒ်ခွဲ ၁၇၊ အပိုဒ် ၁၈၊အပိုဒ် ၁၉ တို့တွင်ပါဝင်သော အသုံးချခွင့်ဟူသည့် စကားရပ်ကို လုပ်ပိုင်ခွင့်ဟူသည့် စကားရပ်ဖြင့် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)၊ စကားရပ်တစ်ချို့ ပြင်ဆင်လိုကြောင်း သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက ပြင်ဆင်ချက်တင်ပြထားပါတယ်။ ဦးရဲထွန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းဖြစ်ပါတယ်။ ဟင်္သာတမြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းထားတဲ့ မြေယာဥပဒေမူကြမ်းကို ကျွန်တော့်အနေနဲ့ မဆွေးနွေးခင်ကြိုတင်ပြီးတော့ ဒီဥပဒေကြမ်းတစ်ခုလုံးအပေါ်မှာထားတဲ့ ကျွန်တော်သဘောထားကို အနည်းငယ်တင်ပြလိုပါတယ်။ ဦးဌေးဦးရဲ့ မြေယာဥပဒေကြမ်းမှာ ရည်ရွယ်ချက်ကို ဖော်ပြထားတာမတွေ့ရပေမယ့် တစ်ခုလုံးဖတ်ပြီးတဲ့ အခါမှာ ကျွန်တော် သဘောပေါက်လာတာက နံပါတ်တစ်အနေနဲ့ တောင်သူလယ်သမားတွေဟာ မိမိလုပ်ပိုင်ခွင့် သို့မဟုတ် အသုံးချခွင့်ရထားတဲ့မြေယာကို ပေါင်နှံခြင်းအားဖြင့် မိမိတို့လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်စတာတွေကို အတိုးနှုန်းသက်သက်သာသာနဲ့ တရားဝင်ရှာဖွေခွင့်ရလာနိုင်ခြင်း၊ နံပါတ်နှစ်အနေနဲ့ မြေယာလုပ်ငန်းမှာ ကိုယ်တိုင်ကာယအားဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်ကြီးကြပ် ငွေကြေးစိုက်ထုတ်မှုပြုခြင်းအားဖြင့်သော်လည်းကောင်း၊ မလုပ်ကိုင်တဲ့ တောင်သူလယ်သမားမဟုတ်သူများကို မြေယာအသုံးချခွင့်ပေးမထားခြင်းကြောင့် မြေရှင်စနစ်ပြန်လည်ခေါင်းထောင်ထမလာအောင် ကာကွယ်မှုပေးထားခြင်း၊ နံပါတ်သုံးအနေနဲ့ မိမိအသုံးချခွင့်ရထားတဲ့မြေယာကို အလွယ်တကူနှစ်ဦးသဘောတူ တရားဝင်လွှဲပြောင်းပေးနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာဖြစ်တဲ့အတွက် မြန်မာ့မြေယာလုပ်ငန်းကို အထူးကျေးဇူးပြုမယ့် ဥပဒေတစ်ရပ်ဖြစ်လာမှာဖြစ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ သဘောပေါက်နားလည်မိတဲ့အတွက် လှိုက်လှိုက်လှဲလှဲထောက်ခံ ကြောင်းတင်ပြလိုပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းပါ ရည်ရွယ်ချက်နဲ့ ကောင်းမွန်တဲ့သဘောထားများကို ပိုမိုကောင်းမွန်ပီပြင်လာစေရေး အတွက် ကျွန်တော့်အနေနဲ့ အပြုသဘောဆွေးနွေးတင်ပြရင်း ကောင်းသထက်ကောင်းအောင် အချို့ အချက်အလက်များ ပုဒ်မများကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအပိုဒ် ပြင်ဆင်ချက်တင်သွင်းတဲ့ အခါမှာလည်း ဘာကြောင့်ဒီလိုပြင်ဆင်ဖို့ အကြံပြုရတယ်ဆိုတာရှင်းလင်းပြောပြသွားမှာဖြစ်ပါတယ်။ အခုပထမ ကျွန်တော်ပြင်ဆင်မယ့် အဆိုတင်သွင်းချက်ကတော့ မူလပြဋ္ဌာန်းချက်မှာ လယ်ယာမြေအသုံးချခွင့်

ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်ပြုခြင်းကိုဆိုသည်။

သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့်ဓာတ်ငွေ့စသည့် သဘာဝသယံဇာတများထုတ်ယူအသုံးချခွင့်မပါဝင်ချေဆိုတဲ့အပိုဒ်ကို ကျွန်တော့်အနေနဲ့ လယ်ယာမြေစိုက်ပျိုးဆိုတဲ့နောက်မှာ မွေးမြူဆိုတဲ့စကားလုံးကို ဖြည့်စွက်ထားခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုဘာ့ကြောင့် စိုက်ပျိုးကိုမွေးမြူဆိုတဲ့စကားလုံးကို ထည့်သွင်းဖို့အကြံပြုရတာလဲ၊ အဆိုပြုရတာလဲဆိုရင် မူလဒီဥပဒေမူကြမ်းမှာ တောင်သူလယ်သမားဆိုတဲ့ လုပ်ပိုင်ခွင့်ရရှိမယ့်၊ လုပ်ပိုင်ခွင့်ပေးရမယ့် တောင်သူလယ်သမားကို ကျွန်တော်တို့ အဓိပ္ပာယ်ဖော်ပြချက်မှာ မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်စဉ်တစ်လျှောက်လုံး ကြီးကြပ်၊ ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူစသည်ဖြင့် ဒီလိုအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် ကျွန်တော်တို့ လယ်ယာမြေအသုံးချခွင့်ကိုပေးတဲ့အခါမှာလည်း စိုက်ပျိုးရေးအတွက်သာမက မွေးမြူရေးအတွက်ပါ အကျုံးဝင်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ စိုက်ပျိုးမွေးမြူဆိုတဲ့စကားလုံးကို ထည့်သွင်းအသုံးပြုခြင်းက ပိုမိုပြီးတော့ အဓိပ္ပာယ်ပြည့်စုံလိမ့်မယ်လို့ယူဆတဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်လူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ ကျွန်တော်က လဲချားမဲဆန္ဒနယ်က ဦးစိုင်းမောင်တင်ဖြစ်ပါတယ်။ ဦးရဲထွန်းတင်ပြသွားတဲ့ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာအပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင် လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်ဆိုသည့် စကားရပ်အစား လယ်ယာမြေကို စိုက်ပျိုးမွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ဆိုသည့် အစားရပ်အစား

စိုက်ပျိုးမွေးမြူလုပ်ကိုင်အသုံးချခွင့်ပြုရေးဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးရန်ဖြစ်သည်။ ဦးဌေးဦး၏ သဘောထားကို သိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်းက ဥပဒေတစ်ရပ်လုံးအပေါ် ခြုံပြီးတော့ မှ ထောက်ခံတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာ တင်ပြလိုပါတယ်။ ဦးရဲထွန်းအနေနဲ့ အပိုဒ် ၂(ခ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်သည် လယ်ယာမြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးမွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးမွေးမြူလုပ်ကိုင် အသုံးချခွင့်ပြုခြင်းကို ဆိုလိုသည်ဟု သူကနေပြင်ဆင်ထားတာဖြစ်ပါတယ်။ မူလမှာကတော့ ကျွန်တော်တို့ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပဲ ပါတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီနေ့လက်ရှိပြင်ဆင်ဖို့ တင်ပြနေတဲ့ဥပဒေဟာ လယ်ယာမြေမှာ ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွေအတွက် လုပ်ပိုင်ခွင့်ကို အငှားချထားတာတွေ၊ ပေါင်နှံတာတွေ၊ အမွေဆက်ခံတာတွေ၊ အပြီးအပိုင်လွှဲပြောင်းခြင်းတို့ရရှိစေဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဦးရဲထွန်း ခုနကတင်ပြသွားတဲ့အထဲမှာ တောင်သူလယ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စိုက်ပျိုးသူသာမက မွေးမြူသူများဆိုတာပါ ပါတယ်ဆိုတာမှန်ပါတယ်။ သို့သော်လည်းပဲ မွေးမြူရေးအတွက် မြေအသုံးချခွင့်တင်ပြတဲ့အချိန်မှာ စိုက်ပျိုးရေးမွေးမြူခွင့်တင်ပြတဲ့ သဘောချင်းမတူပါဘူး။ မွေးမြူရေးတင်ပြတဲ့ဥစ္စာက အာဏာပိုင်အဖွဲ့အစည်းကနေပြီးတော့မှ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်းဆိုတဲ့အပိုဒ်မှာ သူတို့ကအကျုံးဝင်တာဖြစ်ပါတယ်။ ဒါ့ကြောင့် မွေးမြူရေးလုပ်ငန်းလုပ်တဲ့ မြေတွေဟာ စိုက်ပျိုးမြေဖြစ်သော်လည်းပဲ နဂိုတည်းက ပေါင်နှံတာတွေ၊ ရောင်းချတာတွေ၊ လွှဲပြောင်းတာတွေ ဒီအခွင့်အရေးတွေကို သူတို့ကရရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မွေးမြူရေးဥစ္စာကိုဖယ်ထားပြီးမှ လက်ရှိဥပဒေမှာ တကယ်တမ်းလုပ်ရမယ့် စိုက်ပျိုးမြေကိုပဲ ကျွန်တော့်အနေနဲ့ ဦးစားပေးတင်ပြထားခြင်းဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒါ့ကြောင့် မူလတင်ပြထားတဲ့စာသား ဆိုလို့ရှိရင်လည်း စာသားအတိုင်းထားမယ်ဆိုရင်လည်းပဲ ဒါပိုပြီးတော့မှသင့်တော်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးရဲထွန်းရဲ့ သဘောထားသိလိုပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဟသ်ာတမဲဆန္ဒနယ်က ဦးဌေးဦး တင်ပြထားချက်ဟာ ကျွန်တော်တို့ လက်ရှိလုပ်ကိုင်တဲ့အခါမှာလည်း မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်မြေပြန်လျှောက်ရတာမှန်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဌေးဦး ပြန်လည်ရှင်းပြချက်ကို လက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် မဲခွဲဆုံးဖြတ်စရာ မလိုပါဘူး။ ဒီမှာလည်း သက်ဆိုင်ရာ ပြည်ထောင်စုကိုယ်စားလှယ်များလည်း ဒီခန်းမထဲမှာရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၀ မှာ ဖော်ပြထားတာရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သောဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄၀ မှာပါတဲ့အတွက် အချို့ကိစ္စများမှာလိုအပ်လို့ရှိရင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကလည်း ဝင်ရောက်ဆွေးနွေးခွင့်ရှိပါတယ်။

အခုလည်း ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ပုဂ္ဂိုလ်က ပြန်လည်ရုပ်သိမ်းသွားတဲ့အတွက် မဲခွဲစရာမလိုဘူး။ အကယ်လို့ သူဘက်ကဆက်ပြီးတော့ ဒီအဆိုကို ဒီအတိုင်းပဲရှိပါတယ်လို့ ပြောလို့ရှိရင်လည်း မိမိရည်မှန်းထားတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း မေးမြန်းဖို့စီစဉ်ထားတာရှိပါတယ်။ သို့ရာတွင် အခုကတော့ ရှင်းသွားပြီဖြစ်တဲ့အတွက် မမေးတော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)သည် မူလ ပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှ အပိုဒ် ၃၊ အပိုဒ်ခွဲ(က)အထိ ထပ်မံပြင်ဆင်ချက်မရှိပါ။ ဒါ့ကြောင့် တင်ပြပါအပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)အတွက်ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် မူဆယ်မဲဆန္ဒနယ်က ဦးစိုင်းဘိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦးတင်ထားတဲ့ လယ်ယာမြေဥပဒေကြမ်းရဲ့ အခန်း (၂)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)ပါ လက်ငုတ်လုပ်ကိုင်သူများ ဖြစ်ရမည်ဆိုတဲ့စကားရပ်ကို တစ်ဆက်တစ်စပ်တည်း အနည်းဆုံးငါးနှစ် တရားဝင်လက်ငုတ်အမှန်လုပ်ကိုင်သူဖြစ်ရမယ်ဆိုတဲ့ စကားရပ်နဲ့ပြင်ဆင်ဖြည့်စွက် လိုပါ တယ်။ ဘာ့ကြောင့်လည်းဆိုတော့ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ မြေခွန်ငါးနှစ်ဆက်တိုက်ပေး ဆောင်ထားတဲ့ လက်ငုတ်လုပ်ကိုင်တဲ့သူကသာလျှင် ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာမှာ မြေစာရင်းပုံစံ ၁၀၃ ရယူပြီးတော့ မြေဦးပိုင်လျှောက်ထားခွင့်ရှိတာကို သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတိကျတဲ့စကားရပ်နဲ့ ဖြည့်စွက်မှသာလျှင် လက်ရှိကာလမှာ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲနဲ့ အကြောင်းအမျိုးမျိုးဖြင့် မြေယာ လက်ရောက်ရရှိထားသူများရဲ့ မြေယာသိမ်းယူမှုရန်ကနေပြီးတော့ တောင်သူလယ်သမားများအကာ အကွယ်ရနိုင်မယ်လို့ ထင်မြင်ယူဆပါတယ်။ သာဓကပြရမယ်ဆိုရင် မျက်မှောက်ကာလမှာ တစ်နည်း နည်းနဲ့ မြေယာလက်ရောက်ထားရှိသူများဟာ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲနဲ့ ၎င်းတို့ရဲ့လက်တွင်းသို့ ၃ နှစ် အဲဒီ မြေယာလုပ်ပိုင်ခွင့်ရရှိသွားပြီဆိုလျှင် အဲဒီလယ်မြေယာကို ၎င်းတို့ပိုင်ဆိုင်ပြီဆိုပြီးတော့ မြေယာ လုပ်ပိုင်ခွင့်အငြင်းပွားတဲ့ မြေယာမှုခင်းတွေများစွာပေါ်ပေါက်နေတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် ပြင်ဆင်ဖြည့်စွက်သွားတဲ့အချက်ကို ကျွန်တော် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ထိုအိမ်ထောင်စုအကြီးအကဲ သို့မဟုတ် ထို အိမ်ထောင်စုသားတွင် ပါဝင်သူတစ်ဦးသည် ဤဥပဒေပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာ ဥပဒေများနှင့်အညီ တရားဝင်လက်ငုတ်လုပ်ကိုင်နေသူဖြစ်ရမည်ဟူသောစာပိုဒ်ကို ထိုအိမ်ထောင်စု

အကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်စုသားတွင် ပါဝင်သူတစ်ဦးသည် ဒီဥပဒေပြဋ္ဌာန်း အတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တစ်ဆက်တစ်စပ်တည်း အနည်းဆုံးငါးနှစ် တရားဝင်လက်ငုတ်အမှန် လုပ်ကိုင်နေသူ ဖြစ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်ရန်ဖြစ်သည်။ ဤအဆိုနှင့်ပတ်သက်လို့ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ တင်ပြချက်နဲ့ပတ်သက်လို့ လယ်ယာမြေအသုံးချခွင့်ပြုရေးအပိုဒ်(၃)၊ အပိုဒ်ခွဲ(ခ) မှာပါတဲ့ အိမ်ထောင်စုအကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်စုသားတွင် ပါဝင်သူတစ်ဦးသည် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီ၊ ဒါလေးသတိပြုဖို့လိုပါတယ်။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ တည်ဆဲမြေယာ ဥပဒေများနှင့်အညီ ဒါနဲ့ပတ်သက်လို့ ဦးစိုင်းဘိုးအောင်သည် ဒါကိုငြင်းဆိုသွားတာ မဟုတ်ပါဘူး။ သို့သော်လည်းပဲ တည်ဆဲမြေယာဥပဒေများ၊ မပြုမီတည်ဆဲမြေယာဥပဒေများဆိုတာ ဒီတစ်ချက်တင် မကပါဘူးအများကြီးရှိပါတယ်။ ဒါ့ကြောင့် ဒီအချက်ကို ထောက်ပြနေမယ့်အစား ဒီဥပဒေပြဋ္ဌာန်းခြင်းမပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီလို့ ထားတာကပိုပြီးတော့မှ ပြည့်စုံမယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဘိုးအောင် သဘောထားသိလိုပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော် ရှင်းလင်း ဆွေးနွေးသွားသလိုပါပဲ။ အဲဒီမြေယာမှုခင်းတွေ များစွာပေါ်ပေါက်ခဲ့ရတဲ့ကိစ္စတွေ ရှိခဲ့ဖူးတဲ့အတွက် ကြောင့်တိတိကျကျ သတ်မှတ်ပေးတာကပိုပြီးတော့ ကောင်းလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ လက်ငုတ်လုပ်ကိုင်သူဖြစ်ရမည်ဆိုတဲ့ နေရာမှာ တိတိကျကျသတ်မှတ်ပေးဖို့အတွက် လိုအပ်မယ်လို့ ယူဆတဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး သဘောထားမှတ်ချက်ပေးလိုက ပေးနိုင်ပါ တယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အနေဖြင့် ဒီဥပဒေကို တင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဋ္ဌေးဦး ရှင်းလင်းတင်ပြသွားတဲ့ ဥပဒေ အပိုဒ် ၃(ခ)ပါ ထိုအိမ်ထောင်စုအကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးသည် ဤဥပဒေပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လုပ်ကိုင်နေသူဖြစ်ရမည် ဆိုတဲ့ ဒီပြဋ္ဌာန်းချက်ဟာ ပြီးပြည့်စုံနေတဲ့ အသုံးအနှုန်းများဖြစ်ကြောင်းတွေ့ရှိရပါတယ်။ တည်ဆဲမြေယာဥပဒေများနှင့်အညီလို့ ဖော်ပြပါရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေကို ကျော်လွန်ပြီးတော့မှ ထပ်မံ၍ တစ်စုံတစ်ရာဖြည့်စွက်ရန် မလိုအပ်ဘူးလို့ သုံးသပ်ရရှိပါတယ်။ သို့အတွက်ကြောင့် ဦးဋ္ဌေးဦး တင်ပြသွားခဲ့တဲ့ မူလဖော်ပြထားတဲ့အပိုဒ် ၃(ခ)ပါအချက်ကိုပဲ ကျွန်တော်အနေနဲ့ ထောက်ခံလိုပါကြောင်းတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဋ္ဌေးဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များမတ်တတ်ရပ်ပေးကြပါ။ ကဲရှင်းပါတယ်။ ထောက်ခံမဲ ၃၅၃ မဲ၊ ကန့်ကွက်မဲ ၁၅ မဲ၊ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။ အဲဒီတော့ အမြင်ပါဘဲ ဦးဋ္ဌေးဦးရဲ့ဘက်ကအနိုင်ရရှိပါတယ်။ ထိုင်နိုင်ပါပြီ။ ပြောင်းပြန်ပေါ့၊ ဦးဋ္ဌေးဦး မူလပြုစုတင်ပြထားတဲ့ ကန့်ကွက်တဲ့သူရှိရင်မတ်တတ်ရပ်ပေးပါ။ ကန့်ကွက် ၁၅ ယောက်။ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေရှိရင် မတ်တတ်ရပ်ပေးပါ။ ၉ ယောက် အဲဒီတော့ကြားနေနဲ့ ခုနက ကန့်ကွက်နဲ့ပေါင်းလိုက်၊ မူလရှိရင်းထဲက အဲဒါနှုတ်လိုက်၊ ကျန်တာထောက်ခံဖြစ်မယ်။ ဒါ့ကြောင့်မို့လို့ ဒီမှာ အချိန်အတွက် ကိန်းဂဏန်းကိုမကြေညာတော့ဘဲနဲ့ ကန့်ကွက်တဲ့၊ ကန့်ကွက်တယ်ဆိုတာက ဦးစိုင်းဘိုးအောင်ရဲ့ ပြင်ဆင်ချက်အဆိုကို ကန့်ကွက်တာ၊ ကန့်ကွက်တဲ့အဆို အတည်မဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ)၊(ဃ)အတွက် ပြင်ဆင်ချက် မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ယခုအဆိုမှာ အပိုဒ်(၃) အပိုဒ်ခွဲ(က)မှ(ဃ)အထိ ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်။ အပိုဒ်ခွဲ(င)အတွက်ပြန်ဖတ်ပါမယ်။ အဆိုမှာ အပိုဒ်(၃) အပိုဒ်ခွဲ(က)မှ ဒီမှာပြန်ဖျက်ရမယ်။

(ဃ)တစ်ခုပဲရှိတယ်။ ကောင်းပြီ။ ဒါဖြင့် ကျွန်တော်တို့မူလပြဋ္ဌာန်းချက်မှာ (က)ကနေ (ဃ)အထိရှိပါတယ်။ ဒါပြင်ဆင်ချက်ရဲ့ အစိတ်အပိုင်းဖြစ်တယ်။ နောက်တစ်ခုကျတဲ့အခါ အပိုဒ်ခွဲ(င) ဇယားထဲမှာလည်း ပါပါတယ်။ အပိုဒ်ခွဲ(င) ပြင်ဆင်ချက် (င)အတွက် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း အဆိုတင်သွင်းရန်ဖြစ်ပါတယ်။ သီးခြားအပိုဒ် ထပ်ဖြည့်ခြင်း ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးဌေးဦးတင်ပြထားတဲ့ လယ်ယာမြေ ဥပဒေကြမ်းမှာ လယ်ယာမြေကို အသုံးချခွင့်ပြုခြင်းဆိုတဲ့ အပိုဒ် ၃ မှာ ကျွန်တော်တို့ ဒီကိုယ်တိုင် နောက်ထပ်လယ်ယာမြေကို အသစ်ဖော်ထုတ်လုပ်ကိုင်တဲ့သူအတွက် စည်းကမ်းချက် သတ်မှတ် ဖော်ပြထားတာမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ အပိုဒ် ၃ မှာ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)အဖြစ်နဲ့ ကျွန်တော်တို့ ဒီစည်းကမ်းချက်တစ်ခုကို ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အဲဒီမှာ ဤဥပဒေပြဋ္ဌာန်းအတည်ပြုပြီးနောက် မြေလွတ်မြေရိုင်းကို ကိုယ်တိုင်ခုတ်ထွင် လုပ်ကိုင်စိုက်ပျိုးမွေးမြူ၍ သက်ဆိုင်ရာအစိုးရဌာနတွင် သီးနှံခွန် နှစ်နှစ်ဆက်တိုက် ထမ်းဆောင်သူဆိုတဲ့စကားရပ်ကို ကျွန်တော်အဆိုပြုထားတာဖြစ်ပေမယ့် လက်တွေ့မှာ ကိုယ်တိုင်လယ်ယာမြေတွေကို အသစ်ဖော်ထုတ်ပြီးတော့ အစိုးရဌာနများမှာ တရားဝင်အခွန်အခဆောင်ဖို့ အတွက်ကိုပင်လျှင် အခက်အခဲအများကြီးရှိနေတယ်လို့သိရပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ရဲ့ မူလအဆို ပြုချက်ကို ရုပ်သိမ်းပြီး ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်ကတင်ပြတဲ့ ကိုယ်တိုင်လယ်ယာမြေများကို အသစ်ဖော်ထုတ်လုပ်ကိုင်သူဆိုတဲ့ဟာကို ကျွန်တော်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်က ဦးစိုင်းသီဟကျော် ပြင်ဆင်မည့် ပြဋ္ဌာန်းချက်သည် အပိုဒ် ၃(င) ဖြစ်တယ်ဆိုရင် စိုင်းသီဟကျော်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ) စိုင်းဟတ် ဖြစ်ပါ တယ်။ ဦးဌေးဦးတင်သွင်းသွားတဲ့ လယ်ယာမြေဥပဒေမူကြမ်း အခန်း(၂)၊ အပိုဒ် ၃ မှာ ဖော်ပြထားတဲ့ အဲဒါတွေက (က)၊ (ခ)၊ (ဂ)၊ (ဃ)ဆိုပြီး ဖော်ပြထားတဲ့နေရာမှာ လယ်ယာမြေကို လုပ်ပိုင်ခွင့်ရတဲ့ဟာက

လယ်သမားမိသားစုကနေ ဆင်းသက်လာတဲ့လူ၊ ဆက်နွယ်နေတဲ့လူ၊ သက်ဆိုင်နေတဲ့လူတွေကပဲ လုပ်ပိုင်ခွင့်ရှိတဲ့သဘောတွေ့ရပါတယ်။ အဲတော့ အခု ကျွန်တော့်အနေနဲ့ ယူဆရတာကတော့ လယ်ယာမြေများကိုလည်း အသစ်ဖော်ထုတ်လုပ်ကိုင်နေသူများ ပေါ်လာနိုင်ပါတယ်။ အဲလူတွေက လယ်သမားမိသားစုကလည်းဖြစ်ချင်လည်းဖြစ်မယ် နောက်လယ်လုပ်ဖူးတဲ့သူ၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ဖူးတဲ့လူမဟုတ်တဲ့လူကလည်း လယ်ယာမြေဘက်ကို စိတ်ဝင်စားပြီးလုပ်ကိုင်တဲ့ လုပ်ကိုင်ချင်တဲ့ဆန္ဒရှိလို့ပဲဖြစ်ဖြစ် လယ်ယာမြေများကို အသစ်ဖော်ထုတ်လုပ်ကိုင်နေသူများလည်း ရှိနိုင်ပါတယ်။ အဲလိုအယူအဆရှိတဲ့ အတွက်ကြောင့်မို့ ကျွန်တော့်အနေနဲ့ အဲဒီအခန်း(၂)၊ အပိုဒ် ၃ မှာ ထပ်မံပြီးတော့ အပိုဒ်ခွဲ(င)အဖြစ် ထပ်မံဖြည့်စွက်လိုပါတယ်။ ဖြည့်စွက်လိုတဲ့စာသားကကျတော့ ကိုယ်တိုင်လယ်ယာမြေများကို အသစ်ဖော်ထုတ်လုပ်ကိုင်သူဆိုပြီးတော့ ထပ်မံဖြည့်စွက်လိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ထောက်ခံမယ့်သူ သီးခြားမမေးတော့ပါဘူး။ ဦးရဲထွန်း ခုနက ထောက်ခံထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဆိုနဲ့ပတ်သက်ပြီး ဦးဌေးဦးက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ သီပေါမဲဆန္ဒနယ်က ဦးရဲထွန်း(ခ) ဦးမင်းထွန်း၊ မိုင်းရယ်မဲဆန္ဒနယ်က ဦးစိုင်းသီဟကျော်တို့ မေးတဲ့မေးခွန်းနဲ့ပတ်သက်လို့ သူတို့ရဲ့စေတနာကို ကျွန်တော်နားလည်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေဟာ မြေယာဥပဒေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြေယာတွေနဲ့ပတ်သက်လို့ ဥပဒေတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ မြေလွတ်မြေရိုင်းများနဲ့ ပတ်သက်လို့ သီးခြားလုပ်ထုံးလုပ်နည်းတွေ ရှိပါတယ်။ အခု ဦးရဲထွန်းတို့၊ ဦးစိုင်းသီဟကျော်တို့ တင်ပြတဲ့မြေဟာ မြေလွတ်မြေရိုင်းကိုခုတ်ထွင်ရှင်းလင်းပြီးမှ လယ်ယာမြေအဖြစ်ကို ပြောင်းလာဖို့အတွက် ဒီလိုပြောင်းလာတယ်ဆိုလို့ရှိရင်လည်း ဒါတွေဟာအကျုံးဝင်ပါတယ်ဆိုတဲ့သဘောမျိုးနဲ့တင်ပြတာဖြစ်ပါတယ်။ သို့သော်လည်းပဲ မြေလွတ်မြေရိုင်းကော်မတီမှာ ဒီလိုလက်ငုပ်ပေါက်လာအောင်၊ လက်ငုပ်ရလာအောင် လုပ်ဆောင်ရမယ့်လုပ်ထုံးလုပ်နည်းတွေ ရှိပြီးသားဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုကော်မတီက သီးခြားထည့်သွင်းဆောင်ရွက်ရတဲ့ ကိစ္စတွေဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မြေယာဥပဒေမူကြမ်းမှာ ထည့်သွင်းထားခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မှာ ကျွန်တော်တို့ ထည့်မထားခြင်းဖြစ် ကြောင်းကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းသီဟကျော်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကသဘောပေါက်ထားတဲ့ အကြောင်းအရာကတော့ ဘာလည်းဆိုတော့ ဒီလယ်ယာမြေဆိုတဲ့အမည်နဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ထဲမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)မှာ လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့် အတိုင်းသုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်ယာကိုင်းကျွန်း နှစ်ရှည်ပင် စိုက်ပျိုးမြေတစ်နှစ် ဥယျာဥ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန် စိုက်ပျိုးသည့်ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများ လယ်ယာမြေပေါ်၌ ဥပဒေနှင့်အညီ ခွင့်ပြုထားသော မွေးမြူရေးလုပ်ကိုင်သည့်မြေများနှင့် ခွင့်ပြုမိန့် မရရှိဘဲ အဆောက်အအုံများဆောက်လုပ်ထားသည့် မြေများပါဝင်သည်။ ထိုစကားရပ်တွင် မြို့နယ်နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်ယာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်တဲ့ စိုက်ပျိုးရေး အတွက် အသုံးမပြုသောမြေများ မပါဝင်ချေဆိုတဲ့ လယ်ယာမြေနဲ့ ပတ်သက်တဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖွင့်ဆိုထားပါတယ်။ အဲတော့ ကျွန်တော်က ဘယ်လိုသဘောပေါက်ထားလည်းဆိုတော့ လယ်ယာမြေကို အသုံးချခွင့်ပြုခြင်းလို့ ခေါင်းစဥ်ကလုပ်ပိုင်ခွင့်ပြုခြင်းလို့ ဖော်ပြထားပါတယ်။ အဲဒီတော့ အဲ့ဒီလယ်ယာမြေဆိုတဲ့နေရာမှာ ကျွန်တော်တို့က စပါးစိုက်တယ်။ လယ်တစ်ခုတည်းကိုပဲ သွားပြီးတော့ ယူသလိုဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့ မြင်တာကတော့ ဒီလယ်အပြင်ပေါ့ ခုနက အဓိပ္ပါယ်ဖွင့်ဆိုထားတဲ့မြေတွေ အားလုံးအပါလို့ ကျွန်တော်သဘောရတဲ့ အတွက်ကြောင့်မို့လို့ အသစ်ဖော်ထုတ်လုပ်ကိုင်သူဆိုတာ ထည့်သွင်းသင့်ပါတယ်ဆိုတာ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ရဲ့ ဒီဖြည့်သွင်းလိုတဲ့အချက်ဟာ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကနေပြီးတော့မှ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအဖွဲ့ကို ပြုစုရေးဆွဲပြီးတော့မှတင်ပြထားတဲ့ဥပဒေမူကြမ်းထဲမှာ ကျွန်တော်တို့ ပြည့်စုံစွာပါရှိနေပြီးဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော်တို့

နိုင်ငံတော်အစိုးရအဖွဲ့ ကနေပြီးတော့မှ ကျွမ်းကျင်တဲ့ဥပဒေပညာရှင်များနဲ့ အဘက်ဘက်က နေပြီးတော့မှ စကားလုံး၊ စကားရပ်ကနေစပြီးတော့မှ အသေးစိတ်ယခုလိုပဲ ဒါကျွန်တော်တို့ မကြာခင်မှာပဲ ကျွန်တော်တို့ ဒီရေးဆွဲအတည်ပြုပြီးတဲ့အခါကျတော့ လွှတ်တော်အဆင့်ဆင့်ကို တင်ပြပြီးတော့မှ အတည်ပြုနိုင်ရေး အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာဆိုလို့ရှိရင်တော့ ဒီကိုယ်စားလှယ်တော်တင်ပြတဲ့ အချက်ကလည်းပဲ အလိုအလျောက် အကျုံးဝင်လာမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၊ ဒီဥပဒေ မူကြမ်းကိုရေးဆွဲတင်ပြတဲ့ ဦးဌေးဦးရဲ့ တင်ပြချက်မှာပါတဲ့ အချက်အလက်တွေကလည်းပဲ ပြည့်စုံပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မိမိအနေနဲ့ ဒီဦးစိုင်းသီဟကျော် ကျွန်တော်တို့တင်ပြခဲ့တဲ့ ကိုယ်တိုင်လယ်ယာမြေ များကို အသစ်ဖော်ထုတ် လုပ်ကိုင်သူဆိုတဲ့ ဒီစကားရပ်ကို ဥပဒေပုဒ်မကို ထပ်မံဖြည့်စွက်ရန်မလိုအပ်ပါ ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒါကြောင့် ဦးစိုင်းသီဟကျော် အဆိုပြုမှုကို ထောက်ခံတဲ့ ကိုယ်စားလှယ်များရှိရင် မတ်တတ်ရပ်ပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ပြောပြသွားပြီးတဲ့နောက် ထပ်မံပြီးတော့ရေးဆွဲမယ့် ဥပဒေတွေမှာလည်း ဒီကိစ္စ ထည့်သွင်းပါမယ်လို့ ပြောထားတဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းသွားတဲ့အပေါ်မှာ ကျွန်တော် နားလည်သဘောပေါက်ပြီး လက်ခံပါတယ်။ ဥက္ကဋ္ဌကြီး မဲခွဲစရာမလိုပါဘူးခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အပိုဒ် ၃ ၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၊ အပိုဒ်ခွဲ(က) အတွက် ပြင်ဆင်ချက် တင်ပြရန် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မူလဥပဒေကြမ်းရဲ့ အခန်း (၃)၊ အပိုဒ် ၄(က)မှာ အဆိုပါလယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့် ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကို ခံစားနိုင်ခွင့်လို့ ဖော်ပြထားရှိပါတယ်။ ဒီမှာပါရှိတဲ့ အသုံးချခွင့်

ဆိုတဲ့စကားရပ်ကို လုပ်ပိုင်ခွင့်လို့ ပြင်ဆင်တဲ့အတွက်ကြောင့် အပိုဒ် ၄(ဃ)မှာ အဆိုပါလယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်ခွင့် ယင်းသို့ လုပ်ပိုင်ခွင့်ရှိခြင်းမှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကို ခံစားနိုင်ခွင့်လို့ ပြင်ဆင်တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်လူအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုကိုထောက်ခံ ကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။အဆိုမှာ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ပါ လုပ်ကိုင်ခွင့်နှင့် လုပ်ကိုင်ခွင်၊ လုပ်နိုင်ခွင့် အမှားပြင်ပါမယ်။ အဆိုမှာ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ပါ လုပ်ကိုင်နိုင်ခွင့်ဟူသောစကားရပ်အစား လုပ်ပိုင်ခွင့် ဟူသောစကားရပ်ဖြင့်လည်းကောင်း၊ လုပ်ကိုင်ခြင်းမှဟူသောစကားရပ်အစား လုပ်ပိုင်ခွင့်ရှိခြင်းမှဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ပြင်ဆင်ချက်ကို အတည်ပြုကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အပိုဒ်များနှင့်ပတ်သက်ပြီးတော့ စုစုပေါင်းမူလပြင်ဆင်ပြဋ္ဌာန်းဖို့ တင်ပြထားတာ အမှတ်စဉ် ၆၀ အထိ ရှိခဲ့ပါတယ်။ ဒီကြားထဲမှာ တချို့ပြန်လည်ရုပ်သိမ်းသွားခဲ့တဲ့အတွက် အပိုဒ် အမှတ်စဉ် ၅၈ ရှိပါတယ်။ ယခုထိ ဆောင်ရွက်ပြီးတဲ့အမှတ်စဉ်ကတော့ ၇ ပဲရှိတဲ့အတွက် ဒီနေ့ ဆက်လက်လုပ်မယ် ဆိုလို့ရှိရင် ဒီဥပဒေကြမ်းအတည်ပြုချက်ပြီးနိုင်မယ့်အနေအထားမရှိပါဘူး။ ဒါကြောင့် ဒီနေ့လွှတ်တော် အစည်းအဝေးကို ဒီမှာရပ်နားပြီး နောက်တစ်ရက် လွှတ်တော်အစည်းအဝေးကို ၁၀း၀၀ နာရီမှာစတင်မှာ ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို နာရီအချိန်တွင် ရပ်နားပါသည်။ **]**